# အပိုင်း (၃)
# သခင်ခရစ်တော်နှင့်သူ၏အလုပ်(Christ and His Work)

## ကျွန်တော်တို့ကယ်တင်ရှင်၏နာမည်များ(The names of Our Savior)

ကျမ်းစာက သခင်ယေရှု၏အမည်များသည် အလွန်အရေးကြီးကြောင်း သင်ပေးပါသည်။ သီဩလောဂျီတွင် ထိုနာမည်များသည် အရေးကြီးလှသဖြင့် သီးသန့်အခန်းတခုဖြင့် ရေးသားလေ့ရှိပါသည်။

ဥပမာအနေနှင့် ယေရှုဆိုသောအမည်ကိုကြည့်ပါ၊ အလွန်အရေးကြီးသဖြင့် ခရစ်တော်မမွေးခင်ကပင် ဘုရားသခင်၏ကောင်းကင်တမန်က ယောသပ်ထံပေးထားသည်။ ထိုနာမည်၏အဓိပ္ပါယ်မှာ၊ ကောင်းကင်တမန်၏ဖွင့်ပြချက်မှကြည့်လျှင်၊ ဧဝံဂေလိတရားတခုလုံး၏ပုံစံငယ်ဖြစ်ပါသည်။ ထိုနာမည်၏အစိတ်အပိုင်းတခုစီတိုင်းသည် တရားဟောချက်ဖြစ်ပါသည်(မဿဲ ၁း၂၁)။ ထိုနာမည်အားဖြင့် လူအများ ကယ်တင်ခံကြရပါသည် (တမန် ၄း၁၂)။

ခရစ်တော်ဆိုသောအမည်ကလည်း ပြည့်စုံလွန်းလှသောအနှစ်သာရရှိသဖြင့် သခင်ယေရှုက ထိုနာမည်ကို ဝန်ခံချက်ပြုသူ ပေတရုအား ကောင်းချီးခံရသူဟု ကြေညာခဲ့ပါသည်။ ထို့အပြင် ထိုနာမည်ကိုသိနိုင်သည့် တခုတည်းသောနည်းလမ်းမှာ ဘုရားသခင်ကိုယ်တိုင်၏ဖွင့်ပြခြင်းသာဖြစ်သည်ဟု ဆက်ပြောပါသည်(မဿဲ ၁၆း၁၇)။ ထိုခရစ်တော်ဆိုသောနာမည်သည် အသင်းတော်၏မပြောင်းလဲနိုင်သောအခြေခံအုတ်မြစ်ဖြစ်ပါသည် (ငယ် ၁၈)။ ဒုတိယ မွေးဖွားခြင်းခံရပြီးကြောင်း သက်သေလဲဖြစ်ပါသည်(၁ယော ၅း၁)။ ထိုအမည်ကို ဝန်ခံချက်မပြုသောသူများကို ရှင်ယောဟန်ဩဝါဒစာပထမနှင့်ဒုတိယစောင်များက အန္တိခရစ်ဟုင့်၊ လိမ်ညာသူဟုင့်း ခေါ်ထားပါသည် (၁ယော ၂း၂၂၊ ၄း၃၊ ၂ယော ၇)။

သခင် ဆိုသောအမည်သည်လည်း ထို့အတူဖြစ်ပါသည်၊ ထိုနာမည်သည်ကြီးမြတ်လွန်းသဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ပြုပြင်ပေးမှုမပါလျှင် ယေရှုကို မည်သူကမျှ သခင်ဟု မခေါ်နိုင်ပါ (၁ကော ၁၂း၃)။ သခင်ဆိုသော အမည်အတွက် ထိုသို့ဖြစ်ခြင်းသည် ကျွန်တော်တို့ကယ်တင်ရှင်၏အခြားသောအမည်များအားလုံးအတွက်လည်း ထိုသို့ပင်ဖြစ်ပါသည်။

ယေရှု၏အမည်များသည် အရေးကြီးပါသည် အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့၏နာမည်များနှင့်မတူဘဲ၊ ထိုအမည်များက သူသည် မည်သို့သောသူဖြစ်သည်ဆိုသည့်အကြောင်းကို ပြောနေကြပါသည်။ ၎င်းတို့သည် ယေရှုခရစ်တော်အားဖြင့် ကျွန်တော်တို့ထံ ဖွင့်ပြနေသော ဘုရားသခင့်ဖွင့်ပြတော်မူချက်များ၏ အစိတ်အပိုင်းဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ဧဝံဂေလိတရားတော်၏ အရေးကြီးသောအစိတ်အပိုင်းများဖြစ်ကြသည်၊ ကယ်တင်ခြင်း၏ကောင်းသောသတင်းဖြစ်ပါသည်။ ထိုနာမည်များကိုသိခြင်း၊ ဝန်ခံခြင်းသည် ကယ်တင်ခြင်းဖြစ်ပါသည်။

ထို့အတွက်ကြောင့် ယေရှု၊ ဘုရားသခင်၊ သန့်ရှင်းသောဝိညာဉ်တော်တို့၏နာမည်များကို ကျမ်းစာတွင်အမြောက်အများ ပေးထားခြင်းဖြစ်သည်။ ကျမ်းစာထဲ၌ သခင်ယေရှု၏အမည်တို့ကို ရေတွက်ကြည့်လျှင် အနည်းဆုံး ၁၅၀ ခန့်တွေ့နိုင်ပါသည်။ ၎င်းတို့ကိုသိခြင်း၊ ၎င်းတို့၌ မည်သည့်အဓိပ္ပါယ်ရှိကြောင်းသိရခြင်းသည် အလွန်ကြီးမြတ်သော ကောင်းချီးမင်္ဂလာဖြစ်ပါသည်။

သို့သော် ထိုနာမည်များကို နုတ်တိုက် အခါခါ ရွတ်ဆိုယုံ၊ အဓိပ္ပါယ်မဲ့ရေရွတ်ယုံနှင့်တော့ ကောင်းချီးမင်္ဂလာများရောက်လာကြမည်မဟုတ်ပါ။ ထိုအမည်များကို သိခြင်း၊ ဘုရားသခင့်နှုတ်ကပတ်တော်မှနေ၍ ဘာကိုဆိုလိုကြောင်း သင်ယူခြင်းသာ အဓိကကျပါသည်။ ထိုအသိပညာဖြင့် ကျွန်တော်တို့၏ယုံကြည်ခြင်းသည် ခိုင်မာလာပါသည်။ ကျွန်တော်တို့မည်သူ့ကိုယုံကြည်ကြောင်း သိလာကြပါသည်၊ သခင်ယေရှုထံ၌ ကယ်တင်နိုင်သောတန်ခိုးရှိကြောင်း ပို၍စိတ်ချလာကြပါသည် (၂တိ ၁း၁၂)။ သူ၏နာမည်များကိုယုံကြည်ခြင်း ရှိရပါမည်၊ သူ၏နာမည်များက သူသည်အရာခပ်သိမ်း၏အရာခပ်သိမ်းဖြစ်ကြောင်း ကျွန်တော်တို့ကို ပြောပြနေပါသည်။ ထိုအသိပညာမရှိလျှင် ယုံကြည်ခြင်းသည် အလွန်အားနည်းနေပါမည်။

ထိုလိုအပ်ချက်ကို အထူးပြုသတိပေးနေရမည်ဖြစ်သည်။ တချို့ကတော့ ထိုနာမည်များကို ထပ်ခါတလဲလဲ ရွတ်နေခြင်းတွင် တန်ခိုးတမျိုးရှိသည်ဟု ပြောကြပါသည်။ ထိုသို့ယုံကြည်ရန် ကျမ်းစာအခြေခံမရှိပါ။ ခရစ်တော်၏နာမည်များမှ ထွက်လာသော ကယ်တင်သောတန်ခိုးသည် ယုံကြည်ခြင်းမှသာထွက်လာပါသည်။ ယုံကြည်ခြင်းဖြင့် ထိုနာမည်များ၏အဓိပ္ပါယ်များမှနေ၍ သူသည်မည်သူဖြစ်ကြောင်း၊ မည်သည်ကိုလုပ်ပေးကြောင်းတို့ကို သိရပါမည်။

သင် ယေရှု၏နာမည်များကို သိပါသလား? သူ၏နာမည်များဖြင့် သူ့ကို ရင်းနှီးစွာ သိပါသလား? ကယ်တင်နိုင်သူအဖြစ် သိပါသလား? သင် သူ၏နာမည်များကို ချစ်ပါသလား? ကမ္ဘာကြီးရှေ့၌ထိုနာမည်များကို ဝန်ခံရဲလောက်

အောင် လုံလောက်စွာချစ်ပါသလား? သင်ပြုပါသည်ဆိုလျှင်၊ သင်သည်လည်း ပေတရုကဲ့သို့ ကောင်းချီးခံရသူဖြစ်နေပါပြီ။

## ယေရှုဆိုသောနာမည်အကြောင်း(Th Name Jesus)

ယေရှုဆိုသောနာမည်သည် ကျွန်တော်တို့ကယ်တင်ရှင်၏နာမည်များထဲတွင် အထူးဖြစ်သောနာမည်ဖြစ်သည်။ သူ၏အမည်စစ်ဖြစ်သည်။ အခြားသောသူ၏နာမည်အများသည် သူ၏ဘွဲ့ဂုဏ်ထူးများကို ဖေါ်ပြသည့်အမည်များ ဖြစ်ကြပါသည်။ အထူးသဖြင့် ခရစ်တော်၊ သခင် စသည်အမည်များဖြစ်သည်။ သို့သော် ယေရှုဆိုသောအမည်မှာ သူ၏ခမည်းတော်ကိုယ်တိုင်က ပေးသောအမည်ဖြစ်သည်၊ ထိုအမည်ဖြင့် သူ့ကို ဘုရားသခင်၏မိသားစုထဲတွင် ခေါ်ပါသည်၊ အချစ်ခံရပါသည်။ ကျွန်တော်တို့သည် အခြားသောအမည်များထက် ထိုအမည်ဖြင့် သူ၏အကြောင်းကို ပြောဆိုကြသည်၊ သူထံသို့ စကားပြောကြပါသည်။

ယေရှုဆိုသောနာမည်၏အဓိပ္ပါယ်ကိုသိကြသောအခါ၊ ထိုနာမည်သည် မည်မျှအံ့ဩစရာကောင်းကြောင်း သဘောပေါက်လာကြပါသည်။ ဘုရားသခင့်မိသားစုထဲ၌ခေါ်သောထိုနာမည်၏အဓိပ္ပါယ်မှာ "ကယ်တင်ရှင်၊" (သို့) "ဂျေဟောဝါကကယ်တင်သည်"ဟူ၍ဖြစ်သည်။ တွေးကြည့်ပါ၊ သူ့ထံကျွန်တော်တို့ ထိုအမည်ဖြင့်စကားပြောတိုင်း၊ သူ့အကြောင်းကို ထိုအမည်ဖြင့် ပြောဆိုကြတိုင်း၊ သူသာလျှင် ကယ်တင်ရှင်၊ ဘုရားသခင်စေလွှတ်သောကယ်တင်ရှင်ဖြစ်သည်ဟု ပြောနေကြခြင်းဖြစ်ပါသည်။

ယေရှုဆိုသောနာမည်၏အဓိပ္ပါယ်ကို ကောင်းကင်တမန်ဂေဘရီအဲလ်က ဤသို့ဖွင့်ပြပါသည်၊ ယောသပ်ထံ ယေရှုမွေးဖွားမည်ဟု ကြေညာချိန်တွင် ပြောခဲ့ခြင်းဖြစ်သည်၊ "သင်သည် သူ့ကို ယေရှု အမည်ဖြင့်ခေါ်ရမည်၊ အဘယ်ကြောင့်ဆိုသော် သူသည် သူ့လူများကို သူတို့အပြစ်များမှနေ၍ ကယ်တင်မည်ဖြစ်သည်" (မဿဲ ၁း၂၁)။ ထို့ကြောင့် ထိုနာမည်တခုထဲ၌ပင် ပြည့်စုံကြွယ်ဝလှသောအဓိပ္ပါယ် ရှိနေပါသည်။

ယေရှုဆိုသောအမည်က ဂျေဟောဝါကို ရည်ညွှန်းနေသောကြောင့် ကောင်းကင်တမန်က ယေရှုဆိုသောအမည်နှင့်ပတ်သက်၍ ပြောပြနေသောအဓိပ္ပါယ်မှာ ကယ်တင်သောဂျေဟောဝါဟု ဆိုလိုခြင်းဖြစ်သည်။ သူမှလွဲ၍ မည်သူကမျှမကယ်တင်နိုင်ပါ။ ယေရှုဆိုသည်မှာ ဘုရားသခင်စေလွှတ်သောကယ်တင်ရှင်ဖြစ်သည်၊ ဘုရားသခင်ထံတော်မှ လာခဲ့ခြင်းကြောင့်သာမဟုတ်ပါ၊ ဘုရားသခင်က သူတပါးတည်းမှသာ ကယ်တင်တော်မူ၍လည်းဖြစ်ပါသည်။

ယေရှုဆိုသောအမည်က သူ့ကိုယုံကြည်သမျှသောသူတို့သည် သေချာစွာကယ်တင်ခြင်းခံကြရကြောင်းကိုလည်း ပြောပြနေပါသည်။ သူသည် သူ့လူများကိုကယ်တင်သူဖြစ်ပါသည်။ သူသည် သေချာစိတ်ချရသော ကယ်တင်ရှင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဘုရားသခင်ထံတော်မှလာသူ၊ ဘုရားသခင်၏ကြီးမြတ်သော ကယ်တင်ခြင်းကို ယူဆောင်လာသူဖြစ်ပါသည်။

သူ့နာမည်က ပြောပြနေသည်မှာ သူသည် ခမည်းတော်က သူ့ကိုပေးသောသူများကိုသာ ကယ်တင်သူဟုပြောနေပါသည်(လူတိုင်းမဟုတ်ပါ၊ ခမည်းတော်ဘုရားက ပေးထားသူများကိုသာဖြစ်သည်)၊ ထို့ကြောင့် သူ့ကို သူ့လူများအား ကယ်တင်သူဟု ခေါ်ပါသည်။ သူသည် လူအားလုံးတယောက်မကျန်ကို ကယ်တင်မည့်သူမဟုတ်ပါ။ လူတချို့အတွက် ထိုအမှန်တရားသည် ကြောက်စရာအမှန်တရားဖြစ်နေပါသည်။ သို့သော် ထိုအမှန်တရားကို သေချာနားလည်သူတို့အတွက်မူ ကောင်းချီးခံရသော၊ အံ့ဩစရာအမှန်တရားဖြစ်ပါသည်။ သူသည် လူအချို့တို့ကိုသာ ကယ်တင်မည် ဆိုသည့်အဓိပ္ပါယ်မှာ သူသည် ကယ်တင်ရှင်ဖြစ်ရန်ကြိုးစားနေလျှက်၊ အများသောသူတို့အတွက် အမြဲကျဆုံးနေသူမဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သူသည် သူ့ထံသို့ဘုရားသခင်က လက်ဆောင်အဖြစ်ပေးထားသူတို့၏ သေချာလှသော၊ မကျဆုံးနိုင်သော ကယ်တင်ရှင်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ယေရှုဆိုသောအမည်က သူသည် အပြစ်မှကယ်တင်သူဖြစ်ကြောင်းကိုလည်း ကျွန်တော်တို့ကို သတိရနေစေပါသည်။ လူအများက ထိုသို့သောကယ်တင်ရှင်ကို အလိုမရှိကြပါ။ အများက သူတို့ဝမ်းကို ဝစွာကျွေးမည့်သူကိုသာ အလိုရှိကြပါသည်။ ဖျားနာခြင်းများမှပျောက်ကင်းစေမည့်သူ၊ မျက်မှောက်ပြဿနာများကို ဖြေရှင်းပေးမည်သူကိုသာ လိုချင်ကြပါသည်။ သို့သော် ကျေးဇူးတော်အားဖြင့် မိမိတို့သည် ဘုရားသခင်၏ရှေ့တော်မှောက်တွင် အပြစ်သားများ ဖြစ်ကြသည်ဟု သဘောပေါက်ကြသူများ၊ "ဘုရားသခင် ကျွန်တော်ကဲ့သို့သောအပြစ်သားကို သနားတော်မူပါ"ဟု ဗိမ္မာန်တော်ထဲ၌ အပေါ်သို့ပင် မော့မကြည့်ဝံ့ဘဲ ဆုတောင်းခဲ့သူ အခွန်ခံကဲ့သို့(လုကာ ၁၈း၁၃)၊ ဆုတောင်းသူများသာ မိမိတို့နှလုံးသားများ၏ လိုအင်ဆန္ဒများနှင့်၊ ငရဲမှ လွတ်မြောက်ရာလမ်း၊ အပြစ်မှခွင့်လွှတ်ခြင်းရရာလမ်း၊ ဘုရားသခင်နှင့် ငြိမ်းချမ်းရေးရရာလမ်း၏ သေချာစိတ်ချမှုစသည်တို့ကို ခရစ်တော်ထံ၌တွေ့မြင်နိုင်ကြပါသည်။

သူ့အားယေရှုဟု သိရခြင်းသည် မည်မျှကောင်းချီးကိုခံရပါသနည်း! “ကောင်းကင်အောက် လူများအကြားတွင် ပေးသမျှသောနာမည်များ၌ ကျွန်တော်တို့ကိုကယ်နိုင်သော သူ၏နာမည်ကဲ့သို့မည်သည့်နာမည်မျှမရှိပါ” (တမန် ၄း၁၂)။ ထိုနာမည်ကို လူအများက ရှေးနှစ်ထောင်ပေါင်းများစွာက အသက်ရှင်ခဲ့သူတယောက်အနေနှင့်သာမဟုတ်ဘဲ၊ ဘုရားသခင့်သားတော်၏အမည်အဖြစ်၊ သူတို့ကယ်တင်ရှင်၏အမည်အဖြစ် သိနိုင်ကြပါစေဟု ဆုတောင်းပါသည်။

## ခရစ်တော်ဆိုသည့်အမည်အကြောင်း (The Name Christ)

ခရစ်တော်ဆိုသောအမည်သည် ယေရှုဆိုသောအမည်နှင့်အမျိုးအစားအရခြားနားပါသည်။ ယေရှုဆိုသည်မှာ သူ၏ပုဂ္ဂလိကအမည်ဖြစ်ပြီး၊ ခရစ်တော်ဆိုသည်မှာ သူ၏ဘွဲ့အမည်ဟုပြောရပါမည်။ အခြားသောဘွဲ့အမည်များဖြစ်ကြသည့်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်အမတ် စသည်တို့နှင့်တူပါသည်။ ခရစ်တော်ဆိုသည့်အမည်က ဘုရားသခင့်နိုင်ငံတော်ရှိ ယေရှု၏ အဆင့်အတန်းနှင့်အလုပ်ကို ဖေါ်ပြပါသည်။

ထို့အတွက်ကြောင့် ယေရှုကို တခါတရံ ခရစ်တော်ဟုခေါ်ခြင်းဖြစ်သည်၊ တစုံတဦးကို သမ္မတကြီးဟုခေါ်သည်နှင့်အတူတူပင်ဖြစ်ပါသည်။ ခြားနားချက်မှာ ခရစ်တော်ဆိုသည့်အမည်ဖြစ်သည်၊ တခြားခရစ်တော် မရှိခဲ့ဘူးသလိုနောက်လဲ ရှိမည်မဟုတ်ပါ။

ခရစ်တော်၏အဓိပ္ပါယ်မှာ ဘိသိတ်ပေးခြင်းခံရသူ ဖြစ်ပါသည်။ (ဓမ္မဟောင်းခေတ်တွင် မေရှိယ ဟုခေါ်ခဲ့သည်၊ အဓိပ္ပါယ်အတူတူဖြစ်ပါသည်)။ ဘုရားသခင့်နိုင်ငံတော်၏အလုပ်ကိုလုပ်ကိုင်ရန် ယေရှုကို ဘုရားသခင်က အထူးတလည် ခန့်အပ်သည်၊ ခန့်ထားသည်ဟုဆိုလိုခြင်းဖြစ်သည်။ သူ့ကို ဗတ္တိဇံခံသည့်အချိန်၌ ဝိညာဉ်တော်ဖြင့်လူသိရှင်ကြား ခန့်အပ်ပါသည် (မဿဲ ၃း၁၆)။ ထိုကိစ္စကို ဟေရှာ ၆၁း၁-၃ တွင် ဖေါ်ပြခဲ့ပြီးဖြစ်သည်။ ထိုကျမ်းပိုဒ်၌ သူ့ကို ဘိသိတ်ပေးခြင်း(ခန့်အပ်ခြင်း)ခံရသူဟု ကြိုတင်ဖေါ်ပြခဲ့ပါသည်။

ဘုရားသခင့်နိုင်ငံတော်၌ ခရစ်တော်၏အဆင့်အတန်းနှင့်အလုပ်သည် မည်သို့ဖြစ်ပါသနည်း?

သူသည် ပုရောဖက်၊ ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင် ဖြစ်ပါသည်။ ကြီးကျယ်မြင့်မြတ်သော အသင်းတော်ပြုပြင်ခြင်းကာလ၏ ခံယူယုံကြည်ချက်တခုဖြစ်သည့် ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေက “သူ့အားအဘယ်ကြောင့် ဘိသိက်ပေးခြင်းခံရသူဟုအဓိပ္ပါယ်ရသည့် သခင်ခရစ်တော်ဟူ သောအမည်ဖြင့် မှည့်ရသနည်း?”ဟု မေးပါသည်၊ ပေးသောအဖြေမှာ “အဘယ်ကြောင့်ဆိုသော် သူသည်ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏အလိုတော်နှင့်အကြံအစည်တော်၏လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့ထံသို့ ပြည့်ဝစွာဖေါ်ပြမည့် ကျွန်ုပ်တို့၏ ပရောဖက်နှင့်ဆရာ ဖြစ်လာရန်အတွက်၄င်း၊မိမိခန္ဓာကိုယ်ကို တကြိမ်ယဇ်ပူဇော်ခြင်းဖြင့် ကျွန်ုပ်တို့ကိုကယ်တင်လျှက်၊ ခမည်းတော်ထံ၌ ကျွန်ုပ်တို့အတွက် အမြဲမပြတ်ဆုတောင်းပေးသူ၊ ကျွန်ုပ်တို့၏တပါးတည်းသော မြင့်မြတ်သော ယဇ်ပုရောဟိတ်မင်းဖြစ်လာ ရန်အတွက်၄င်း၊ ကျွန်ုပ်တို့အားသူ၏နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်အားဖြင့် အုပ်စိုးလျှက်၊ ကာကွယ်ပေးလျှက်၊ ကျွန်ုပ်တို့အတွက် သူကိုယ်တိုင်ဝယ်ပေးသောကယ်တင်ခြင်းကို အပြည့်အဝခံစားစေခြင်းအတွင်း၌ စောင့်ရှောက်ထိန်းသိမ်းသူ ကျွန်ုပ်တို့၏ ထာဝရရှင်ဘုရင်ဖြစ်လာရန်အတွက်၄င်း ခမည်းတော်ဘုရားသခင်ကခွဲခန့်မှတ်သား၍၊ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဘိသိက်ပေးတော်မူသောကြောင့်ဖြစ်သည်” (မေးခွန်း ၃၁)ဟူ၍ဖြစ်ပါသည်။

ထိုသို့ခရစ်တော်၏အမည်၌ပါဝင်သော ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ဘုရင် စသည့်ဌာနများကြောင့် ထိုနာမည်သည် အထူးတလည်အရေးကြီးရခြင်းဖြစ်သည်။ ထိုနာမည်သည် အသင်းတော်၏အခြေခံအုတ်မြစ်လည်းဖြစ်ပါသည် (မဿဲ ၁၆း၁၈)။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ဘုရင် ဆို၏အလုပ်သာ မရှိလျှင် အသင်းတော် မတည်ရှိနိုင်ပါ။ ခရစ်တော်ဟု ဝန်ခံခြင်းသည် ဒုတိယမွေးခြင်းခံရပြီးကြောင်း သက်သေဖြစ်ပါသည် (၁ ယော ၅း၁)။ အဘယ်ကြောင့်ဆိုသော် တစုံတဦးအတွက် ခရစ်တော်က ပရောဖက်ကဲ့သို့ မပြောပြလျှင်၊ ယဇ်ပုရောဟိတ်ကဲ့သို့ ယဇ်မပူဇော်ပေးလျှင်၊ ဘုရင်တဦးအနေနှင့် စာတန်၏လက်မှ မကယ်လျှင် မည်သူမျှ သူ့ကို ယုံကြည်နိုင်မည် မဟုတ်ပါ။

ယေရှုကို ခရစ်တော်ဟု ဝန်ခံချက်ပြုခြင်းသည် သူ၏အမည်ကို ရေရွတ်ယုံပြုခြင်းမဟုတ်ပါ၊ သူသည် ကျွန်တော်တို့၏ အချုပ်အခြာပရောဖက်နှင့်ဆရာဖြစ်ကြောင်း၊ ကျွန်တော်တို့၏တဦးတည်းဖြစ်သော ယဇ်ပုရောဟိတ်ဖြစ်ကြောင်း၊ ကျွန်တော်တို့၏ ထာဝရဘုရင်ဖြစ်ကြောင်း ပြောနေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ကို သူတယောက်တည်းကသာ သွန်သင်မည်ဖြစ်ကြောင်း၊ သူတဦးတည်းကသာ အုပ်ချုပ်မည်ဖြစ်ကြောင်း၊ သူတဦးတည်းကသာ ကောင်းချီးပေးမည် ဖြစ်ကြောင်းတို့ကို အသိအမှတ်ပြု ဝန်ခံခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကောင်းကင်ဘုံကသာ လက်ဆောင်အဖြစ် မပေးလျှင် မည်သူမျှ ယေရှုကို ခရစ်တော်ဟု မခေါ်နိုင်ခြင်းသည် အံ့သြစရာမဟုတ်တော့ပါ။

ယေရှုသည် ခရစ်တော်ဖြစ်သည်ဆိုခြင်းသည်၊ ထိုဌာနများနှင့်ထိုဌာနများကဖော်ဆောင်သောလုပ်ငန်းတို့ကို သူတဦးတည်းကသာ အကောင်အထည်ဖော်နိုင်ပါသည်ဟု ပြောခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကို မည်သည့်လူကမျှ သင်ပေးဖို့မလိုတော့ပါ (၁ယော ၂း၂၇)။ အခြားယဇ်ပုရောဟိတ်၊ အခြားသောယဇ်ပူဇော်ခြင်း မလိုတော့ပါ။ ကျွန်တော်တို့ မည်သည့်ဘုရင်ကိုမျှ အသိအမှတ်မပြုပါ၊ အဘယ်ကြောင့်ဆိုသော် သူသည်ဘုရင်တို့၏ဘုရင် သခင်တို့၏သခင် ဖြစ်ပါသည်။ သူသည် အလွန်ထူးခြားပါသည်။

ယေရှုသည်ခရစ်တော်ဖြစ်သည်ဟု ဝန်ခံလျှက်၊ ကျွန်တော်တို့သည် သူထံ၌သာ ကယ်တင်ခြင်းကို ရှာကြပါသည်။

## **သခင်ဆိုသောအမည်အကြောင်း**(The name Lord)

ကျွန်တော်တို့ကယ်တင်ရှင်၏ အရေးကြီးဆုံးသောအမည်မှာ သခင်ဆိုသည့် အံ့သြစရာနာမည်ဖြစ်သည်။ ခရစ်တော်ဆိုသောအမည်ကဲ့သို့ သခင်ဆိုသော်အမည်သည်လည်း ပုဂ္ဂိုလ်အမည်မဟုတ်ပါ၊ ဂုဏ်ကျက်သရေရှိခြင်း၏ ဘွဲ့အမည် ဖြစ်ပါသည်။

ဤဘွဲ့အမည်သည်အရေးကြီးသည်၊ အဘယ်ကြောင့်ဆိုသော် ထိုအမည်က ယေရှုသည် ဘုရားဖြစ်သည်ဟု ကျွန်တော်တို့ကို သတိပေးနေပါသည်။ သူသည်ဘုရားဖြစ်တော်မူခြင်းကိုပြောပြဖို့ ဤသက်သေထက် ပိုကောင်းသော သက်သေ မလိုအပ်တော့ပါ။ သူ့ကို ကျမ်းစာက သခင်ဖြစ်သည်ဟု သက်သေပြနေပါသည်၊ “ကျွန်ုပ်၏သခင်” “ကျွန်ုပ်၏ဘုရား”ဆိုသည်မှာ တကယ်တမ်းတွင် တူညီသောဝန်ခံချက်ဖြစ်ပါသည် (ယော ၂၀း၂၈)။

သခင်ဆိုသော ဘွဲ့နာမက ယေရှု၏အစိုးရတော်မူစွာ အရာခပ်သိမ်းကိုပိုင်ဆိုင်ခြင်းအား အထူးသဖြင့်ပြောပြ ပါသည်။ သူသည် သခင်တဦးအနေနှင့် အရာခပ်သိမ်းကို အစိုးရတော်မူသောဩဇာအာဏာ၊ တန်ခိုးဖြင့် အုပ်ချုပ်ယုံ သာမက၊ အားလုံးသည် သူ၏အစေခံများလည်းဖြစ်ကြသည်၊ အားလုံးကို သူကသာ ပိုင်ဆိုင်ပါသည်။

ဘုရားသခင်က ဆာလံ ၅၀း၁၂ တွင် “ကမ္ဘာကြီးကိုငါပိုင်သည်၊ ၎င်း၏ပြည့်ဝခြင်းရှိသမျှငါပိုင်သည်”ဟုပြောသောအခါ၊ အရှင်သခင်တဦးကဲ့သို့ ပြောခြင်းဖြစ်သည်၊ ၎င်းသည် ဆာလံ ၁၁၉း၉၁ တွင် ဆာလံရေးသူက “အရာခပ်သိမ်းသည် ကိုယ်တော့်အစေခံများဖြစ်ကြပါသည်”ဟု ဝန်ခံခြင်းနှင့်အတူတူပင်ဖြစ်ပါသည်။ ထိုသခင်ဖြစ်ခြင်းကို ဘုရားသခင်က ယေရှုထံသို့ ပေးထားပါသည် (တမန် ၂း၃၆)။

ယေရှု၏သခင်ဖြစ်ခြင်းတွင် ပိုင်းနှစ်ပိုင်းပါဝင်သည်။ တဖက်တွင် သူသည် အရာခပ်သိမ်း၏ဖန်ဆင်းသူအနေနှင့် ပိုင်ဆိုင်ခြင်းဖြစ်ပြီး၊ အားလုံးကို မိမိ၏ရည်ရွယ်ချက်အတိုင်းဖြစ်လာရန် အစိုးရတော်မူခြင်းတန်ခိုးဖြင့် အုပ်ချုပ်သည်။ ခရစ်တော်၏သခင်ဖြစ်ခြင်းအား ဤရှုထောင့်မှဖော်ပြခြင်းကို တခါတရံ “သူ၏ဖန်ခိုးတော်ဖြင့်အုပ်ချုပ်ခြင်း”ဟု ခေါ်ပါသည်။ အားလုံး၏အရှင်သခင်အဖြစ်၊ သူသည် မိမိ၏ရည်ရွယ်တော်မူချက်များအတွက်၊ ရှိသမျှအကုန်လုံးကို၊ ၎င်းတို့၏အလိုဆန္ဒများကိုဆန့်ကျင်လျှက်လည်း၊ အစိုးရတော်မူစွာအသုံးပြုပါသည်။

သို့သော် “သူ၏ကျေးဇူးတော်ဖြင့်အုပ်ချုပ်ခြင်း”ဆိုသည့်အရာလည်း ရှိပါသေးသည်။ ဤခေါင်းစဉ်ဖြင့်ကြည့်လျှင် သူသည် သူ့လူများ၏အရှင်သခင်သာဖြစ်သည်၊ သူတို့ကို အသွေးတော်ဖြင့် ဝယ်ယူထားသောကြောင့်ဖြစ်ပါသည်။ သူ့လူများကို သူပိုင်ပါသည်၊ နေလကြယ်တို့ကဲ့သို့ ပိုင်ဆိုင်ယုံမကပါ၊ တန်ဖိုးနှင့်ဝယ်ထားသည်ကဲ့သို့ ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။ “ထိုသူတို့သည် ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သော ဘဏ္ဍာတော်(ရတနာများ)ဖြစ်ကြလိမ့်မည်၊ အဘ၏အမှုကိုဆောင်သောသားကို အဘနှမြောသကဲ့သို့ ထိုသူတို့ကို ငါနှမြောမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏” (မာလခိ ၃း၁၇)။ သခင်ယေရှုသည် သူ၏အရှင်သခင်ဖြစ်ခြင်းကို သူတို့အပေါ်တွင် တန်ခိုးတော်အားဖြင့်သာ ကျင့်သုံးသည်မဟုတ်ပါ၊ သူ့ကျေးဇူးတော်၏ ချိုမြိမ်သောလွှမ်းမိုးခြင်းဖြင့်လည်း ကျင့်သုံးတော်မူပါသည်။ သူသည်သူတို့ကို သံလှံတံတော်နှင့် မအုပ်ချုပ်ပါ(ဆာလံ ၂း၉)၊ သိုးထိန်း၏တောင်ဝှေးတော်နှင့်သာ အုပ်ချုပ်ပါသည် (ဆာလံ ၂၃း၁)။

သူ၏အရှင်သခင်ဖြစ်ခြင်း၏ ဤအပိုင်းကို သန့်ရှင်းသောဝိညာဉ်တော်လုပ်ပေးမှသာ ဝန်ခံနိုင်ပါသည် (၁ ကော ၁၂း၃)။ အကယ်၍ ကျွန်တော်သည် သူ၏အရှင်သခင်ဖြစ်ခြင်းကို ဤရှုထောင့်မှ ဝန်ခံသည်ဆိုလျှင်၊ ကျွန်တော်သည် သူ့ကို သခင်အဖြစ် အသိအမှတ်ပြုသည်သာမကပါ၊ သူသည် ကျွန်တော့်အရှင်သခင်ဖြစ်ကြောင်းကိုလည်း ဝန်ခံခြင်းဖြစ်ပါသည်။ ထိုအခါ ကျွန်တော်သည် သူ၏ပိုင်ဆိုင်ခြင်းခံရသူဟု ဝန်ခံပါသည်၊ သူ၏ရှေ့တွင်အဖိုးတန်သူ ဖြစ်လာပါသည်။ ကျွန်တော် မည်သူဖြစ်သည်ဆိုခြင်းကြောင့် မဟုတ်ပါ၊ ကျွန်တော် ဘာလုပ်ခဲ့သည်ဆိုခြင်းကြောင့်လည်း မဟုတ်ပါ၊ ကျွန်တော့်အတွက် သူသွန်းလောင်းပေးသော အသွေးတော်ကြောင့်သာဖြစ်ပါသည်။

ထို့အပြင်၊ ထိုသို့ဝန်ခံသည့်အခါ၊ ကျွန်တော်ပိုင်ဆိုင်သမျှအားလုံးကိုလည်း သူကသာပိုင်ဆိုင်ပါသည်ဟုလည်း ဝန်ခံခြင်းဖြစ်ပါသည်။ မည်သည်မျှ ကျွန်တော်ပိုင်သည်မရှိပါ၊ ကျွန်တော့် မိသားစု၊ ကျွန်တော့်အချိန်၊ ကျွန်တော်ပိုင်ဆိုင်

သည့်ပစ္စည်းများ၊ နောက်ဆုံး ကျွန်တော့်ခန္ဓာသည်ပင်လျှင် ကျွန်တော့်ကိုယ်ပိုင်မဟုတ်ပါ၊ “သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့” (၁ကော ၆း၂၀)။ ကျွန်တော်နှင့် ကျွန်တော့်အပိုင်မှန်သမျှသည် သူ့အပိုင်ဖြစ်သဖြင့် အားလုံးကို သူ၏အမှုတော်အတွက်၊ သူ၏လုပငန်းနားခြင်းနှင့် သူ၏နိုင်ငံတော်အတွက် အသုံးပြုရမည်ဖြစ်ပါသည်။

ယေရှုသည် အရှင်သခင်ဖြစ်သည်ဆိုသော ဝန်ခံချက်ကို သင် ပြုပါသလား? သင့် အရှင်သခင်ဖြစ်သည်ဟု ဝန်ခံချက်ပြုပါသလား? သင်သည် သူ့အပိုင်ဖြစ်သည်ဆိုသည့်အမြင်ရှုထောင့်မှ အသက်ရှင်ပါသလား? သင်၌ရှိသမျှ အားလုံးကို ထိုရှုထောင့်မှ အသုံးပြုပါသလား? ပြုပါသည်ဆိုလျှင် သူသည် သင်၏သခင်နှင့်သင်၏ဘုရားစင်စစ် ဖြစ်ပါသည်။

## ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော်ဆိုသောအမည်အကြောင်း

(The Name Only Begotten Son of God)

ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော်! ဘုန်းကျက်သရေအမှန်တရားနှင့် ကြွယ်ဝလှသော ကျွန်တော်တို့ ကယ်တင်ရှင်၏အမည်ဖြစ်သည်။ သူနှင့်ပတ်သက်၍ ကျွန်တော်တို့ယုံကြည်သမျှသည် ဤအမည်အပေါ်တွင် တည်မှီနေပါသည်။ အကယ်၍သာ သူသည် ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော် မဟုတ်ခဲ့ပါလျှင်၊ ကျွန်တော်တို့အတွက် ဘာမျှမဟုတ်သူတယောက်သာဖြစ်ပါမည်။

ယေရှုခရစ်တော်သည် ဘုရားဖြစ်သည်၊ ခမည်းတော်နှင့်အရာခပ်သိမ်း၌အဆင့်တူသည်ဆိုသည့် ကျမ်းစာ၏ အမှန်တရားကို တစိတ်တပိုင်းအားဖြင့် ဤအမည်ကပြောပြပါသည်။ သခင်ယေရှုမြေကမ္ဘာပေါ်သွားလာစဉ်ကပင် မယုံကြည်သူဂျူးများက ထိုအချက်ကို သေချာသိကြသော်လည်း၊ ယနေ့ခေတ်လူအများက ငြင်းဆန်နေကြပါသည်။ သခင်ယေရှုက သူ့ကိုယ်သူ ဘုရား၏သားဖြစ်သည်ဟု ပြောသောအခါ၊ ဂျူးများက ကျောက်တုန်းများကောက်၍ ဘုရား၏နာမည်ကိုစော်ကားသူဟု ပေါက်သတ်ရန်စီမံခဲ့ကြသည်(ယော ၈း၅၉၊ ၁၀း၃၀-၄၂)။ သူတို့သည် ယနေ့လူအများထက် အတော်ကို သဘောပေါက်ကြသူများဖြစ်သည်။ မှားယွင်းသောဝါဒီများ၊ တယောက်တည်းဖြစ်သည်ဟုယုံ ကြသူများနှင့် အခြားသော သုံးပါးတဆူ-ဆန့်ကျင်သူများက ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော် ဆိုသည့်စကားစုကို ဖတ်ကြသည့်အခါ၊ ဘာဆိုလိုကြောင်းကိုပင် အသိအမှတ်မပြုချင်ကြပါ။ အဘယ်ကြောင့်ဆိုသော် တပါးတည်းမွေးထားသောသားတော် ဆိုသည့်စကားလုံးက ဘုရား၏သားတော်ဆိုသည့်စကားလုံးထက် သူ၏ဘုရားဇာတိကို ပို၍ရှင်းနေအောင်ပြောပြပါသည်၊ ထို့ကြောင့် ထိုအမည်သည် သူတို့အတွက် အမှန်တရားဖြစ်လျှင်ဖြစ်၊ မဟုတ်ပါက ဘုရားနာမကို ရှုတ်ချသောအမည် ဖြစ်ရပါမည်။ ထိုနာမည်ကပြောချင်သည်မှာ ဘုရားသခင့်သားသမီးတို့အကြားတွင် ယေရှုသည်အင်မတန်ထူးခြားသည်၊ ထာဝရသားတော်၊ ဘုရားကိုယ်တိုင်မွေးထားသော သဘာဝသားတော် ဖြစ်သည်ဟူ၍ဖြစ်ပါသည်။

တပါးတည်းသာမွေးထားသောသားတော်ဆိုသည့်အမည်က ပြောပြသည့်အမှန်တရားကို ခေတ်ပေါ် ဘာသာပြန်ကျမ်းများက ရောနှောလျှက်အဓိပ္ပါယ်ကို ဖေါ့ပစ်ချင်ကြပါသည်။ ၁တိ ၃း၁၆ ကဲ့သို့သော အလွန်အရေးကြီးသည့် ကျမ်းပိုဒ်များကို ခရစ်တော်၏ဘုရားဖြစ်ခြင်းအား သက်သေမပြနိုင်ရန် ဘာသာပြန်ကြသည်မက၊ ဤနာမည်ကိုလည်း “တဦးတည်းသောသား”(only son)ဟူ၍သာ ဘာသာပြန်ကြသည်။ (NIV)က တဦးသာရှိသောသား(one and only son)ဟု ဘာသာပြန်ပါသည်၊ ပို၍ဆိုးရွားသောပြန်ဆိုချက်ဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏ တပါးတည်းသောသားတော်သာမကပါ၊ တပါးတည်း မွေးဖွားထားသောသားတော် ဖြစ်ပါသည်။ ကျွန်တော်တို့လည်း ဘုရားသခင်၏ သားသမီးများဖြစ်ကြပါသည်၊ သို့သော် ကျွန်တော်တို့ကို မွေးဖွားမထားပါ(begotten)၊ “မွေးစားခြင်း”(adopted)သာပြုပါသည်။ သခင်ခရစ်တော်အတွက်ကြောင့် ကျေးဇူးတော်အားဖြင့် မွေးစားခြင်းခံကြရပါသည်။

ကျွန်တော်တို့နားလည်ရမည်မှာ၊ ထိုနာမည်သည် မူရင်းဂရိဘာသာစကားကို အတိအကျ ဘာသာပြန်ခြင်း သာမကပါ၊ ထိုနာမည်ကို ခရစ်တော်၏အသင်းတော်သည် သမိုင်းတလျှောက် ခရစ်တော်၏ဘုရားဖြစ်ခြင်းအမှန်တရားအတွက် ခုခံကာကွယ်ခဲ့ကြပါသည်။ ထို့ကြောင့် ဘုရားသခင့်နုတ်ကပတ်တော်ကို ပြန်၍ဘာသာပြန်ရန်လိုအပ်ပါသည်ဟု ပြောဆိုလျှက် ထိုသို့အဓိပ္ပါယ်များကို လွဲမှားစေသူများကို မယုံသင့်ပါ။

ယေရှုသည် ဘုရားသခင်၏တပါးတည်းသာ မွေးဖွားထားသောသားတော် ဖြစ်သည်ဆိုသည့်အမှန်တရား၏ နောက်ရှုထောင့်တခုမှာ၊ သူ၏သားဖြစ်ခြင်းသည် ကျွန်တော်တို့၏သားသမီးများဖြစ်ရခြင်းအတွက် အခြေခံအကြောင်းတရား ဖြစ်ခြင်းဖြစ်ပါသည်။ ထို့အတွက်ကြောင့် သူ့ကို သားဦးဟုလည်း ခေါ်ပါသည် (ဟေဗြဲ ၁၂း၂၃)။ “ပထမမွေးဖွားထားသူ”ဟုလည်းခေါ်ပါသည် (ဟေဗြဲ ၁း၆)။ ကျမ်းစာအရ သားဦးဆိုသည်မှာ အမိဝမ်းကို ဖွင့်သူဖြစ်ပါသည် (ထွက် ၁၃း ၂)။ ဘုရားသခင်၏မိသားစု၌ ယေရှုသည် သားဦးအဖြစ်နှင့် သူ၏ညီအကိုမောင်နှမများ ထွက်လာနိုင်ကြရန် သေခြင်းနှင့်သင်္ချိုင်း

ဝမ်းကို ခွဲဖွင့်သူဖြစ်ပါသည်၊ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင့်မိသားစုသို့ ပြန်လည်မွေးဖွားနိုင်ကြပါမည်။ သူသာ မပါလျှင် မွေးဖို့ရောက်လာကြသော်လည်း မွေးဖွားခြင်းကိုမခံနိုင်ကြသူများကဲ့သို့သာ ဖြစ်နေကြပါမည်။ သခင်ယေရှု၏သားဦးအဖြစ် လုပ်ကိုင်ပေးမည့်အလုပ်ကို ကြိုတင်ပုံဆောင်သည့်အနေဖြင့် ဓမ္မဟောင်းကာလတွင် သားဦးတိုင်းကို ဘုရားသခင့်ထံ ဆက်ကပ်ခဲ့ကြသည်။

အခြားသောခရစ်တော်၏အမည်များကဲ့သို့ ဤနာမည်ကိုလည်း လက်တွေ့မဆန်စွာ ဝန်ခံ၍မရပါ။ ခင်ဗျားနှင့်ကျွန်တော့်အတွက် ဤအမည်ကို ဝန်ခံနိုင်စရာတခုတည်းသောနည်းလမ်းမှာ ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော်သည် ကျွန်တော်၏ဘုရားသခင်ဖြစ်ပါသည်ဟု ပြောခြင်းသာဖြစ်သည်။ သူသည် ကျွန်တော့်ဘုရားဖြစ်သည်ဟု ပြောခြင်းသည် ဤနာမည်က ထူးခြားစွာဖေါ်ပြသော သူ၏ဘုရားဖြစ်ခြင်းတွင်၊ သူ့အားယုံကြည်ဖို့နှင့် သူ၏ဂရုဏာတော်ကို မျှော်လင့်ဖို့ သေချာသောအခြေခံကို ရှာဖွေတွေ့ရှိခြင်းဖြစ်ပါသည်။

## လူ့သားတော်ဆိုသည့်အမည်အကြောင်း (The Name Son of Man)

သခင်ယေရှုသည် ဘုရားသခင့်သားတော်ဖြစ်သည်သာမကပါ၊ သူသည် လူသားတော်လည်းဖြစ်ပါသည်။ ဤအမည်က ကျွန်တော်တို့ကယ်တင်ရှင်၏ လူသားစစ်စစ်ဖြစ်ခြင်းကို အထူးပြုပါသည်။

ဤနာမည်သည် သခင်ယေရှုက သူ့ကိုယ်သူ လိပ်မူသောအမည်လည်းဖြစ်သည်။ ကျွန်တော်တို့မျှော်လင့်ထားသလိုပင် ထိုအမည်ကို အထူးသဖြင့် ရှင်လုကာခရစ်ဝင်တွင်တွေ့ရပါသည်။ ရှင်ယောဟန်က အံ့သြစရာအမှန်တရားဖြစ်သည့် သခင်ယေရှု၏ဘုရားဖြစ်တော်မူခြင်းကို အထူးပြုချင်သဖြင့် ဘုရားသခင်၏သားတော်ဆိုသောအမည်ကို ထပ်ခါထပ်ခါ အသုံးပြုသကဲ့သို့၊ ရှင်လုကာကလည်း သခင်ယေရှုသည် အပြစ်မှလွဲ၍ အရာခပ်သိမ်းတွင် ကျွန်တော်တို့နှင့် ဘာမဆိုတူကြောင်းကို အထူးပြုချင်သဖြင့် လူသားတော်ဆိုသောအမည်ကို သုံးထားရခြင်းဖြစ်ပါသည်။ ရှင်လုကာ က သခင်ခရစ်တော်၏ လူသားဖြစ်ခြင်းကို အထူးပြုချင်သဖြင့်၊ သူ၏မွေးဖွားခြင်းနှင့်ငယ်စဉ်ဘဝအကြောင်းများကို အပြည့်စုံဆုံးပြောပြရခြင်းဖြစ်ပါသည်။

ယေရှုသည် လူသားတော်ဖြစ်သည်ဆိုသည်မှာ သူသည်လည်း ကျွန်တော်တို့ကဲ့သို့ လူ့ဘဝသို့ မွေးဖွားလာပါသည်ဟု ဆိုလိုခြင်းဖြစ်သည်။ သူသည် ဤကမ္ဘာကြီးပေါ်တွင် နေထိုင်လျှက် သေဆုံးခဲ့ပါသည်။ ကျွန်တော်တို့နှင့် တသွေးထဲတသားထဲဖြစ်ပါသည်။ သူသည် ကျွန်တော်တို့ကဲ့သို့ လူသားမျိုးနွယ်၏ တကယ့်အစိတ်အပိုင်းတခု ဖြစ်ပါသည်။ ထို့အပြင် "ငါတို့ကဲ့သို့ အခြေအနေအားလုံး၌ သွေးဆောင်ခြင်းခံခဲ့ရသော်လည်း အပြစ်မရှိသူဖြစ်ပါသည်"ဟု ဆိုရာလည်းရောက်ပါသည် (ဟေဗြဲ ၄း၁၅၊ ဂျိန်းဘုရင်မူ)။

ယေရှုသည် ပြည့်ဝသော၊ စစ်မှန်သော လူသားဖြစ်သည်ဆိုသည့်အမှန်တရားသည် အလွန်အရေးကြီးပါသည်။ သူသည် ဘုရားဖြစ်တော်မူသည်ဆိုသော အမှန်တရားနှင့်အတူတူ အရေးကြီးလှပါသည်။ သူသာ ကျွန်တော်တို့နှင့်တပုံစံတည်းတူသောလူသား မဟုတ်ခဲ့ပါလျှင်၊ ကျွန်တော်တို့၏ ကယ်တင်ရှင်ဖြစ်နိုင်မည်မဟုတ်ပါ။ လူသားအနေနှင့် သူသည် အာဒံနေရာကို အစားထိုးယူပေးပါသည် (၁ကော ၁၅း၄၅-၄၇)။ ထို့နောက် ဘုရားသခင့်ရှေ့တွင် ကျွန်တော်တို့၏ ကိုယ်စားလှယ် ဖြစ်လာပါသည်။ ကျွန်တော်တို့၏ ကိုယ်စားလှယ်အနေနှင့် သူသည် ကျွန်တော်တို့၏အပြစ်များကို မိမိအပေါ်သို့ ယူဆောင်ပေးသည်၊ ထိုအပြစ်များအတွက် ယူရမည့်တာဝန်ကို အပြည့်အဝယူပေးသည်၊ ကျွန်တော်တို့အတွက် အပြစ်မှ ဖြေလွှတ်ခြင်းကို ပြုလုပ်ပေးပါသည်။

သူသာ လူသားမဟုတ်ခဲ့ပါလျှင်၊ ဝေဒနာများကိုခံစားလျှက် သေနိုင်မည်မဟုတ်ပါ။ သူသည် ပြည့်ဝသောလူသားမဟုတ်ခဲ့ပါလျှင်၊ ကျွန်တော်တို့ကိုယ်စားနေရာယူလျှက် ကျွန်တော်တို့အပြစ်များအတွက် အပြစ်ဒဏ်ကိုခံစားလျှက်တရားနည်းလမ်းကျစွာ လက်ဝါးကပ်တိုင်ပေါ်အသေခံပေးနိုင်သူမဖြစ်နိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် လူသား၏အပြစ်ကို လူသားကသာ ခံပေးရပါမည်။ အကယ်၍သာ သူသည် နေရာတိုင်း၌ ကျွန်တော်တို့နှင့်တူညီသောသူ မဖြစ်ခဲ့ပါလျှင်၊ သူသည် သနားတတ်သော ကျင်နာခြင်းရှိသော "ငါတို့ချည့်နဲ့ခြင်း၏ ခံစားချက်များကို ဂရုဏာထားသူ" ယဇ်ပုရောဟိတ်မင်းကြီး ဖြစ်နိုင်မည်မဟုတ်ပါ၊ (ဟေဗြဲ ၄း၁၅)။

လူတဦးအဖြစ် သခင်ယေရှုသည်၊ ဘုရားသခင်၏အဖြစ်တော်အားလုံး ပြည့်ဝစွာ လူသားခန္ဓာအတွင်း၌ ရှိနိုင်သူတဦးဖြစ်ပါသည် (ကော ၂း၉)။ ထို့ကြောင့် သူသည် (သူ့အားဖြင့်၄င်း၊ သူမှနေ၍၄င်း) ကျွန်တော်တို့ကို မျက်စိဖြင့်တွေ့မြင်၍ မရသော၊ လှပခန်းနားခြင်းအလုံးစုံ ပိုင်တော်မူသော ဘုရားသခင်အား တွေ့မြင်စေသူ ဖြစ်ပါသည်။ မိမိ၏မျက်နှာတွင် "ဘုရားသခင်၏ လှပခန်းနားခြင်း၏ အသိပညာ၏အလင်း"ကို တောက်ပစေသူဖြစ်ပါသည် (၂ကော ၄း ၆)။ သခင်ယေရှုက "ငါ့ကိုတွေ့သောသူသည်၊ ခမည်းတော်ကို တွေ့သူဖြစ်သည်"ဟု ပြောခဲ့ပါသည် (ယော ၁၄း၉)။

ထိုသို့လျှင်၊ လူသားတော်ဆိုသောအမည်၌ ယုံကြည်သူတို့အတွက် ကြီးသောနှစ်သိမ့်စရာ ရှိနေပါသည်။ ထိုအမည်သည် သခင်ယေရှုကိုယ်တိုင်က သူ ဤကမ္ဘာပေါ်တွင် နေခဲ့သည်၊ ကျွန်တော်တို့လို တူညီသောဝေဒနာအရပ်ရပ်ကို ခံစားခဲ့သည်၊ ကျွန်တော်တို့ကဲ့သို့ နေရာစုံထောင့်စုံတွင် သွေးဆောင်ဖျားယောင်းခြင်းကို ခံခဲ့သည်၊ ကျွန်တော်တို့ သေသလို သေခဲ့သည်၊ ထို့နောက် ထာဝရခန်းနားခြင်းသို့ ထမြောက်ခဲ့သည် ဆိုသည်တို့ကို ပြောပြရာ နည်းလမ်းဖြစ်ပါသည်။ ထိုသို့ ပြောခြင်းသည် သူ ကျွန်တော်တို့၏လိုအပ်ချက်များကို တကယ်သိပါသည်ဟု ဆိုလိုခြင်းဖြစ်သည်။ အရာခပ်သိမ်းကို သိနေသူတယောက်အနေနှင့်သာသိခြင်းမဟုတ်၊ ထိုလိုအပ်ချက်များကို (အသွေးအသားနှင့် ရှိခဲ့စဉ်နေရက်များ၌) ကိုယ်တိုင်လိုအပ်ခဲ့သူတယောက်အနေနှင့်သိပါသည်ဟု ပြောခြင်းဖြစ်သည်(ဟေဗြဲ ၅း၇)။ ထို အချက်က သူသည် ကျွန်တော်တို့ကို ကျွန်တော်တို့၏ အားနည်းချက်များ၊ မပြည့်စုံမှုများ ခံစားကြရချိန်တွင် ကူညီနိုင်သူတယောက်ဖြစ်ကြောင်း သဘောပေါက်စေပါသည်။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်က ထိုအရာများကို တကယ်တွေ့ကြုံခဲ့သူဖြစ်သည်။ ထိုအချက်သည် လူသားက လူသားအတွက် အပြစ်ဖြေခြင်းကို ပြုခဲ့ပြီးကြောင်း၊ ခရစ်တော်၏သေခြင်းတွင် ကယ်တင်နိုင်သောတန်ခိုး ရှိကြောင်း သေချာစေမှုဖြစ်ပါသည်။ လူသားတော်အနေနှင့် သခင်ယေရှုသည် ကျွန်တော်တို့၏အကိုကြီးစင်စစ် ဖြစ်ပါသည်။

**ဧမာနွေလဆိုသည့်အမည်အကြောင်း** (The Name Immanuel)

ဧမာနွေလဆိုသောအမည်ကို ကျမ်းစာတွင် နှစ်ကြိမ်သာ တွေ့ရသည်။ ကတိတော်ပေးသော ဟေရှာ ၇း၁၄ နှင့် ထိုကတိတော်ပြည့်စုံခြင်း မဿဲ ၁း၂၃ တွင်ဖြစ်သည်။

အမည်၏အဓိပ္ပါယ်မှာ "ဘုရားသခင်ငါတို့နှင့်အတူရှိသည်"ဖြစ်သည်။ ကောင်းကင်တမန် ဂေဘရီအဲလ်မှတဆင့် ဘုရားသခင်ကိုယ်တိုင်ကပေးသော အဓိပ္ပါယ်ဖြစ်ပါသည်။

ထိုနာမည်ကို ပထမဆုံးအကြိမ် ဓမ္မဟောင်းကျမ်း ဟေရှာ ၇း၁၄ တွင်တွေ့ရသည်၊ ပုရောဖက်ဟေရှာယက ရှင်ဘုရင်အာခတ်ထံပြောပြခြင်းဖြစ်သည်။ ထိုနာမည်ကိုကြေညာရခြင်းသည် ဘုရားသခင်က အာခတ်မင်းထံပေးသောနိမိတ်လက္ခဏာ၏ တစိတ်တပိုင်းဖြစ်သည်၊ ပြောချင်သောအကြောင်းမှာ ယုဒနိုင်ငံထဲရှိ ဘုရားသခင်အပေါ် သစ္စာရှိသောသူတို့ကို အလွန်ခက်ခဲသောအချိန်တွင် စွန့်ပစ်မည်မဟုတ်၊ ဘယ်တော့မှ ပစ်ထားမည်မဟုတ်ကြောင်းကို သေချာစေခြင်း ဖြစ်ပါသည်။

ဟေရှာယ၏ပုရောဖက်ပြုချက် သခင်ခရစ်တော်မွေးဖွားချိန် အမည်ပေးသည့်အခါ ပြည့်စုံလာသည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် သူ့လူများနှင့်အတူရှိသည်၊ သူတို့ကို မစွန့်ပစ်ကြောင်းကို ပြောပြတော်မူပါသည်။ သူသည် သူတို့ထံတွင် ဧမာနွေလအားဖြင့် ရှိတော်မူပါမည်။ ဧမာနွေလကြောင့် သူတို့ကို ဘယ်တော့မှ စွန့်မပစ်ပါ။

ထို့ကြောင့် ဧမာနွေလဆိုသောအမည်က သခင်ယေရှုသည် တဦးတည်းအတွင်း၌ ဘုရားလည်းဖြစ်သလို၊ လူသားလည်းဖြစ်ပါသည်ဟု ဖေါ်ပြနေပါသည်။ သူ့အထဲမှနေ၍ ဘုရားသခင်သည် ကျွန်တော်တို့နှင့်နီးနိုင်သမျှအနီးဆုံးအဖြစ်နှင့် ရှိတော်မူသည်။ ထိုသို့ဖြင့် ဧမာနွေလ ဆိုသောအမည်က ဘုရားသခင်၏ သူသည်သူ့လူများထံ အမြဲရှိပါမည်ဟု ပေးသည့် ပဋိညာဉ်ကတိတော်ရှိသမျှကို ပြည့်စုံလာစေပါသည်။

သခင်ယေရှုသည် ဧမာနွေလအနေနှင့် သူငယ်ချင်းမိတ်ဆွေဖြစ်မှု၊ မိတ်သဟာယဖွဲ့မှုပဋိညာဉ်ကို အကောင်အထည် ပေါ်လာစေသူ အမှန်ပင်ဖြစ်ပါသည်။ မိမိကိုယ်ကိုအတွင်း ဘုရားဖြစ်ခြင်းနှင့်လူသားဖြစ်ခြင်းတို့ ပေါင်းစပ်မှုဖြင့်၊ သခင်ယေရှုသည် ကျွန်တော်တို့ကို ဘုရားဇာတိအား ပါဝင်ဆက်ဆံစေသူများ ဖြစ်လာစေပါသည် (၂ပေ ၁း၄)။ ထို့အပြင် ဘုရားသခင်၏ တပါးတည်းမွေးထားသော သားတော်အဖြစ်နှင့် သူသည် ကျွန်တော်တို့နှင့်နေလျှက်၊ ကျွန်တော်တို့အထဲ၌လည်း နေတော်မူကာ မပျက်ဆီးနိုင်သော၊ မပြတ်နိုင်သော ညီညွတ်စွာအတူရှိခြင်းကို ဖြစ်စေပါသည် (ဂလာတိ ၂း၂၀)။ ထိုသို့ဖြင့် သူသည် ကျွန်တော်တို့၏အရိုး၊ ကျွန်တော်တို့၏အသား ဖြစ်လာပါသည် (ဧဖက် ၅း၃၀)။

ဧမာနွေလအနေနှင့် သခင်ယေရှုသည် ဘုရားသခင်၏တဲတော်အစစ်၊ ဗိမာန်တော်အစစ် ဖြစ်ပါသည်၊ ဗျာဒိတ်ကျမ်း ၂၁း၃ ကပြောသောကတိတော်ကို ပြည့်စုံစေသူဖြစ်ပါသည်၊ "ကောင်းကင်ဘုံမှ ကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏၊ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်၊ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်၊ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူ ရှိနေ၍ သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်။" ထို့အတွက်ကြောင့် ယေရှရှလင်မြို့သစ်တွင် ဗိမာန်တော် မလိုရခြင်းဖြစ်ပါသည်၊ "မြို့ထဲ၌ ဗိမာန်တော်ကို ငါမမြင်၊ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်နှင့်သိုးသငယ်သည် ထိုမြို့၏ဗိမာန်တော် ဖြစ်တော်မူ၏" (၂၂)။

ဧမာနွေလဆိုသောအမည်က ခရစ်တော်၏အလုပ်ကိုလည်း ပြည့်ဝန်ပါသည်။ အဘယ်ကြောင့်ဆိုသော် အပြစ်ဖြေခြင်းကို မပြုမချင်း ဘုရားသခင်သည် အပြစ်သားတို့နှင့်အတူမနေနိုင်၍ဖြစ်ပါသည်။ ထို့ကြောင့် ထိုအမည်က "ဘုရားသခင်သည် ခရစ်တော်၌ရှိလျှက်၊ တကမ္ဘာလုံးကို မိမိထံသို့ ရန်ငြိမ်းစေရာပြုတော်မူပါသည်"ဆိုသည့်အချက်ကို သတိရနေစေပါသည် (၂ကော ၅း၁၉)။ ဘုရားသခင်သည် ဧမာနွေလထဲမှနေ၍ ကျွန်တော်တို့နှင့်အတူနေတော်မူပါသည်၊ ကျွန်တော်တို့၏ပျောက်ဆုံးနေသောအဖြစ်သို့ လာရောက်လျှက်၊ ကျွန်တော်တို့၏အပြစ်များကို သူ့အပေါ် ယူတင်ဝတ်ဆောင်လျှက်၊ ထိုသို့ဖြင့် ကယ်တင်ရန်နှင့်အပြစ်မှလွတ်ခြင်းကိုရနိုင်ရန် ကျွန်တော်တို့၏အပြစ်များအားလုံးကို ဖယ်ရှားပေးပါသည်။

ထို့ကြောင့် ယုံကြည်အားလုံးတို့ထံ ဧမာနွေလဆိုသောအမည်သည် မည်မျှကောင်းချီးကိုပေးသောအမည် ဖြစ်ပါသနည်း? အတိုဆုံးပြောရလျှင် ထိုအမည်သည်၊ ဧဝံဂေလိသတင်းကောင်းက ကျွန်တော်တို့ထံကယ်တင်ရှင်၏အကြောင်း၊ သူ့အားဖြင့်ရသောကယ်တင်ခြင်းသည် မည်မျှကောင်းချီးနှင့်ပြည့်ဝကြောင်းတို့ကို ပြောပြနေပါသည်။

## ရှိသမျှသောအမည်တို့ထက်မြင့်သောအမည်အကြောင်း (A Name above Every Name)

ကျွန်တော်တို့ကယ်တင်ရှင်၏ အမည်အမြောက်အများကို ကျမ်းစာတွင် မှတ်တမ်းတင်ပေးထားပါသည်။ ကယ်တင်ရှင်အနေနှင့် ယေရှု၏တန်းခိုးတော်၊ လုပခန်းနားခြင်းတို့ကို ကျွန်တော်တို့ထံ သင်ပေးရန် ဘုရားသခင်က ထိုအမည်များကို ကျွန်တော်တို့ထံ ပေးထားခြင်းဖြစ်ပါသည်။

ထိုအမည်များထဲမှ အရေးကြီးဆုံးအမည်များကို ကျွန်တော်တို့ လေ့လာခဲ့ကြပြီဖြစ်သည်။ ယေရှု၊ ခရစ်တော်၊ အရှင်သခင်၊ ဘုရားသခင်၏တပါးတည်းသာမွေးထားသောသားတော်၊ လူသားတော်၊ ဧမာနွေလ စသည်တို့ဖြစ်ကြသည်။

သူ၏အခြားသောအမည်များသည်လည်း အရေးကြီးကြပါသည်။ ၄င်းတို့က သူ၏အဖြစ်အနေတမျိုးမျိုးကိုအထူးပြုဖေါ်ပြကြပါသည်။ ဥပမာ၊ ရှရွန်နှင်းဆီ၊ တောင်ကြားထဲမှလီလီပန်း စသည်တို့က ကယ်တင်ရှင်အနေဖြင့် သူမည်မျှလှပကြောင်းကို ပြောပြကြသည် (ရှောလမုန်သီချင်း ၂း၁)။ ယုဒအမျိုးအနွယ်၏ခြင်္သေ့(ဗျာ ၅း၅)၊ ကမ္ဘာကြီး၏ ရှင်ဘုရင်တို့၏ရှင်ဘုရင်(ဗျာ ၁း၅) စသည့်အမည်တို့က သူ၏ရှင်ဘုရင်ဖြစ်ခြင်းတန်ခိုးကို သတိရစေပါသည်။

အခြားသောအမည်များ၊ ဒါဝိတ်၏သားတော် (မဿဲ ၁း၁)၊ ဒါဝိတ်၏အမြစ် (ဗျာ ၂၂း၁၆)၊ ဦးခေါင်း (ကော ၂း ၁၉)၊ သတို့သား (မဿဲ ၉း၁၅) စသည်တို့က ဓမ္မဟောင်းကာလ၊ ဓမ္မသစ်ကာလ နှစ်ခုစလုံးရှိ အသင်းတော်နှင့် သူ၏ဆက်သွယ်မှု၊ ဆက်စပ်မှုတို့ကို ဖေါ်ပြပါသည်။

ဤနေရာတွင် ကယ်တင်ရှင်၏နှိမ့်ချတော်မူခြင်းအခြေအနေကို ဖေါ်ပြသောအမည်များလည်း ရှိကြပါသည်။ ခြောက်သွေ့သောမြေပေါ်မှပေါက်လာသောအညှောင့်ငယ်(ဟေရှာ ၅၃း၂)စသည်မျိုးဖြစ်သည်။ အခြားသောအမည်တို့က သူ၏ချီးမြှောက်တော်မူခြင်းခံရပုံကို ပြောပြကြပါသည်၊ လုပခန်းနားခြင်း၏အရှင်သခင် (၁ကော ၂း၈)။ သူ၏ဘုရားဖြစ်တော်မူခြင်းကို ဖေါ်ပြကြသောအမည်များလည်း ရှိပါသည်၊ မြင်၍မရသောဘုရားသခင်၏ပုံသဏ္ဍာန် (ကော ၁း၅)၊ အံ့ဩဖွယ်၊ အကြံပြုသူ/တိုင်ပင်ဖေါ်တိုင်ပင်ဖက်၊ အနန္တတန်ခိုးတော်ရှင်၊ ထာဝရအဖ (ဟေရှာ ၉း၆)၊ နုတ်ကပတ်တော် (ယော ၁း၁)၊ အာလ်ဖါနှင့်အိုမီဂါ (ဗျာ ၁း၈)။ အချို့သောအမည်တို့က သူ၏လူဖြစ်ခြင်းကို ဖေါ်ပြကြသည်။ သားဦး (ကော ၁း ၁၅)၊ သေခြင်းမှပထမမွေးဖွားသူ (ဗျာ ၁း၅)၊ ဒါဝိတ်၏သား (မဿဲ ၂၁း၉)။

ကယ်တင်ရှင်၏ အချို့သောအမည်တို့က သူ၏အလုပ်ကို ပုံဖေါ်ပြကြပါသည်။ ဘုရားသခင်၏သိုးသငယ် (ယော ၁း ၂၉)၊ ငြိမ်းချမ်းရေးအရှင် (ဟေရှာ ၉း၆)၊ သိုးထိန်းကောင်း (ယော ၁၀း၁၁)၊ အုပ်ချုပ်ရေးမှူး (မဿဲ ၂း၆)။ အချို့အမည်တို့က သူ၏အလုပ်အားဖြင့် သူသည် ကျွန်တော်တို့ထံတွင် မည်သို့သောသူဖြစ်ကြောင်းကို ပြောပြကြသည်။ ဖြောင့်မတ်ခြင်းနေမင်း (မာလခိ ၄း၂)၊ ပဋိညာဉ်အကြောင်းပြောပြပေးသူ (မာလခိ ၃း၁)၊ လမ်း၊ အမှန်တရား၊ အသက် (ယော ၁၄း၆)၊ အသက်ပေးသောအစာ (ယော ၆း၈)၊ သစ္စာရှိသက်သေခံ (ဗျာ ၁း၅)။

ထိုနာမည်များအားဖြင့် ယေရှုသည် ထာဝရ၊ အနန္တတန်ခိုးရှင်၊ မပြောင်းလဲသောသစ္စာရှင်၊ လုပခန်းနားခြင်း အလုံးစုံပိုင်သူဖြစ်ကြောင်း ကျွန်တော်တို့ သင်ယူနိုင်ကြပါသည်။ သူသည် အားလုံးကို မြင်သည်၊ သိသည်၊ အုပ်ချုပ်ပါသည်။ သူသည် ဘုရားသခင် အသွေးအသားဖြင့်ပေါ်လာသူ ဖြစ်ပါသည်။ မိမိလူတို့၏တဦးတည်းသောကယ်တင်ရှင်ဖြစ်ပါသည်။ အမှန်ပြောရလျှင် သူ့အကြောင်း ကျွန်တော်တို့သိသမျှသည် ထိုအမည်များ၌ တခုမဟုတ်တခုတွင် ရှင်းစွာပြောပြနေကြပါသည်။ ထို့ကြောင့် ထိုနာမည်များသည် ဘုရားသခင်က သူ့အကြောင်းကို ကျွန်တော်တို့ထံ ဖွင့်ပြတော်မူခြင်းတွင် အရေးကြီးသောအစိတ်အပိုင်းများ ဖြစ်ကြရခြင်းဖြစ်ပါသည်။

သူ၏နာမည်တခုစီတိုင်းတွင် ကျွန်တော်တို့သင်ရသည်မှာ သူ့ထံ၌ "နာမည်တိုင်းထက် ပို၍မြင့်မားသောအမည်" ရှိနေသည်ဆိုသည့်အကြောင်းဖြစ်ပါသည်(ဖိလိ ၂း၉)။ သူ၏အမည်များကို လေ့လာခြင်းအားဖြင့် အခြားကယ်တင်ရှင် မရှိ

နိုင်ကြောင်း သိလာကြပါသည်။ ထို့ကြောင့် မိမိတို့၏ယုံကြည်ခြင်းအားကိုးခြင်းများကို သူ့ထံသို့သာ ထားကြဖို့ အားပေးခံရကြပါသည်။ ထိုနည်းလမ်းဖြင့် သူ၏နာမည်များအကြောင်းကို သိကြသော ကျွန်တော်တို့၊ သူသည် ချစ်စရာကောင်းကြောင်း၊ လူတသောင်းလျှင် တယောက်ပင် မရှိလောက်အောင်ချစ်စရာကောင်းသူဖြစ်ကြောင်း သိလာကြပါသည်။ ထိုအခါ ကျွန်တော်တို့က "ဤသူသည် ငါချစ်ရသူ၊ ငါ့သူငယ်ချင်း"ဟု ပြောလာကြပါတော့သည် (ရှောလမုန်သီချင်း ၅း၁၆)။

## ခရစ်တော်၏စစ်မှန်သောလူ့သားဇာတိအကြောင်း (Christ's Real Human Nature)

ကျွန်တော်တို့၏သခင်ဘုရားနှင့်ပတ်သက်၍ တန်ဖိုးအကြီးဆုံးအမှန်တရားမှာ သူသည် ကျွန်တော်တို့နှင့် အပြစ်မှလွဲ၍ ကျန်သည်များအားလုံးတွင် တူခြင်းဖြစ်ပါသည် (ဟေဗြဲ ၄း၁၅)။ သူသည် ကျွန်တော်တို့နှင့်တူသည်ဆိုသည်မှာ သူ့ထံတွင် ဘုရားဇာတိအပြင် ကျွန်တော်တို့၏လူသားဇာတိလည်း ရှိနေပါသည် ဆိုခြင်းဖြစ်သည်။ သူသည် ပုဂ္ဂိုလ်တဦးတည်းတွင် ဘုရားနှင့်လူသား ဖြစ်နေသူဖြစ်ပါသည်။

ခရစ်တော်၏ လူသားဇာတိအကြောင်းကို ပြောကြသောအခါ ကျွန်တော်တို့ အထူးပြုချင်သောအချက်(၅)ချက် ရှိပါသည်။ သူ့ထံ၌ စစ်မှန်သော၊ ပြည့်စုံသော၊ အပြစ်မဲ့သော၊ အားနည်းသောလူသားသဘာဝ၊ ပဋိညာဉ်လိုင်း၏ဇဟိုမှနေ၍လာသူ စသည်တို့ဖြစ်သည်။

ထိုအမှန်တရားတခုစီတိုင်းသည် ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် အရေးအကြီးနိုင်ဆုံးအဆင့်ဖြင့် အရေးကြီးကြပါသည်။

ခရစ်တော်၌ စစ်မှန်သောလူသားဇာတိရှိသည်ဆိုသည့်အမှန်တရားကို ရှေးကရှိခဲ့သောအသင်းတော်များ၏ သွန်သင်ချက်နှင့် ယနေ့မှားယွင်းသောအသင်းတော်အချို့၏သွန်သင်ချက်ဖြစ်သည့် ခရစ်တော်သည် လူယောက်ပုံစံနှင့်သာလာခဲ့သည်၊ သို့သော် စစ်မှန်သောလူသားခန္ဓာ၊ အသွေးနှင့်အသားနှင့်စစ်မှန်သောလူသားဝိညာဉ်တို့ မရှိပါဟု ပြောသည့်သွန်သင်ချက်ကို ဆန့်ကျင်ကာ အထူးပြုပြောရမည်ဖြစ်သည်။ ကောင်းကင်တမန် လူသားပုံစံဖြင့် ပေါ်လာသကဲ့သို့သာ ဖြစ်ပါသည်ဟု ပြောကြသည်။

ခရစ်တော်သာ စစ်မှန်သောလူသားဇာတိသဘာဝကို မပိုင်ဆိုင်ခဲ့လျှင်၊ ကျွန်တော်တို့၏ကယ်တင်ခြင်းသည်လည်း တကယ့်အရာမဖြစ်နိုင်တော့ပါ။ အကယ်၍သာ သူ၏ခန္ဓာကိုယ်သည် ဖြစ်နေဟန်ရှိသည် ဆိုသည့်အဆင့်သာဆိုလျှင်၊ သူ၏ဝေဒနာခံစားခြင်းနှင့်အသေခံခြင်းသည်လည်း ဖြစ်နေဟန်ရှိသည် ဆိုယုံမျှသာဖြစ်ပါမည်၊ ထိုသို့ဆိုလျှင် ကျွန်တော်တို့၏ ကယ်တင်ခြင်းသည်လည်း ဖြစ်နေဟန်မျှသာ ဖြစ်ပါတော့မည်။ တကယ်မဟုတ်နိုင်တော့ပါ။ ကျွန်တော်တို့ကယ်တင်ခြင်း၏စစ်မှန်မှုသည်၊ သူ၏တကယ့်စစ်မှန်သောလူသားဇာတိအပေါ်တွင် တည်မှီနေပါသည်။ ဟေဗြဲ ၂း၁၄-၁၅က "ထိုကလေးတို့သည် အသွေးနှင့်အသားကို ပါဝင်ဆက်ဆံကြသူများ ဖြစ်ကြသလောက်၊ သူသည်လည်း အတူတူပင် ပါဝင်ဆက်ဆံပါသည်၊" ထို့နောက် ထိုသို့ပြုခြင်းသည် ကယ်တင်ခြင်းအတွက် မရှိမဖြစ်လိုအပ်ကြောင်း ယှဉ်လိုဆက်ပြောသည်၊ "သေခြင်းဖြင့်သေခြင်း၏တန်ခိုးကို ပိုင်ဆိုင်သူ နတ်ဆိုးအား ဖျက်ဆီးပစ်ရန်ဖြစ်သည်၊ ထို့နောက် မိမိတို့ တဘဝလုံး ကျွန်ခံနေရသော သေခြင်းကို ကြောက်ရွံ့နေရခြင်းမှ သူတို့ကို ကယ်လွှတ်ပါသည်။"

ကျမ်းစာက ခရစ်တော်၏လူသားဇာတိ စစ်မှန်ကြောင်းကို သူသည် နေရာတိုင်း၌ကျွန်တော်တို့နှင့်တူညီကြောင်း၊ စုံစမ်းနှောက်ယှက်ခြင်းပင်ခံရကြောင်းကို အထူးပြုလျှက် သင်ပေးယုံမကပါ(ဟေဗြဲ ၄း၁၅)၊ အခြားသော နည်းလမ်းများဖြင့်လည်း သင်ပေးပါသည်။ သခင်ယေရှုဖွားမြင်ခြင်း၊ ကြီးပြင်းလာခြင်း၊ သင်ယူခြင်း၊ နာခံခြင်း၊ စားသောက်ခြင်း၊ မောပန်းခြင်း၊ ငိုကြွေးခြင်း၊ ဝေဒနာခံစားခြင်း၊ သေခြင်း စသည့်အကြောင်း အရာများကိုပြောပြသည့် ကျမ်းပိုဒ်များအားလုံး၌ သူ၏လူသားဇာတိစစ်မှန်ခြင်းကို သင်ပေးပါသည်။ ထိုကျမ်းပိုဒ်တို့က သူသည် လူသားစစ်စစ် တဦးဖြစ်ကြောင်း၊ ကျွန်တော်တို့နှင့်ဘာမဆို၌တူကြောင်း သင်ပေးကြသည်။ ဂေသရှေမန်ဥယာဉ်မှ သူ၏ဝေဒနာခံစားခြင်း၊ ပေတရုငြင်းပယ်ခြင်းကြောင့် စိတ်နာရခြင်း၊ ယုဒ သစ္စာဖေါက်မှုကြောင့် စိတ်နာရခြင်း၊ လက်ဝါးကပ်တိုင်ပေါ် စွန့်ပစ်ခံရခြင်းကြောင့် နာကျင်စွာ ခံစားရခြင်း စသည်တို့ကို သံသယဖြစ်ခြင်းသည် သူ၏မှန်ကန်ခြင်းကိုသာ သံသယဖြစ်သည်မဟုတ်ပါ၊ ထိုဝေဒနာခံစားခြင်းများဖြင့်ရလာသော ကျွန်တော်တို့၏ကယ်တင်ခြင်းကို သံသယဖြစ်ရာလည်း ရောက်ပါသည်။

ထို့ကြောင့် ခရစ်တော်သည် ကျွန်တော်တို့၏အရိုး၊ ကျွန်တော်တို့၏အသား ဖြစ်တော်မူပါသည် (ဧဖက် ၅း၃၀)။ ဘုရားသခင့်ရှေ့တော်တွင် ကျွန်တော်တို့၏ကိုယ်စားပြုထိုက်သူ၊ ကျွန်တော်တို့အပြစ်များအတွက် ယဇ်ပူဇော်ခြင်းအနေနှင့် မိမိအသက်ကိုစွန့်ပေးသူဖြစ်ပါသည်။ သူသည် လူ၏အပြစ်အတွက် ပေးဆပ်ပေးရန်အတွက် လူတဦးဖြစ်လာ သူဖြစ်သည်၊ ကျွန်တော်တို့ကို ဘုရားသခင်ထံသို့ ပို့ပေးသူဖြစ်ပါသည်။

## ခရစ်တော်၏ပြည့်စုံသောလူသားဇာတိအကြောင်း (Christ's Complete Human Nature)

ခရစ်တော်၏လူသားဇာတိနှင့်ပတ်သက်၍ ယုံကြည်ဖို့ရန်လိုအပ်သော အချက်(၅)ချက်ကို ပြောခဲ့ပြီးဖြစ်သည်။ ၄င်းတို့မှာ၊ စစ်မှန်သော၊ ပြည့်စုံသော၊ အပြစ်မဲ့သော၊ အားနည်းသော၊ ပဋိညာဉ်လိုင်း၏ဗဟိုမှနေ၍လာသူ စသည်တို့ဖြစ်သည်။

ယခုတွင် ခရစ်တော်၌ပြည့်စုံသောလူသားဇာတိသဘာဝရှိသည်ဆိုသော အံ့သြစရာအမှန်တရားကို ကြည့်ကြပါမည်။ ဆိုလိုသည်မှာ ခရစ်တော်သည် ကျွန်တော်တို့၏အသွေးအသားဖြင့် ဖွားမြင်လာပါသည်၊ သူထံတွင် လူသား ကိုယ်ခန္ဓာသာမကပါ၊ လူသား၏ဝိညာဉ်လဲ ရှိပါသည်(လုကာ ၂၃း၄၆၊ ယော ၁၂း၂၇)၊ လူသား၏စိတ်ရှိသည် (ဖိ၂း ၅)၊ လူသား၏ အလိုဆန္ဒလည်းရှိသည် (ယော ၆း၃၈)၊ နှလုံးသားလည်းရှိသည် (မဿဲ ၁၁း၂၉)၊ ကျွန်တော်တို့လူသားများတွင် ရှိသမျှသောအရာအားလုံး သူ့ထံတွင် ရှိပါသည်။

သူသည် ဘုရားတဝက်၊ လူသားတဝက် မဟုတ်ပါ၊ ပြည့်စုံသောလူသား၊ ပြည့်စုံသောဘုရား ဖြစ်ပါသည်။ သို့သော် တယောက်တည်းသောခရစ်တော်ဖြစ်ပါသည်။ ထိုအချက်သည် သူ၏လူသားဇာတိခံယူခြင်း၏ အံ့သြစရာ၊ လျှို့ဝှက်နက်နဲခြင်းနှင့် လှပခန်းနားခြင်းတို့ဖြစ်ပါသည်။

ထိုအမှန်တရားကို အသင်းတော်သမိုင်းလျှောက်တွင် ငြင်းဆန်ခဲ့ကြသည်။ အချို့က လူသားဇာတိခံယူခြင်းကို၊ ခရစ်တော်၌ လူသားခန္ဓာကိုယ်သာရှိသည်၊ သို့သော် လူသား၏စိတ်နှင့် ဝိညာဉ်နေရာ၌ သူ၏ဘုရားဖြစ်ခြင်းက နေရာဝင်ယူသည်ဟု ရှင်းပြဖို့ ကြိုးစားကြသည်။ ထို့ကြောင့် တူညီသောဥပမာပေးရလျှင် သူသည် တိရိစ္ဆာန်ကိုယ်နှင့် လူသားစိတ်ရှိသူကဲ့သို့ ဖြစ်နေပါမည်။ ထိုသို့ဖြစ်လျှင် ခရစ်တော်၌ပြည့်ဝသောလူသားဇာတိ မရှိတော့ပါ၊ တစိတ်တပိုင်းသာ ရှိပါတော့မည်။

သို့သော် ခရစ်တော်၌ ပြည့်ဝသောလူသားဇာတိရှိသည်ဟု ယုံကြည်ခြင်းသည် အလွန့်အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ကယ်တင်ခြင်းသည် ထိုအပေါ်၌ တည်နေပါသည်။

ခရစ်တော်သည် ကျွန်တော်တို့၏လူသားဇာတိသဘာဝအစိတ်အပိုင်းအားလုံးကို မိမိအပေါ်သို့ ယူဆောင်ရပါမည်။ အဘယ်ကြောင့်ဆိုသော် အစိတ်အပိုင်းတခုစီတိုင်းသည် ကယ်တင်ရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။ ကျမ်းစာအမှန်တရားတခုဖြစ်သည် လုံးလုံးလျှားလျှားပျက်ဆီးနေခြင်းဆိုသည့်ဩဝါဒက ကျွန်တော်တို့၏အစိတ်အပိုင်း တခုစီတိုင်းသည် ပျက်စီးယိုင်ယွင်းလျှက်ရှိသည်ဟု သင်ပေးပါသည်။

ကျွန်တော်တို့၏ကိုယ်ခန္ဓာသည် ညစ်နွမ်းနေပါသည် (ဖိ ၃း၂၁)။ ကျွန်တော်တို့ဝိညာဉ်သည် ပျောက်ဆုံးနေသည် (မဿဲ ၁၆း၂၆)။ ကျွန်တော်တို့အလိုဆန္ဒသည် ကျွန်ဖြစ်နေပါသည် (ရောမ ၆း၁၆)၊ ကျွန်တော်တို့စိတ်၌ ဇာတိနှင့်ဆိုင်သည်များသာ ရှိပါသည်၊ ဘုရားသခင်ကိုဆန့်ကျင်ခြင်းတို့နှင့် ပြည့်နေပါသည်၊ ထို့ကြောင့် ဘုရားသခင်၏ပညတ်တော်များအောက်၌ မနေနိုင်ပါ (ရောမ ၈း၇၊၈)၊ ကျွန်တော်တို့နှလုံးသားသည် အရာခပ်သိမ်းထက်ကောက် ကျစ်စဉ်းလဲပါသည်၊ ရစရာမရှိအောင် ဆိုးညစ်ပါသည် (ယေ ၁၇း၉)။ ကျွန်တော်တို့၏လူသားဇာတိထဲတွင် ကောင်းကွက်ကလေး တကွက်မျှ မရှိပါ။

ထို့ကြောင့် ခရစ်တော်သည် ကျွန်တော်တို့၏ပြည့်ဝသောလူသားဇာတိသဘာကို သူ့အပေါ်သို့ ယူတင်ဝတ်ဆောင်ပါသည်၊ ထိုသို့ဖြင့် သူသည် ထိုအထဲ၌ အစိတ်အပိုင်းအားလုံးတို့အတွက် အပြစ်ဖြေခြင်းကိုပြုသည့်အနေနှင့် ဝေဒနာများကို ခံစားနိုင်မည်ဖြစ်ပါသည်။ ထိုနည်းလမ်းဖြင့် သူသည် ကျွန်တော်တို့ကို ကယ်တင်ပါသည်၊ နှလုံးသား၊ စိတ်၊ ဝိညာဉ်၊ ခွန်အား စသည်တို့ကို အပြစ်၏တန်ခိုးနှင့်လွှမ်းမိုးအုပ်ချုပ်မှုမှနေ၍ ကယ်တင်ခြင်းဖြစ်ပါသည်၊ ထို့နောက် ကျွန်တော်တို့ကို ကျွန်တော်တို့၌ရှိသမျှဖြင့် ဘုရားသခင်၏အစေခံများ၊ သားသမီးများ ဖြစ်လာစေပါသည်။

ခရစ်တော်သည် ပြည့်ဝသောကယ်တင်ရှင်ဖြစ်ပါသည်။ သူ့အတွက် ဘုရားသခင်ကိုကျေးဇူးတင်ရပါမည်။ သူမှလွဲ၍ အခြားသောကယ်တင်ရှင်မရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

## ခရစ်တော်၏အပြစ်မဲ့သောလူသားဇာတိအကြောင်း (Christ's Sinless Human Nature)

ခရစ်တော်၏လူသားဇာတိအကြောင်း ယုံကြည်ရမည့်အမှန်တရားငါးခုမှ နှစ်ခုကိုပြောခဲ့ကြပြီဖြစ်သည်။ သူ့ထံတွင် စစ်မှန်သော၊ ပြည့်စုံသော လူသားဇာတိသဘာဝရှိသည်ဆိုသော အံ့သြစရာသင်ကြားမှုကို လေ့လာခဲ့ကြပြီ။ ယခု သူ့ထံတွင် အပြစ်မဲ့သောလူသားဇာတိရှိသည်ဆိုသော အရေးကြီးသည့်အမှန်တရားကို လေ့လာကြပါမည်။

သူသည် အပြစ်မဲ့ကြောင်း ဟေဗြဲ ၄း၁၅ တွင် အရှင်းဆုံးပြောပြပါသည်။ ၄င်းကို ဟေရှာ ၅၃း၉၊ လုကာ ၁း ၃၅ နှင့် ၂ကော ၅း၂၁ တို့တွင်လည်း သင်ပေးပါသည်။ သို့သော် ဟေဗြဲ ၄း၁၅ က ခရစ်တော် အပြစ်ပြုနိုင်ပါသလား ဆို

သောမေးခွန်းကို မေးလာပါသည်၊ သူသည် ကျွန်တော်တို့ကဲ့သို့ နေရာတိုင်းတွင် စုံစမ်းသွေးဆောင်ခြင်းကိုခံရပါသည်ဟု ပြောထားသောကြောင့်ဖြစ်သည်။ တနည်းဖြင့်ပြောရလျှင်၊ ခရစ်တော်၏အပြစ်မဲ့ခြင်းဆိုသည်မှာ သူ အပြစ် မလုပ်ပါဟု ဆိုလိုပါသလား၊ (သို့) သူ အပြစ်မလုပ်နိုင်ပါဟု ဆိုလိုပါသလား?

အချို့က ခရစ်တော်သည် သူ၏လူသားဇာတိမှနေ၍ အပြစ်ပြုနိုင်မှသာ သူခံရသော စုံစမ်းသွေးဆောင်ခြင်းများသည် စစ်မှန်နိုင်ပါမည်ဟု ပြောကြပါသည်။ သူသည် အပြစ်မလုပ်ပါ၊ အဘယ်ကြောင့်ဆိုသော် သူသည် ဘုရားသခင်ဖြစ်သောကြောင့်ပင်ဟုပြောကြသည်။ ထိုသို့သောသွန်သင်မှုကိုနားလည်ရန်၊ သူ့အတွက် အပြစ်ပြုရန်သည် မဖြစ်နိုင်သောအရာဖြစ်ကြောင်းကို အထူးပြု၍ပြောရပါမည်။ ကျွန်တော်တို့ သတိပြုရမည့်အချက်မှာ ဇာတိသဘာဝက အပြစ်ပြုခြင်း မဟုတ်ပါ၊ ပုဂ္ဂိုလ်ကသာ အပြစ်ပြုခြင်းဖြစ်သည် ဆိုသည့်အချက်ကို ဖြစ်ပါသည်။ ခရစ်တော်၌ ပုဂ္ဂိုလ်တခုသာရှိသည်၊ ၄င်းမှာ ဘုရားသခင်၏သားတော်ဖြစ်သည်။ ဘုရားသခင်အနေနှင့် သူသည် အပြစ်မပြုနိုင်ပါ။ ခရစ်တော်သည် သူ၏လူသားဇာတိအတွင်း၌ အပြစ်ပြုနိုင်သည်ဟု ပြောခြင်းသည်၊ ဘုရားသခင်က အပြစ်ပြုနိုင်သည်ဟု ပြောခြင်းနှင့် အတူတူ ဖြစ်ပါသည်။ ခရစ်တော်သည် လူသားဇာတိအတွင်းရှိနေခဲ့စဉ်ကပင် ဘုရားသခင်၏ထာဝရသားတော်အဖြစ်နှင့် ရှိနေခဲ့ခြင်းဖြစ်သည်။ ထိုအချက်ကို ၂ကော ၅း၂၁က အသေအခြာပြောသည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ သူသည် အပြစ်ကို မသိခဲ့ပါဟု ပြောထားပါသည်။ ထို့အပြင် ဟေဗြဲ ၇း၂၆က "သူသည် သန့်ရှင်းသူ၊ ဒုက္ခမပေးသူ၊ ပညစ်ငြူးသူ၊ အပြစ်သားများနှင့်သီးခြားနေသူ"ဖြစ်သည်ဟု ဆက်ပြောပါသည်။

ခရစ်တော်တွင် အပြစ်မရှိဆိုခြင်းသည်၊ သူ့ထံတွင် မူလအပြစ်မရှိဟု ပြောခြင်းလဲဖြစ်ပါသည်။ အာဒံ့ထံမှ ကျွန်တော်တို့ရသောအပြစ်ဖြစ်သည်(ရောမ ၅း၁၂)။ ထိုရှုထောင့်မှနေ၍ သူသည် မညစ်ငြူးသူဖြစ်ပါသည်။ အပျိုစစ်စစ်မှ မွေးလာခြင်း၊ ဘုရားသခင်သည်သူ၏ဖခင်ဖြစ်ခြင်း၊ သူ၏လူသားဇာတိအတွက်လည်းဖြစ်သည်၊ စသည်တို့က အာဒံ့သားသမီးများ အားလုံးထဲတွင် ခရစ်တော်သာ စင်ကြယ်စွာ၊ သန့်ရှင်းစွာ မွေးလာသူဖြစ်သည်ဟု အာမခံချက် ပေးနေပါသည်။

သူ့ထံတွင် မူလအပြစ်မရှိယုံသာမကပါ၊ တကယ်ကျူးလွန်သောအပြစ်လဲမရှိပါ။ သူ၏တဘဝလုံး၊ မွေးဖွားစမှနေ၍၊ ခရစ်တော်သည် ဘုရားသခင်၏ပညတ်တော်ကို မည်သည့်အခါကမျှ မချိုးဖေါက်ပါ၊ အသေးအဖွဲကိစ္စ၌ပင် အမှား မလုပ်ပါ၊ ဘုရားသခင့်လုပခန်းနားခြင်းကို မဖေါ်ထုတ်သည့်စကား တခွန်းကိုမျှ အချည်းနှီးမဲ့ မပြောခဲ့ပါ။ သူသည် ပြည့်စုံလွန်းသူဖြစ်ပါသည်။

ထို့ကြောင့် အချုပ်အနေနှင့်၊ သူ၏အပြစ်မဲ့ခြင်းအကြောင်းကိုပြောရလျှင် သူ့ထံတွင် မူလအပြစ်မရှိပါ၊ တကယ်ကျူးလွန်သောအပြစ်မရှိပါ၊ အပြစ်ပြုနိုင်ခြေရှိမှု သူ့ထံတွင်မရှိပါ။ ထို့ကြောင့် သူသည် ကျွန်တော်တို့၏ကယ်တင်ရှင် ဖြစ်ထိုက်သူဖြစ်သည်ဟု ဟေဗြဲသြဝါဒစာက ပြောနေရခြင်းဖြစ်ပါသည်။

အပြစ်မရှိသူဖြစ်သဖြင့် သူသည် ပထမအနေနှင့်သူ့အပြစ်အတွက် ယဇ်ပူဇော်စရာမလိုပါ၊ သို့သော် ကျွန်တော်တို့အတွက် ပြည့်စုံသောယဇ်ကို ပူဇော်ပေးနိုင်ပါသည် (ဟေဗြဲ ၇း၂၇)။ ထို့ကြောင့် သူသည် ကျွန်တော်တို့၏နေရာတွင် အပြစ်ဖြစ်လာနိုင်သူဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်တော်တို့ကို ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သူများ ဖြစ်လာစေ နိုင်ပါမည် (၂ကော ၅း၂၁)။

ထို့ကြောင့် ခရစ်တော်၏အပြစ်မဲ့ခြင်းသည်၊ သူ၏ဖြောင့်မတ်ခြင်း ပြည့်စုံကြောင်း အာမခံဖြစ်လာပါသည်။ ၄င်းသည် ကျွန်တော်တို့အတွက်ဖြစ်ပါသည်။ သူ၏သေခြင်းဖြင့် ပြုလုပ်သော ထိုက်တန်ခြင်းအားလုံး သူ့အတွက် မလိုအပ်ပါ၊ ကျွန်တော်တို့အတွက် လုပ်ပေးခြင်းသာဖြစ်ပါသည်။ ကျွန်တော်တို့ကသာ ၄င်းတို့ကို အသည်းအသန်လို အပ်ကြပါသည်။

## ခရစ်တော်၏အားနည်းသောလူ့သားဇာတိအကြောင်း (Christ's Weakened Human Nature)

ယခုတွင် ခရစ်တော်၏လူသားဇာတိနှင့်ပတ်သက်သည့် ကြီးမြတ်သောစတုတ္ထအမှန်တရားကို ကြည့်ပါမည်။ ယခုချိန်တွင် ကျက်သရေနှင့်ပြည့်စုံလှသောလူသားဇာတိကို ပိုင်ဆိုင်နေသူသည်၊ ကမ္ဘာပေါ်တွင်ရှိနေခဲ့စဉ်က အားနည်းသောလူသားဇာတိကိုသာ ပိုင်ဆိုင်ခဲ့ပါသည်။ သူ၏လူသားဇာတိသည် စစ်မှန်ယုံ၊ ပြည့်စုံယုံ၊ အပြစ်မဲ့ယုံ မကပါ၊ အားနည်းသောလူသားဇာတိလဲ ဖြစ်ပါသည်။

ခရစ်တော်၌ အားနည်းသောလူသားဇာတိရှိသဖြင့်၊ မြေကြီးပေါ်တွင်အသက်ရှင်သမျှကာလပတ်လုံး၊ အပြစ်၏ရလဒ်မျိုးစုံအောက်တွင် အသက်ရှင်ခဲ့ရပါသည်၊ သို့သော် အပြစ်ပြုခြင်းတော့မပါပါ။ သူသည် ဖျားနာခြင်း၊ ဆာလောင်ခြင်း၊ ဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ အားနည်းခြင်း စသည်တို့အောက်တွင်နေထိုင်ခဲ့ပါသည်၊ နောက်ဆုံး သေခြင်းကိုပင် တွေ့ကြုံခဲ့ပါသည်။ ကျွန်တော်တို့နှင့်အတူတူပင်ဖြစ်သည်။ သူသည် "ငါတို့ချည့်နဲ့ခြင်း၏ ခံစားချက်များကို ဂရုဏာထားသူ" ဖြစ်ပါသည် (ဟေဗြဲ ၄း၁၅)။

ရောမ ၈း၃က ခရစ်တော်သည် အပြစ်အသွေးအသားနှင့်တူသောပုံသဏ္ဍာန်နှင့်လာခဲ့ပါသည်ဟု ပြောပါသည်။ ထိုကျမ်းပိုဒ်က သူ့ထံတွင် အပြစ်ရှိသည်ဟုတော့မသင်ပါ၊ အပြစ်တရားကြောင့် ကျွန်တော်တို့အသွေးအသားပေါ်သို့ ရောက်လာသော ဆိုးညစ်မှုများအားလုံးအောက်တွင် အသက်ရှင်ပေးရန်လာသည်ဟုပြောခြင်းဖြစ်သည်။ အပြစ်နှင့်ပြည့်သော ကျွန်တော်တို့အသွေးအသား၏အားနည်းချက်များအားလုံးကိုဆိုလိုပါသည်။

ထို့ကြောင့် သူသည် အပြစ်မဲ့သောအသွေးအသားပုံသဏ္ဍာန်နှင့်မလာခဲ့ပါ။ သူသည် အာဒံလိုမဟုတ်ပါ၊ ပထမဆုံးဖန်ဆင်းခံရလျှက်၊ ပထမအခြေအနေ၏လှပခန်းနားခြင်း ကြီးကျယ်မြင့်မြတ်ခြင်းအခြေအနေဖြင့်လာခဲ့ခြင်း မဟုတ်ပါ။ ထိုအခြေအနေကို ပျောက်ဆုံးသွားသော၊ မိမိတို့ကိုယ်ကိုအပေါ် ပျက်ဆီးယိုယွင်းခြင်း၊ ဒုစရိုက်ပြည့်ဝခြင်း တို့ကိုသာမက ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာကိုလဲ ယူဆောင်ကြသူ ကျွန်တော်တို့၏အခြေအနေနှင့် လာခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချက်သည် အရေးကြီးသောအမှန်တရားဖြစ်သည်။ ရောဂါဘယများ၊ ဝေဒနာခံစားခြင်းများ၊ ဝမ်းနည်းခြင်းများနှင့် သေခြင်းတို့သည် ကျွန်တော်တို့အပြစ်ကြောင့်ထွက်လာသော ရလဒ်များဖြစ်ပါသည်၊ အပြစ်အပေါ်ထားရှိသော ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာဖြစ်ပါသည်။ ခရစ်တော်က ကျွန်တော်တို့၏ ထိုအားနည်းချက်များကို မိမိအပေါ်သို့ ယူဆောင်ခြင်းသည်၊ ကျွန်တော်တို့ကိုယ်စား ကျိန်ခြင်းကိုခံစားပေးခြင်း၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။ ကျွန်တော်တို့၏ ကျိန်ခြင်းများကို မိမိကိုယ်အပေါ်သို့ ယူဆောင်ခြင်းနည်းလမ်းဖြင့် သခင်ယေရှုသည် ကျွန်တော်တို့၏ အားနည်းခြင်းများအားလုံးကို မိမိအပေါ်သို့ ယူတင်ဝတ်ဆောင်ကာ၊ ၄င်းတို့ကို ကျွန်တော်တို့ထံမှအဝေးသို့ယူဆောင် သွားပေးပါသည်။ ထို့ကြောင့် သူ၏အားနည်းခြင်းများအားလုံးသည် ကျွန်တော်တို့အတွက် နှစ်သိမ့်စရာချည်းသာ ဖြစ်နေပါသည်။

ဟေရှာယက ခရစ်တော်အကြောင်း ပရောဖက်ပြုသည့်အခါ၊ သူ့ကို “ဝမ်းနည်းစရာတို့နှင့်ပြည့်နေသူ၊ ပူဆွေးခြင်းကို သေချာသိသူ”ဟုခေါ်ပါသည် (ဟေရှာ ၅၃း၃)။ ခရစ်တော်၏ဝမ်းနည်းခြင်းများကို ဤသို့ရှင်းပြနိုင်ပါမည်ဟု ဟေရှာယက ဆက်ပြောပါသည်၊ “ထိုသူသည် ငါတို့၏အနာရောဂါ(အားနည်းခြင်း)များကို ယူတင်ဆောင်ရွက်လေ၏၊ --- ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏၊ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်လေ၏၊” (၄-၅)။

ခရစ်တော်၏သေခြင်းကသာ ဖြန်ဖြေပေးခြင်းတန်ခိုးကို ပိုင်သည်မဟုတ်ပါ၊ သူမြေကမ္ဘာပေါ်အသက်ရှင်နေခဲ့မှုတခုလုံးတွင် သူဖြတ်သန်းခဲ့ရသော ဝေဒနာခံစားခြင်းအားလုံးကလည်း ပိုင်ဆိုင်ပါသည်။ ထိုအချက်ကို သူကိုယ်တိုင်က ယွှလိုဝန်ခံချက်ပြုပါသည်၊ “အကျွန်ုပ်သည် ပူပန်ခြင်းရှိ၍၊ အသက်ကာလကို လွန်စေရပါ၏၊ နှစ်စဉ်အတိုင်း ညည်းတွားလျှက် နေရပါ၏၊ ကိုယ်အပြစ်ကြောင့် အကျွန်ုပ်အားလျော့၍၊ ရန်သူများကြောင့် အရိုးတို့သည် ဆွေးမြေ့ကြပါ၏။” (ဆာလံ ၃၁း၁၀)

ဤနေရာတွင် ခရစ်တော်၏အခက်အခဲခံစားခြင်း၊ ဝေဒနာခံစားခြင်းတို့မှ ရောက်လာသော နှစ်သိမ့်မှုများကို ကျွန်တော်တို့အတွက် ထပ်မံတွေ့နေရပါသည်။ ထိုခံစားရမှုတို့က ပြောနေသည်မှာ သူသည် ကျွန်တော်တို့၏ အခက်အခဲများ၊ ရုန်းကန်ရခြင်းများကို လက်တွေ့အတွေ့အကြုံအားဖြင့် သိနေသည်ဆိုသည့်အကြောင်းဖြစ်သည်။ သူသည် ထိုအရာများ အားလုံးကို တွေ့ကြုံခဲ့ပါသည်၊ ထို့ကြောင့် “ငါတို့အခက်အခဲဒုက္ခတွေကို ဘယ်သူမှနားမလည်ပါဘူး”ဟု မပြောပါနှင့်၊ ခရစ်တော်က နားလည်ပါသည်။

ဤနည်းလမ်းဖြင့် ကျွန်တော်တို့ ကယ်တင်ရှင်၏ အားနည်းချက်များ၊ နာကျင်မှုများ၊ ဝမ်းနည်းမှုများ၊ ဒုက္ခဝေဒနာ ခံစားခြင်းများသည် ကျွန်တော်တို့ကယ်တင်ခြင်းရဖို့ လိုအပ်သောအရာများဖြစ်ကြပါသည်။ ထို့ကြောင့် သူခံစားရသော ဝမ်းနည်းခြင်းများနှင့်တူသောအရာမရှိဟု သိယုံမြင်ယုံသာမက၊ ယုံကြည်ရမည်ဖြစ်ပါသည်၊ (ယေမြည် ၁း၁၂)။

### ခရစ်တော်ခံရသောစုံစမ်းနှောက်ယှက်ခြင်းများအကြောင်း(The Temptations of Christ)

ဟေဗြဲ ၄း၁၅က ခရစ်တော်ထံတွင် အားနည်းသော၊ သို့သော် အပြစ်မဲ့သော လူသားဇာတိရှိပါသည်ဟုပြောပြပါသည်။ ၄င်းတို့ကို ရှင်းပြခဲ့ပြီးဖြစ်သည်။ ထိုအချက်နှစ်ချက်က ခရစ်တော်ခံရသော စုံစမ်းနှောက်ယှက်ခြင်းနှင့်ပတ်သက်၍ မေးခွန်းများထွက်ပေါ်လာစေပါသည်။ သူသည် အပြစ်မဲ့သူဖြစ်လျှင် မည်ကဲ့သို့ စုံစမ်းနှောက်ယှက်ခံရနိုင်မည်နည်း? သူသည် အပြစ်ပြုရန်မဖြစ်နိုင်သူဖြစ်ပါက သူခံရသောစုံစမ်းနှောက်ယှက်ခြင်းများသည် မည်သို့လျှင် အစစ်အမှန်ဖြစ်နိုင်မည်နည်း? သူသည် အပြစ်မပြုနိုင်သူဖြစ်လျှင်၊ တကယ်ဘဲ ကျွန်တော်တို့နှင့်နေရာတိုင်းတွင်တူသော အားနည်းသည့်လူ့ဇာတိကို ယူဆောင်ခြင်းဖြစ်နိုင်ပါမည်လား?

ခရစ်တော်ခံရသော စုံစမ်းနှောက်ယှက်ခြင်းများသည် တကယ်ဖြစ်ကြောင်း ကျမ်းစာအရရှင်းနေပါသည်။ ၄င်းတို့ ပြီးဆုံးသောအခါ၊ သူသည် ကောင်းကင်တမန်များ၏ပြုစုခြင်းကို လိုအပ်ခဲ့ပါသည် (မဿဲ ၄း၁၁)။ စုံစမ်းနှောက်ယှက်ခြင်း ခံ

ရသောအခါ၊ ကျွန်တော်တို့ကဲ့သို့ပင် ခံစားရသည့် အားနည်းသောလူသားဇာတိကို ပိုင်ဆိုင်ခဲ့ပါသည်။ သို့သော် ထိုသို့ ပြောခြင်းက အထက်ကမေးသောမေးခွန်းများကို အဖြေမပေးနိုင်ပါ၊ သူသည် အပြစ်မပြုနိုင်သူဖြစ်လျှင် စုံစမ်းနှောက်ယှက် ခံရခြင်းများ မည်သို့လျှင် တကယ်ဖြစ်နိုင်ပါမည်နည်း?

အချို့က ဤပြဿနာကိုဖြေရှင်းရန်၊ ခရစ်တော်သည် သူ၏လူသားသဘာဝဖြင့် အပြစ်ပြုနိုင်သော်လည်း၊ ဘုရားဇာတိအားဖြင့်မူ အပြစ်မပြုနိုင်ပါဟုပြောကြသည်။ ထိုဖြေရှင်းချက်ကို ကျွန်တော်တို့ လက်မခံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြောလျှင်၊ သူသည်ပြည့်စုံသောသူမဟုတ်ဟု နိဂုံးချုပ်ရမည်ဖြစ်သည်၊ ထိုသို့မပြောရပါ။ သူသည် ဘုရားသခင်၏ တပါးတည်းသာမွေးထားသောသားတော်ဖြစ်သဖြင့်၊ သူ၏ဇာတိအားဖြင့် အပြစ်ပြုနိုင်သည်ဟု ပြောခြင်းသည်၊ ဘုရားသခင်၏သားတော်က အပြစ်ပြုနိုင်သည်ဟုပြောခြင်းဖြစ်နေပါသည်၊ ထိုသို့ပြောခြင်းသည် ဘုရားသခင်ကို စော်ကားခြင်းဖြစ်ပါသည်။

"ဘုရားသခင်သည် အသွေးအသား၌ပေါ်လာတော်မူသည်"(၁တိ ၃း၁၆)ဆိုသည့် နက်နဲလှသောအကြောင်းအရာ၊ ထူးဆန်းလွန်းသောအကြောင်းအရာကို ဖြေရှင်းနိုင်ပါသည်ဟု ဟန်မဆောင်ဘဲ၊ ကျွန်တော်တို့သည် ခရစ်တော် ခံရသောစုံစမ်းနှောက်ယှက်ခြင်းများကို နားလည်နိုင်ရန် ကျမ်းစာကအကူအညီပေးပါသည်ဟု ယုံကြည်ကြပါသည်။ ကျွန်တော်တို့ နားလည်ရမည်မှာ၊ စုံစမ်းနှောက်ယှက်ခြင်း၊ သွေးဆောင်ဖျားယောင်းခံရခြင်း စသည့်စကားလုံးများကို မူရင်းဂရိကျမ်းစာတွင် စကားတလုံးတည်းသာ သုံးထားကြောင်းကိုဖြစ်သည်။ ထိုသို့သုံးခြင်းဖြင့် ကျွန်တော်တို့အတွက် အင်မတန်ခြားနားသောအဓိပ္ပါယ်ရှိသယောင် စကားလုံးများသည် တကယ်တမ်းတွင် စာတန်နှင့်အပြစ်ကို ဆန့်ကျင်ရ ခြင်းဖြစ်သည့် တခုတည်းသောဝိညာဉ်ရေးရာရုန်းကန်ရမှု၏ ရှုထောင့်နှစ်ခုဖြစ်သည်ကို ပြောနေခြင်းဖြစ်ပါသည်။ စာတန်က ကျွန်တော်တို့ကို ဖျားယောင်းသွေးဆောင်ခြင်းသည် တချိန်တည်းတွင် ဘုရားသခင်က စုံစမ်းနေခြင်းဖြစ်ပါသည်။

ထိုအချက်သည် ဘုရားသခင်က အပြစ်နှင့်စာတန်ကို အစိုးရတော်မူကြောင်း ကြီးမားသောသက်သေပြချက် ဖြစ်သည်။ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါဟု ဆုတောင်းတိုင်း ကျွန်တော်တို့က ဖေါ်ပြသော သက်သေပြချက်လည်း ဖြစ်ပါသည်။ ထိုအချက်က ခရစ်တော်ခံရသောစုံစမ်းခြင်းကိုနားလည်ဖို့ အကူအညီပေးပါသည်။

ထို့ကြောင့် ခရစ်တော်ကို စာတန်က စုံစမ်းချိန်တွင် တချိန်တည်း၌ ဘုရားသခင်က သူ့ကို စစ်နေပါသည်။ ထိုသို့ စဉ်းစားသောအခါ၊ သူ၏စုံစမ်းခြင်းခံရချိန်တွင် ဘာကြောင့် အပြစ်မပြုနိုင်သနည်း? ဆိုသည့်အကြောင်းနှင့်၊ ဘာကြောင့် စုံစမ်းခြင်းကိုခံယူသနည်း? ဆိုသည်တို့ကို နားလည်လာပါသည်။

ခရစ်တော်ခံရသောစုံစမ်းခြင်းများသည် စာတန်နှင့်အပြစ်ကို တိုက်ပွဲဝင်ခြင်းဖြစ်သည်၊ ဘုရားသခင်က ခရစ်တော်သည် ထိုတန်သူဖြစ်ကြောင်း၊ အပြစ်မရှိကြောင်း ကျွန်တော်တို့ကိုသိစေချင်၍ စေလွှတ်လိုက်သောစစ်ဆေးချက် ဖြစ်သည်။ ဤရှုထောင့်မှကြည့်လျှင်၊ သူသည် အပြစ်ပြုနိုင်ခြေရှိမှ စုံစမ်းခြင်းသည် တကယ်ဖြစ်မည်ဆိုသည်မျိုး တွေးစရာမလိုတော့ပါ၊ သို့သော် သူခံရသောစုံစမ်းခြင်းများသည် တကယ်ဖြစ်ပါသည်၊ ခက်ခဲကြပါသည်၊ သူသည်ကျွန်တော်တို့ ခံရသကဲ့သို့ နေရာတိုင်းတွင် စုံစမ်းခြင်းခံခဲ့ရပါသည်။

ထိုအချက်ကို နားလည်ဖို့အရေးကြီးပါသည်။ စာတန်ကိုဆန့်ကျင်ခြင်းတွင် ခရစ်တော်၏အပြစ်ကင်းမဲ့ခြင်းသည် ထိုသို့သောဆန့်ကျင်ခြင်းကို ပြုနေကြရသည့် ကျွန်တော်တို့အတွက် အားရှိစေသောအရာဖြစ်ပါသည်။ ကျွန်တော်တို့သည် သူ့ကိုအမြဲကြည့်လျှက်စံထားရပါမည်၊ မဟုတ်ပါက ကျွန်တော်တို့စိတ်ဓါတ်များ "အားနည်းလာကာ၊ စိတ်ပျက်လာပါမည်။" (ဟေဗြဲ ၁၂း၂၃)

**ခရစ်တော်၏ဗဟိုကျသောလူသားဇာတိအကြောင်း** (Christ's Central Human Nature)

ခရစ်တော်၌ စစ်မှန်သော၊ ပြည့်စုံသော၊ အပြစ်မဲ့သော၊ အားနည်းသောလူသားသဘာဝရှိသည်ဟု လေ့လာခဲ့ကြပြီ၊ ယခုထပ်၍ သီသြလောဂျီပညာရှင်အများက လစ်လျူရှုကြသည့် ပဥ္စမမြောက်ဂုဏ်လက္ခဏာကို ဆက်ပြောကြပါမည်၊- သူ၏ ဗဟိုကျသောလူသားဇာတိအကြောင်း။

ထိုခေါင်းစဉ်ကပြောချင်သည်မှာ ခရစ်တော်သည် မာရိ၏အသွေးနှင့်အသားမှ မွေးဖွားလာပါသည်ဆိုသည့် အကြောင်းဖြစ်သည်။ သူသည် ဂျူးတယောက်ဖြစ်သည်၊ ဒါဝိတ်မျိုးနွယ်မှလာသည်၊ အာဗြဟံ၏အမျိုးအနွယ်တဦးဖြစ်သည်။ ထို့အပြင် အာဒံ့သားအစစ်တယောက်လည်းဖြစ်သည်၊ ကျွန်တော်တို့၏အသွေးအသား(အမျိုး)ဖြစ်ပါသည်။

ထိုအရာသည် သူ့ဘာသာသက်သေပြနေသလိုဖြစ်ပါသည်၊ သို့သော် အသင်းတော်သမိုင်းတလျှောက်တွင် ထိုအမှန်တရားကို တွင်တွင်ငြင်းဆိုခဲ့ကြသည်မှာ၊ ယနေ့ထိဖြစ်သည်။ အချို့က ခရစ်တော်သည် သူ၏ခန္ဓာကို ကောင်းကင်ဘုံမှ တိုက်ရိုက်ယူလာခဲ့သည်၊ ထို့ကြောင့် ကိုယ်ဝန်ဆောင်စဉ်မွေးဖွားစဉ်၊ ရေပိုက်မှနေ၍ ရေဖြတ်သွားသလို၊ မာရိ၏ ဝမ်းဗိုက်

မှ ဖြတ်သန်းသွားယုံသာဖြစ်သည်ဟု သင်ကြသည်။ (သို့) သူ၏လူသားဇာတိတိကို မာရိ၏ဝမ်းထဲတွင် အထူးစပယ်ရှယ် ဖန်ဆင်းသည်၊ ထို့ကြောင့် မျိုးနွယ်ဆက်အရ၊ အသွေးအသားအရ သူသည် မာရိသားမဟုတ်ပါဟု သင်ကြပါသည်။

ထိုသို့သောသွန်သင်မှုကို အသင်းတော်ပြန်လည်ပြုပြင်ရေးကာလ(ဆယ်ခြောက်ရာစု)၌ အန်နာဘတ်တစ် (နှစ်ခြင်းအသင်းတော်များ၏ရှေ့ပြေးများ)ကသွန်သင်ကြသည်။ မကြာခင်က (နှစ်ဆယ်ရာစု) နီယိုဩသောဒေါ့သီဩလော်ဂျီပညာရှင် ကာလ်ဘာ့သ်(Karl Barth)ကလည်း သွန်သင်ပါသည်။ ၄င်းတို့က ထိုသို့သင်ရခြင်းမှာ ခရစ်တော်၏အပြစ်ကင်းခြင်းကို သက်သေပြနိုင်ကြရန်ဖြစ်သည်။ သခင်ယေရှုသည် လူသားမျိုးနွယ်မှသာမဟုတ်လျှင် သူ့ထံတွင် လူသား၏အပြစ်များခြင်းတို့ ကူးဆက်မည့်အခွင့်အရေး ရှိနိုင်တော့မည်မဟုတ်ဟု ယူဆကြ၍ဖြစ်သည်။

သို့သော် ခရစ်တော်၏အပြစ်မဲ့ခြင်းကို သက်သေပြဖို့ ထိုအမြင်များကို ခံယူနေရန် မလိုအပ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပဋိသန္ဓေယူခြင်းကိုယ်၌က အပြစ်မဲ့ခြင်းကို သက်သေပြပြီးဖြစ်ပါသည်၊ လုကာ ၁း၃၅။

အန်နာဘတ်တစ်နှင့်ကာလ်ဘာ့သ်တို့၏အမြင်များကို လက်ခံလျှင်၊ ခရစ်တော်သည် အပြစ်မှလွဲ၍ ကျန်အရာအားလုံးတွင် ကျွန်တော်တို့နှင့်တူသူဖြစ်သည်ဆိုသည့်အမှန်တရားကို ငြင်းရာရောက်နေပါမည်(ဟေဗြဲ ၂း၁၄၊ ၄း ၁၅)။ ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်းတို့တွင်လည်း ကျွန်တော်တို့နှင့်အတူတူဖြစ်ပါသည်။

ခရစ်တော်သည် အသွေးအသားအရ၊ မျိုးနွယ်အရ လူ့မျိုးနွယ်မှမဟုတ်ပါဟု ပြောခြင်းသည်၊ အာဗြဟံ၏သား မဟုတ်ပါဟု ပြောခြင်းသည်၊ သူ့ကို အာဗြဟံနှင့်၄င်း၊ သူ၏သားသမီးတို့နှင့်၄င်း ပြုသောပဋိညာဉ်မှနေ၍ ဖြတ်ထုတ်ပစ်ခြင်းဖြစ်ပါသည်၊ ထိုပဋိညာဉ်၏ကတိတော်များမှနေ၍ ထုတ်ပယ်ပစ်ခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်လျှင် ထိုကတိတော်များသည် သူနှင့်ဆိုင်တော့မည်မဟုတ်ပါ၊ ထိုကတိတော်များသည် သူ့ထံ၌ ပြည့်စုံနိုင်ကြတော့မည်မဟုတ်ပါ။ သူ့ထံ၌ ယုံကြည်ခြင်းဖြင့် ရှိနေကြသော ဓမ္မသစ်ကာလခရစ်ယာန်များအတွက်လည်း ထိုကတိတော်များသည် ဘာမှသက်ဆိုင်တော့မည် မဟုတ်ပါ။ ခရစ်တော်ကို အာဗြဟံနှင့်ဒါဝိတ်ထံမှ ဖြတ်ထုတ်ပစ်ခြင်းသည်၊ ဓမ္မဟောင်းကာလနှင့် ၄င်း၏ကတိတော်များမှနေ၍ ကျွန်တော်တို့ကို ဖြတ်ထုတ်ပစ်လိုက်ခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် လူဇာတိခံယူခြင်းဖြင့် ခရစ်တော်သည် စစ်မှန်သောလူသားမျိုးနွယ်တဦးဖြစ်သည်၊ မျိုးနွယ်အရ မာရိ၏သားစစ်ဖြစ်သည်၊ မာရိမှနေ၍ အာဗြဟံနှင့်သူ့မျိုးနွယ်များ၏ဆွေမျိုးဖြစ်သည် ဆိုသော တန်ဖိုးကြီးလှသည့်အမှန်တရားကို ကျွန်တော်တို့ ကိုင်ဆွဲကြပါမည်။ ကျွန်တော်တို့၏ကယ်တင်ခြင်း၊ အာဗြဟံ၏သားသမီးများအဖြစ် ပဋိညာဉ်တွင် ပါဝင်ရခြင်းတို့သည် ထိုအမှန်တရားပေါ်တွင် တည်မှီနေပါသည်။

### ခရစ်တော်၏ထာဝရမျိုးနွယ်တော်အကြောင်း (The Eternal Generation of Christ)

ခရစ်တော်သည် အရာခပ်သိမ်း၌ ခမည်းတော်နှင့်အဆင့်အတန်းတူပါသည် ဆိုသည့် ခရစ်တော်၏ ပြည့်စုံသော ဘုရားဖြစ်ခြင်းကို ခုခံကာကွယ်ခြင်းတွင်၊ သူ၏ထာဝရမျိုးနွယ်တော်အကြောင်း ခုခံခြင်း ပါဝင်နေပါသည်။

မျိုးနွယ်တော်ဆိုသည့်စကားလုံးက ပြောချင်သည်မှာ ခမည်းတော်က သားတော်ကို မွေးဖွားခြင်း ဖြစ်ပါသည်။ မိခင်တို့က ကိုယ်ဝန်ဆောင်သည်၊ ဖခင်တို့က မျိုးနွယ်ကိုဆက်လက်စေသည်ဟု ပြောလေ့ရှိပါသည်။ ခရစ်တော်၏ မျိုးနွယ်တော်ဟုပြောသောအခါ၊ သုံးပါးတဆူ၏ဒုတိယပုဂ္ဂိုလ်အဖြစ်၊ သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို ပြောခြင်းဖြစ်သည်။ ပထမပုဂ္ဂိုလ်သည် သူ၏ဖခင်ဖြစ်သည်။ ထို့ကြောင့် မျိုးနွယ်တော်(generation) ဆိုသောစကားလုံးကို နောက်တမျိုးဖြင့်ပြောရလျှင် မွေးဖွားခြင်း(begotten) ဖြစ်ပါသည်။ ခမည်းတော်နှင့်ဆက်နွယ်လျှင် ခရစ်တော်သည် တပါးတည်းသာမွေးဖွားထားသောသားတော်(the only begotten Son)ဖြစ်ပါသည်။

ကျွန်တော်တို့လူ့ဘဝ၏အတွေ့အကြုံအရ၊ သားတယောက် မွေးဖွားခြင်းသည် ဖခင်မှနေ၍လာပါသည်၊ အစပျိုးရှိပါသည်။ ထာဝရမျိုးနွယ်တော်ဟုပြောသည့်အခါ၊ သုံးပါးတဆူ၌ ပထမပုဂ္ဂိုလ်သည် ခမည်းတော်အဖြစ်၊ ခရစ်တော် - ဒုတိယပုဂ္ဂိုလ်ကို ထာဝရကာလမှနေ၍ မွေးဖွားတော်မူခြင်းကို ပြောခြင်းဖြစ်သည်၊ ထို့ကြောင့် အစပျိုးခြင်း မရှိပါ။ သူ၏ဖွားမြင်တော်မူခြင်းသည် ထာဝရကာလမှဖြစ်၍ သုံးပါးတဆူ၏ ဒုတိယပုဂ္ဂိုလ်သည် ပထမပုဂ္ဂိုလ်နောက်မှ ဖြစ်လာခြင်း မဟုတ်ပါ၊ ခမည်းတော်ထက်လည်း အဆင့်မနိမ့်ပါ။

ဤနေရာတွင် ကျွန်တော်တို့သည် ခရစ်တော် လူသားဇာတိခံ၍မွေးဖွားခြင်းကို ပြောနေကြခြင်းမဟုတ်ပါ။ ထိုသို့ လူသားဇာတိခံမွေးဖွားချိန်တွင်လည်း သူသည် ဘုရားသခင်၏သားတော်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ကျွန်တော်တို့၏လူသားဇာတိကိုယူဆောင်၍ဖွားမြင်ခြင်းဖြစ်ပါသည်။ ထိုသို့ လူသားဇာတိခံမွေး ဖွားခြင်း၌မူ အစရှိနေပါသည်၊ ခမည်းတော်ထက်လည်း အဆင့်နိမ့်ပါသည်။ သူသည် သုံးပါးတဆူ၏ဒုတိယပုဂ္ဂိုလ်အနေဖြင့်သာ ထာဝရကာလမှနေ၍ မွေးဖွားထားခြင်းဖြစ်ပါသည်။

အာသန်နေစီးယန်းခံယူယုံကြည်ချက်(Athanasian Creed၊ အေဒီ ၃၀၀ ဝန်းကျင်)က ယခုလိုပြောပါသည်၊ "စစ်မှန်သောယုံကြည်ခြင်းက ငါတို့၏သခင်ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်၊ ဘုရားသခင်နှင့်လူသား ဖြစ်သည်ဟု ယုံကြည်၍ ဝန်ခံချက်ပြုသည်။ ဘုရားသခင်အဖြစ်၊ ခမည်းတော်နှင့်အနှစ်သာရတခုတည်းဖြစ်သည်၊ ကမ္ဘာများမရှိခင်ဖွားမြင်တော်မူသည်။ လူသားအဖြစ်၊ သူ့မိခင်၏အသွေးအသားဖြင့် ဤမြေကမ္ဘာပေါ်တွင် မွေးဖွားလာခဲ့သည်။ သူ၏ဘုရားဖြစ်ခြင်းအရပြောလျှင် ခမည်းတော်နှင့်အဆင့်တူဖြစ်သည်၊ သူ၏လူသားဖြစ်ခြင်းအရပြောလျှင် ခမည်းတော်ထက် အဆင့်နိမ့်သူဖြစ်သည်။"

ခရစ်တော်၏ထာဝရမျိုးနွယ်တော်အမှန်တရားကို ယနေ့ချိန်တွင် အထူးပြုရန်အရေးကြီးနေပါသည်။ ယနေ့ချိန်၌ ဤအမှန်တရားကိုငြင်းပယ်ခြင်းသည် အချို့သောသူများအတွက် ဖက်ရှင်သဖွယ်ဖြစ်လာနေပါသည်။ မည်သို့သော ဆင်ခြေကိုပေးနေကြသည်ဖြစ်ပါစေ၊ သုံးပါးတဆူအမှန်တရားကို ငြင်းပယ်နေကြခြင်းသာဖြစ်ပါသည်။ ခရစ်တော်သည် ဘုရားသခင့်သားတော်အနေနှင့် ထာဝရကာလမှနေ၍ရှိနေသူမဟုတ်ခဲ့ပါလျှင် သူ့ထံ၌အစပျိုးရှိနေပါမည်။ အစပျိုးရှိလျှင် သူသည် ထာဝရပုဂ္ဂိုလ် မဖြစ်နိုင်တော့ပါ။ ထာဝရရှိနေသူ မဟုတ်လျှင် သူသည် စစ်မှန်သော၊ ပြည့်စုံသော ဘုရားသခင်မဟုတ်နိုင်ပါ။ သူသည် ပြည့်စုံသောဘုရားသခင်မဟုတ်လျှင် ကျွန်တော်တို့၏ကယ်တင်ရှင် မဟုတ်ပါ။

ခရစ်တော်၏ထာဝရမျိုးနွယ်တော်အမှန်တရားကို ငြင်းပယ်ခြင်းသည် ရှေးကရှိခဲ့သော အေရီယန်အယူဝါဒမှား၏အစိတ်အပိုင်း တခုဖြစ်ပါသည်။ အသင်းတော်၏သမိုင်းကြောင်းအစတွင် ထွက်ပေါ်လာခဲ့သည့်အမှားဖြစ်သည်၊ ၄င်းဝါဒက ခရစ်တော်သည် ဘုရားအငယ်စားကလေးဖြစ်သည်၊ ခမည်းတော်နှင့်အဆင့်မတူပါဟု ယနေ့ခေတ်ဩဝါဒအမှားများက သင်သလို သင်ခဲ့ပါသည်။ ထိုအေရီယန်တို့က တပါးတည်းသာ မွေးဖွားထားသောသားတော် ဟုပြောသဖြင့်၊ ခရစ်တော်တွင် အစပျိုးရှိရမည်၊ ခမည်းတော်ကဲ့သို့ ထာဝရရှိသူမဖြစ်နိုင်၊ ထို့ကြောင့် ခမည်းတော်နှင့်အဆင့်မတူဟု အတင်းအကြပ်ငြင်းခဲ့ပါသည်။

ခရစ်တော်၏ထာဝရမျိုးနွယ်တော်အကြောင်းကို သုတ္တံ ၈း၂၂-၃၀က ရှင်နေအောင်သင်ပေးပါသည်၊ ထိုနေရာတွင် စကားပြောနေသူ၊ ဉာဏ်ပညာသည်၊ ခရစ်တော်၊ ဘုရားသခင်၏သားေတာ်ဖြစ်ပါသည်။ ထိုနေရာတွင် သူက"ငါ့ ကို ထာဝရကာလမှနေ၍ရှိစေသည်၊ ကမ္ဘာလောကမရှိမီ၊ အစအဦးကထဲကဖြစ်သည်၊ ထိုအချိန်ကထဲက ငါသည် သူ့ဘေးတွင်ရှိနေသည်၊ သူနှင့်အတူ ကြီးပြင်းလာခဲ့သူလိုဖြစ်သည်"ဟု ပြောပါသည်။ ထိုသို့သော တူညီသည့်အိုင်ဒီယာကို မိက္ခာ ၅း၂၊ ၁ကော ၁း၂၄၊ ကော ၁း၁၅ တို့တွင်တွေ့ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကျမ်းစာကိုသာ ယုံကြည်ကြပါမည်၊ အမှန်တရား၏ရန်သူများကို ခရစ်တော်သည် ကျွန်တော်တို့၏သခင်နှင့်ဘုရားဖြစ်၏ ဆိုသော ကျွန်တော်တို့၏ ခံယူယုံကြည်ချက်အမှန်တရားအား ယူသွားခွင့် မပြုကြပါ။

### ခရစ်တော်၏အပျိုစစ်မှမွေးဖွားလာခြင်းအကြောင်း (The Virgin Birth of Christ)

ကျွန်တော်တို့ယုံကြည်ခြင်း၏ အခြေခံအကြောင်းတရားများထဲမှတခုမှာ ခရစ်တော်၏အပျိုစစ်မှမွေးဖွားခြင်း အကြောင်းဖြစ်ပါသည်။ ခရစ်တော်၏ လူသားဇာတိသည် စစ်မှန်သည်၊ အရေးကြီးသည်ဟုယုံကြည်ခြင်းသည် သူ၏အပျိုစစ်စစ်မှ မွေးဖွားလာခြင်းကို ယုံကြည်ခြင်းနှင့် ခွဲ၍မရအောင် ဆက်စပ်နေပါသည်။

ဤအမှန်တရားသည် အခြေခံကျလှသဖြင့် မကြာခဏ ငြင်းပယ်ခြင်းကိုခံရပါသည်။ ရှေးအခါက နော့စ်စတစ်(Gnostics)ဆိုသည့်အဖွဲ့များက ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းကို ငြင်းပယ်ခဲ့ကြသည်။ ယနေ့တိုင်အောင် ထိုအမှန်တရားကို ငြင်းပယ်နေကြပါသည်။

အချို့သောခေတ်ပေါ် ဘာသာပြန်ကျမ်းများက ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းကို ငြင်းပယ်ရန် ယေရှာယကျမ်း ၇း၁၄ ရှိ "အပျိုစစ်စစ်"ဆိုသောစကားလုံးကို "မိန်းမငယ်"ဟု ဘာသာပြန်တတ်ကြသည် (ဥပမာ - Revised Standard Version ကျမ်း)။ မားမွန်အဖွဲ့များ(Mormons)ကလည်း ထိုအမှန်တရားကိုငြင်းပယ်ကာ၊ ခရစ်တော်သည် ခမည်းတော်ဘုရားနှင့်မာရိ သံဝါသပြုခြင်းဖြင့် မွေးဖွားလာသည်ဟု စော်ကားသောစကားကို ပြောဆိုကြသည်။ ယနေ့ခေတ် လူအများက အပျိုစစ်စစ်မှမွေးဖွားလာခြင်းအကြောင်းသည် ရှေးခေတ်ဦးအသင်းတော်များကသာ ယုံကြည်ကြသော ဒဏ္ဍာရီပုံပြင်သာဖြစ်သည်ဟု ယူဆကြသည်။ ယနေ့ခေတ်အတွက် ခေတ်မမှီတော့ဟု ပြောကြသည်။ ထိုသို့သော ဆန့်ကျင်မှုများက ဤအမှန်တရား၏အရေးကြီးမှုကို သက်သေထူနေခြင်းဖြစ်သည်။ နတ်ဆိုးသည် နောက်ဆက်တွဲရလဒ်မရှိဘဲ အမှန်တရားများကို ဆန့်ကျင်ရန် မိမိအချိန်ကို မဖြုန်းတတ်ပါ။

ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းသည် အရေးကြီးလှပါသည်၊ ပထမအနေနှင့် ထိုအမှန်တရားက သူ၏လူသားဇာတိသည် စစ်မှန်ကြောင်း သက်သေခံနေ၍ဖြစ်ပါသည်။ ခရစ်တော်ထံ၌ လူသားဖခင်မရှိသော်ငြား သူသည်

ကျွန်တော်တို့လို မွေးဖွားလာခဲ့ပါသည်။ ထိုသို့မဟုတ်ခဲ့ပါလျှင်၊ သူသည် အပြစ်မှလွဲ၍ ကျန်အားလုံး၌ ကျွန်တော်တို့နှင့် တူညီသူ ဖြစ်မလာနိုင်ပါ (ဟေဗြဲ ၂း၁၇၊ ၄း၁၅)။

အပျိုစစ်စစ်မှမွေးဖွားလာသူ ဆိုသောစကားလုံးကိုယ်၌က သူသည် မာရိ၏အသွေးအသားမှမွေးဖွားလာသူ လူတဦးဖြစ်သော်လည်း၊ "သူသည် အသွေးအသားအလိုဆန္ဒကြောင့် မွေးလာသူမဟုတ်ကြောင်း၊ လူ၏အလိုဆန္ဒကြောင့် မွေးလာသူမဟုတ်ကြောင်း၊ သို့သော် ဘုရားသခင်၏အလိုတန္ဒအရ မွေးလာသူဖြစ်ကြောင်း"ကို သက်သေပြနေပါသည် (ယော ၁း၁၃)။ ရှေးကထဲက ဟေရှာယက ပြောခဲ့သလိုဖြစ်ပါသည်။ အပျိုစစ်စစ်မှ မွေးဖွားလာခြင်းသည်၊ သခင်ယေရှု၏ ဇမာန္ဒေလ ဘုရားသခင်သည်ငါတို့နှင့်အတူရှိတော်မူ၏ဆိုသည်ကို ဖေါ်ပြသော ပုံသက်သေဖြစ်ပါသည်(ဟေရှာ ၇း၁၄)။

အပျိုစစ်စစ်မှ မွေးဖွားလာခြင်းကိုယုံကြည်သဖြင့် မာရိသည် အပျိုစစ်စစ်ဆက်ဖြစ်နေပါသည်ဟု ယုံကြည်ခြင်းမဟုတ်ပါ၊ ထိုသို့ ကက်သလစ်ဂိုဏ်းများက သွန်သင်ကြသည်၊ အသင်းတော်ပြန်လည်ပြုပြင်ခြင်းခေတ်က ဆွစ်လူမျိုး ပြန်လည်ပြုပြင်သူ ဇွင်လီကလည်း ထိုသို့သင်ပါသည်။ ခရစ်တော်၏အပြစ်ကင်းမဲ့ခြင်းကို မာရိ ခရစ်တော်မမွေးဖွားမီ အပျိုစစ်စစ်ဖြစ်ခဲ့ခြင်း၊ မွေးဖွားပြီးနောက်ပိုင်းတွင်လည်း အပျိုစစ်စစ်ဆက်ဖြစ်နေခြင်းတို့က အာမခံပေးခြင်းမဟုတ်ပါ၊ သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးဖြင့် ကိုယ်ဝန်ဆောင်လျှက် မွေးဖွားလာခြင်းကသာ အာမခံပေးခြင်းဖြစ်ပါသည်။ လုကာ ၁း၃၅ က "သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အပေါ်ရောက်လာကာ၊ ----- ထိုသို့ဖြင့် သင့်ထံမှမွေးဖွားလာမည့် သန့်ရှင်းသူကို ဘုရားသခင်၏သားတော်ဟုခေါ်ရမည်"ဟု သေချာစွာပြောပြပါသည်။

အပျိုစစ်စစ်မှမွေးဖွားလာခြင်းသည် နားလည်ရခက်သောအရာဖြစ်သည်ဆိုခြင်းက ကျွန်တော်တို့ကို မအံ့သြစေသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းအမှန်တရားသည် ကျေးဇူးတော်၏အံ့သြစရာ၊ အံ့သြဖွယ်ရာတို့၏ အစိတ်အပိုင်းတခုဖြစ်နေ၍ဖြစ်ပါသည်။ သာမန်ကိုယ်ဝန်ဆောင်ခြင်းနှင့်မွေးဖွားခြင်းတို့ကပင် နားလည်ရခက်သောနက်နဲမှု ဖြစ်နေရာ၊ ခရစ်တော်၏လောကသို့ကြွလာပုံကြွလာနည်းကို မည်သို့လျှင် အကုန်အစင် နားလည်နိုင်ပါမည်နည်း? ထို့ကြောင့် လူအများက ထိုအမှန်တရားကို အထင်သေး၊ မေးငေါ့ပြနေကြခြင်းကိုလည်း အံ့သြစရာအကြောင်း မရှိပါ။ ခရစ်တော်၏ အပျိုစစ်စစ်မှမွေးဖွားလာခြင်းသည် သူ ကျွန်တော်တို့ကယ်တင်ရှင်အဖြစ် ပြုလုပ်ပေးသောအလုပ်များထဲတွင် ပါဝင်နေ၍ဖြစ်ပါသည်။ ယုံကြည်ခြင်းကသာ သူ့ကိုလက်ခံနိုင်ပါသည်၊ သူနှင့်ပတ်သက်သောအမှန်တရားများကို လက်ခံနိုင်ပါသည်။

ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းအံ့သြစရာက သူ၏အသွေးအသားဖြင့်ပြုတော်မူပေးသည့် ပို၍အံ့သြစရာကောင်းသောအရာများဖြစ်သည့် နာကျင်စွာခံစားခြင်း၊ အသေခံခြင်း၊ ခမည်းတော်က သူ့အားပေးသောသူအားလုံးတို့၏အပြစ်များအတွက် အသေခံခြင်းတို့ကို ပြည့်နှန်နိုင်ပါစေဟု ဆန္ဒပြုပါသည်။

### ခရစ်တော်၏ဇာတိနှစ်ခုတို့ညီညွတ်နေခြင်းအကြောင်း (The Union of Christ's Two Natures)

လူ့ဇာတိခံယူတော်မူခြင်း၏အံ့သြစရာနက်နဲမှုအကြောင်းမှာ ကျွန်တော်တို့၏သခင်သည် စစ်မှန်သောဘုရား ဖြစ်သလို၊ စစ်မှန်သောလူသားလည်းဖြစ်ပါသည်ဆိုခြင်းတွင် သိပ်မဟုတ်ပါ၊ သူသည် ထိုနှစ်မျိုးလုံးဖြစ်သည်ဆိုသည့် အချက်တွင်ဖြစ်ပါသည်။ ၁တိ ၃း၁၆ အရ ဘုရားသခင် အသွေးအသားဖြင့်ပေါ်လာခြင်းသည် "ဘုရားဖြစ်ခြင်း၏နက်နဲမှု"ဖြစ်ပါသည်။ ထိုအကြောင်းအရာသည် နက်နဲခြင်းဖြစ်သဖြင့် ကျွန်တော်တို့ ပြည့်စုံစွာ နားလည်နိုင်မည်မဟုတ်ပါ။

သို့သော် ခရစ်တော်၏ဇာတိနှစ်မျိုးသည် တဦးတည်းသောပုဂ္ဂိုလ်၌မည်သို့မည်ပုံ ညီညွတ်စွာရှိနေသည်ကို နားလည်နိုင်ဖို့ နှိုင်းယှဉ်ခြင်းဖြင့် ပြော၍တော့ရပါမည်။ ထိုနှိုင်းယှဉ်ချက်များသည် မပြည့်စုံကြပါ၊ သို့သော် ရီဖေါမ်သီသြလော်ဂျီပညာရှင် ချားလ်ဟော့ချ်ပြောသလို၊ "ယုံကြည်ခြင်းကို အားပေးဖို့၊ မယုံခြင်းကို ဆူဖို့၊ ဥပမာပေးနိုင်စရာအလုံအလောက်တော့ရှိနေပါသည်"ဟု ပြောရပါမည်။

အကောင်းဆုံးဥပမာမှာ ကိုယ်ခန္ဓာနှင့်ဝိညာဉ်တို့၏ ညီညွတ်စွာရှိနေခြင်းဖြစ်ပါသည်။ အာသန်နေးစီးယန်းခံယူယုံကြည်ချက်(အေဒီ၃၀၀၀ခန့်ကျင်)ကပင် ထိုနှိုင်းယှဉ်ချက်ကို အသုံးပြုထားပါသည်၊ "တွေးခေါ်မျှော်မြင်နိုင်သောဝိညာဉ်နှင့်ခန္ဓာတို့သည် လူတဦးဖြစ်သလို၊ ဘုရားနှင့်လူသည် ခရစ်တော်၌ တစ်ဖြစ်ပါသည်။"

ထိုနှိုင်းယှဉ်ချက်သည် ခရစ်တော်၏ဇာတိနှစ်မျိုးတို့ညီညွတ်နေခြင်းတွင် အောက်ပါအချက်များ၌ တူညီကြပါသည်။

ပထမအနေနှင့်၊ ခန္ဓာနှင့်ဝိညာဉ်သည် လူထဲရှိ နှစ်ခုသောအခြေခံဖြစ်သလို - တခုသည် ရုပ်ဝတ္ထုဖြစ်သည်၊ နောက်တခုမှာ ရုပ်ဝတ္ထုမဟုတ်သောအရာဖြစ်သည် - ခရစ်တော်၏ဇာတိနှစ်ခုလည်းဖြစ်ပါသည်၊ - တခုသည် အကန့်အသတ်နှင့်ဖြစ်သည်၊ ဖန်ဆင်းခံဖြစ်သည်၊ နောက်တခုမှာ အကန့်အသတ်မဲ့ဖြစ်သည်၊ ဘုရားသခင်ဖြစ်သည်။

ဒုတိယအနေနှင့် ဝိညာဉ်နှင့်ခန္ဓာသည် လူတဦးဖြစ်သကဲ့သို့၊ ခရစ်တော်၏ဇာတိနှစ်ခုတို့သည် ပုဂ္ဂိုလ်တဦးထဲ၌ ညီညွတ်စွာရှိနေကြပါသည်။ ခန္ဓာနှင့်ဝိညာဉ်နှစ်ခုတို့၏လှုပ်ရှားမှုများဖြင့် လူတဦးသည် ပြုမူ၊ တွေးခေါ်၊ လိုချင်ဆန္ဒ ရှိသလို၊ ခရစ်တော်ထဲ၌လည်း တဦးတည်းသောပုဂ္ဂိုလ်မှနေ၍ ဇာတိနှစ်ခုတို့သည် လှုပ်ရှားနေကြပါသည်။

တတိယအနေနှင့်၊ ခန္ဓာနှင့်ဝိညာဉ်သည် သီးခြားလျှက်ရှိနေကြသကဲ့သို့၊ ခရစ်တော်၏ဇာတိသဘာဝနှစ်ခုသည်လည်း သီးခြားလျှက်ရှိနေကြပါသည်။ နှစ်ခုရောနှောကာ ဘုရားအစစ်လည်းမဟုတ် လူသားအစစ်လည်းမဟုတ် အရောအနှောပုံစံနောက်တမျိုး ထွက်ပေါ်မလာပါ။ ၄င်းတို့သည် ကော်ပါးခါတ်နှင့်ဇင့်ခါတ်တို့ရောနှောလျှက် နောက်ခါတ်သစ်တမျိုးဖြစ်သည့် ကြေးဝါ ထွက်လာသလိုမျိုး တခုနှင့်တခု ရောနှောမသွားပါ။ ခရစ်တော်သည် အမြဲတမ်း ဘုရားစစ်စစ် ပြည့်ဝစွာဆက်ရှိတော်မူသည်၊ ထို့အတူ လူသားစစ်စစ် ပြည့်ဝစွာဆက်ရှိပါသည်။ သူသည် လူတဝက်၊ ဘုရားတဝက် မဟုတ်ပါ။ (သမန်းကျား၊ သမန်းဝံပုလွေတို့ကဲ့သို့ သမန်းဘုရားမဟုတ်ပါ)

စတုတ္ထအနေနှင့်၊ ဝိညာဉ်၏ဂုဏ်လက္ခဏာများ၊ ခန္ဓာ၏ဂုဏ်လက္ခဏာများ နှစ်ခုလုံးကို တဦးတည်းသောလူ တယောက်က ပိုင်ဆိုင်သလို(ထိုပုဂ္ဂိုလ်သည် ဝိညာဉ်၌ပညာရှိ၍ အရပ်လည်းရှည်သည်ဟုပြော၍ရသလိုမျိုး)၊ ခရစ်တော်၏ ဇာတိနှစ်ခု၊ ဘုရားနှင့်လူသားဇာတိတို့၏ ဂုဏ်လက္ခဏာများကို တဦးတည်းသောခရစ်တော်က ပိုင်ဆိုင်ပါသည်။ ရုတ်တရက်ကြည့်လျှင် တခုနှင့်တခု ဆန့်ကျင်ဟန်ရှိသည့် ကောက်ချက်ကို လူတဦးအတွက် ချမှတ်နိုင်ပါသည်၊ ဥပမာ လူသည် ဝိညာဉ်ဖြစ်သည်၊ ထို့အပြင် သူသည် မြေမှုန့်လည်းဖြစ်ပါသည်။ ထိုသို့ပင် ခရစ်တော်၏ နှစ်မျိုးသောဇာတိများ၊ ဘုရားဖြစ်ခြင်း၏ပြည့်စုံမှု၊ လူသားဖြစ်ခြင်း၏အကန့်အသတ်များရှိနေမှု နှစ်မျိုးစလုံးကို ခရစ်တော်ကပိုင်ဆိုင်ပါသည်။ သူသည် အရာခပ်သိမ်းကို သိနေတော်မူပါသည်၊ သို့သော် သူဒုတိယအကြိမ်ပြန်လာမည့် အချိန်နာရီကို မသိပြန်ပါ။ သူသည် ထာဝရပုဂ္ဂိုလ်ဖြစ်သည်၊ သို့သော် တချိန်တည်းတွင် အစပျိုးလည်းရှိနေပြန်ပါသည်။ သူသည် အနန္တတန်ခိုးရှင်ဖြစ်သည်၊ သို့သော် တချိန်တည်းတွင် အားနည်းသူဖြစ်ပြန်ပါသည်။

အာသန်နေးစီးယန်းခံယူယုံကြည်ချက်က ထိုနောက်ဆုံးအချက်ကို လှပစွာစကားလုံးစီထားပါသည်၊ "ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်၊ ခမည်းတော်၏အနှစ်သာရ၊ ကမ္ဘာများမရှိမီ မွေးဖွားထား၊ ထို့အပြင် သူသည် လူသားဖြစ်၊ သူ့မိခင်၏အသွေးအသားကိုယူ၊ ကမ္ဘာလောကထဲမွေးဖွား၊ ဘုရားဖြစ်ခြင်းနှင့်ပတ်သက်လျှင်ခမည်းတော်နှင့်တတန်းတည်း၊ လူသားဖြစ်ခြင်းနှင့်ပတ်သက်လျှင် ခမည်းတော်ထက် အဆင့်နိမ့်၊ သို့သော် သူသည် ဘုရားဖြစ်သလို၊ လူသားဖြစ်သည်၊ နှစ်ဦးမဟုတ် တဦးတည်း။" တဦးတည်းသောခရစ်တော်ကိုသာ ဝတ်ပြုရပါမည်၊ ချီးမွမ်းရပါမည်။

## ခွဲခြား၍မရအောင် ညီညွတ်နေသောခရစ်တော်၏ဇာတိနှစ်ခုအကြောင်း

(The Inseparable Union of Christ's Two Natures)

ကျွန်တော်တို့၏သခင်ယေရှုခရစ်တော် လူ့ဇာတိခံယူတော်မူခြင်း၏နက်နဲမှုအကြောင်းပြောကြရာတွင်၊ သူ သည် ဘုရားအဖြစ်၊ လူသားအဖြစ် ဆက်လက်တည်ရှိတော်မူပါသည် ဆိုသည့်အချက်ကို အလေးအနက်ထား၍ ပြောစရာလိုပါသည်။ လူသားနှင့်ဘုရားဇာတိအကြား ဖြစ်တည်နေသောညီညွတ်မှုသည် ခွဲခြားမရသည့်ညီညွတ်နေမှု ဖြစ်ပါသည်။

အချို့ရိုးသားသောခရစ်ယာန်များထဲတွင် မသဲကွဲသော၊ ကျမ်းစာနှင့်မညီသောအမြင်ရှိနေတတ်ပါသည်၊ ၄င်းမှာ ခရစ်တော်သည် သေခြင်းမှထမြောက်ပြီးသေအခါ၊ လူအဖြစ်မှ ရုပ်ဆိုင်းသွားသည် ဆိုသောအမြင်ဖြစ်သည်။ သူသည် ဗက်လင်မြို့တွင်မွေးဖွားသောအခါ ကျွန်တော်တို့၏လူ့ဇာတိသဘာဝကို ယူတင်ဝတ်ဆောင်ကာ၊ သေခြင်းမှထမြောက်သောအခါ ထားရစ်ခဲ့ပါသည်ဟု ထင်နေကြပါသည်။ တကယ်တမ်းပြောရလျှင် သေခြင်းမှထမြောက်ခြင်းကိုက သူသည် ကျွန်တော်တို့ကဲ့သို့ လူတယောက်ဖြစ်သည်ဟု ပြောနေခြင်းဖြစ်ပါသည်။ ဘုရားဇာတိအရဆိုလျှင် သူသည် မသေနိုင်ပါ၊ ထို့အတူ ပြန်ထမြောက်ရန်လည်း မလိုအပ်ပါ။

ထို့ကြောင့် သူ၏လူသားဇာတိအဖြစ်မှနေ၍ ကောင်းကင်သို့ တက်သွားခြင်းလည်းဖြစ်ပါသည်။ ဘုရားသခင် အဖြစ်နှင့် ကောင်းကင်သို့တက်ရောက်စရာမလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် နေရာတိုင်းတွင်ရှိနေတော်မူ၍ ဖြစ်သည်။ လူသားအနေနှင့် သူသည် ဘုရားသခင်၏လက်ျာဖက်တွင်ထိုင်ပါသည်၊ ကျွန်တော်တို့အတွက်မပြတ်ဆုတောင်းပေးပါသည်၊ ထို့နောက် အရာအားလုံး၏အဆုံးတွင် လူသားအနေနှင့် တရားစီရင်ရန် ပြန်လာပါမည်။

ကျွန်တော်တို့သတိရရမည်မှာ သူသည် လူသားဆက်မဖြစ်လျှင် ကျွန်တော်တို့သည် သူနှင့်ဘာမှဆိုင်တော့မည် မဟုတ်ပါ။ သူသည်လူသားဆက်မဟုတ်တော့ပါဆိုလျှင် ကျမ်းစာကပြောသည့်အရာ မှန်နိုင်တော့မည်မဟုတ်ပါ၊ ကျမ်းစာက သူသည် သူ့ညီအကိုများနှင့်တူသူဖြစ်သည်၊ သူသည် ဘုရားသခင်နှင့်ပတ်သက်၍ သနားတတ်သော၊ သစ္စာရှိသော

ယဇ်ပုရောဟိတ်မင်းကြီးဖြစ်သည်ဟု ပြောထားပါသည် (ဟေဗြဲ ၂း၁၇)။ အကယ်၍သာ သူသည် ကျွန်တော်တို့နှင့်တူသူ မဟုတ်ပါတော့လျှင် ကျွန်တော်တို့သည် သူညီ/ညီမများ ဖြစ်နိုင်ကြတော့မည်မဟုတ်ပါ။

ထို့အပြင် သူ၏လူသားဇာတိသည် သေခြင်းမှထမြောက်ခြင်းဖြင့် ဘုရားဇာတိအဖြစ်သို့ ပြောင်းမသွားပါ။ ထိုသို့သာ ဖြစ်သွားခဲ့ပါလျှင် သူသည် ကျွန်တော်တို့၏အကိုကြီး မဟုတ်နိုင်တော့ပါ။ ကျွန်တော်တို့အတွက်ဆုတောင်းပေးဖို့ အမြဲအသက်ရှင်သူ မဖြစ်နိုင်တော့ပါ။ သူသည် လူသားအနေနှင့် ဘုရားရှေ့တွင် ကျွန်တော်တို့ ကိုယ်စားလှယ် ဖြစ်ပါသည်၊ ကျွန်တော်တို့အတွက် ကောင်းချီးရှိသမျှကို ရယူပေးပါသည်။

ခရစ်တော်၏လူသားဇာတိသည် ရှင်ပြန်ထမြောက်ခြင်းဖြင့် မြင့်မားသောဂုဏ်ကျက်သရေရှိခြင်းသို့ ရောက်ရှိပြောင်းလဲသွားပါသည်။ ရှင်ပြန်ထမြောက်ရာနေ့တွင် ကျွန်တော်တို့လည်း ထိုသို့ပြောင်းသွားမည်ဖြစ်ပါသည်။ နောက်ဆုံးသောနေ့ သူ့ကိုတွေ့ဖို့ ထမြောက်ကြချိန်တွင်ဖြစ်ပါမည်။ သူ၏လူသားဇာတိသည် သေဆုံးခြင်း၌ မကျန်ခဲ့ပါ။ ဘုရားအဖြစ်သို့လည်း ပြောင်းမသွားပါ။ သူသည် လူသားတော်သာ ဆက်ဖြစ်နေပါသည်။

ခရစ်တော်၌ လူသားဇာတိ ဆက်ရှိနေသောကြောင့် သူသည် ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာမည်ဖြစ်ပါသည်။ သူ၏ခမည်းတော်ထံ တက်ကြွသွားသည့်အခါကကဲ့သို့ ပြန်လာမည်ဖြစ်ပါသည်။ ဘုရားသခင်အဖြစ်နှင့်မူ သူသည် အမြဲတမ်း ကျွန်တော်တို့ထံ ရှိနေပါသည်။ နေရာတိုင်းတွင် ရှိပါသည်၊ ကမ္ဘာအဆုံးတိုင် ကျွန်တော်တို့ထံရှိ နေပါသည်။ သို့သော် လူအဖြစ်နှင့်မူ သူပြန်လာချိန်၊ မျက်နှာချင်းဆိုင် တွေ့ချိန်အထိ မတွေ့ရတော့ပါ။

နားလည်ရခက်နေပါသလား? ခက်မည်အမှန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏လူသားဇာတိ ခံယူခြင်း၊ ဇာတိသဘာဝနှစ်မျိုးညီညွတ်နေခြင်းတို့သည် ဘုရားသခင်လုပ်သောအရာများဖြစ်ပါသည်၊ သူ၏လုပ်ပုံကိုင်ပုံ နည်းလမ်းများသည် အမြဲတမ်း ကျွန်တော်တို့အတွက် မြင့်မားလွန်းလှပါသည်။ ၎င်းတို့သည် သူ၏ကျေးဇူးတော်ဖြင့် ပြုလုပ်ပေး၍ရလာသော ကျွန်တော်တို့ကယ်တင်ခြင်း၏ အံ့ဩစရာအစိတ်အပိုင်းတခုဖြစ်ပါသည်။

နားလည်ရခက်မည်အမှန်ဖြစ်ပါသည်၊ သို့သော် ခန်းနားကြီးကျယ်လှသောနှစ်သိမ့်စရာဖြစ်သည်။အဘယ်ကြောင့်ဆိုသော် "ကျွန်ုပ်တို့၏အသွေးအသားသည် ကောင်းကင်ဘုံ၌ရှိသကဲ့သို့ သေချာသော အာမခံကိုရရှိ၏။ သူသည် ဦးခေါင်းဖြစ်သကဲ့သို့၊ သူ၏အင်္ဂါများဖြစ်သော ကျွန်ုပ်တို့ကိုလည်း သူ့ထံသို့ယူဆောင်မည်ဖြစ်၏။" (ဟိုက်ဒဲလ်ဘာဂ်၊ အမေးအဖြေ မေးခွန်း ၄၉)

## ပုဂ္ဂိုလ်ဖြစ်ခြင်း၌ ညီညွတ်နေသော ခရစ်တော်၏ဇာတိနှစ်ခုအကြောင်း

(The Personal Union of Christ's Two Natures)

ခရစ်တော်၏ဇာတိနှစ်ခုတို့ ညီညွတ်နေခြင်းသည် ပုဂ္ဂိုလ်ဖြစ်ခြင်း၌ ညီညွတ်နေခြင်းဖြစ်ပါသည်။ ၎င်းသည်လည်း ကျွန်တော်တို့သခင်ယေရှုခရစ်တော်၏နက်နဲခြင်း အစိတ်အပိုင်းတခုဖြစ်သည်။

ပုဂ္ဂိုလ်ဖြစ်ခြင်း၌ညီညွတ်နေခြင်းဟုပြောသည့်အခါ၊ ပြောချင်သည်မှာ ပထမအနေနှင့် သူသည် ပုဂ္ဂိုလ်တခုတည်းရှိသူဖြစ်သည်။ ခရစ်တော်နှစ်ယောက်မရှိပါ၊ တယောက်သည် လူ၊ နောက်တယောက် ဘုရား မဟုတ်ပါ။ တယောက်တည်းဖြစ်သည်၊ ဗက်လင်တွင်မွေး၊ ဝေဒနာများခံစား၊ လက်ဝါးကပ်တိုင်တွင်သေ၊ သုံးရက်နေ့တွင် ပြန်ရှင်သူ တဦးတည်းဖြစ်သည်။

ဒုတိယအနေနှင့် ခရစ်တော်သည် ပုဂ္ဂိုလ်ဖြစ်ခြင်းအရ ဘုရားသခင်၏တပါးတည်း ထာဝရမွေးဖွားထားသော သားတော်ဖြစ်သည်။ သူသည် လူသားပုဂ္ဂိုလ်တပိုင်း၊ ဘုရားပုဂ္ဂိုလ်တပိုင်း မဟုတ်ပါ။ သူသည် ထာဝရဖြစ်သော ဘုရားပုဂ္ဂိုလ်ဖြစ်ပါသည်။ ထို ထာဝရဖြစ်သော ဘုရားပုဂ္ဂိုလ်သည် ကျွန်တော်တို့၏လူသားကိုယ်ခန္ဓာ၊ ဇာတိသဘာဝကို မိမိအတွက် ယူတင်ဝတ်ဆောင်ခြင်းဖြစ်သည်။ သူသည် လူသားပုဂ္ဂိုလ်ကို ယူတင်ဝတ်ဆောင်ခြင်းမရှိပါ၊ လူသားဇာတိသဘာဝခန္ဓာကိုသာ ယူတင်ဝတ်ဆောင်သည်။ သူ၏ပုဂ္ဂိုလ်သည် သုံးပါးတဆူဘုရားသခင်၏ ဒုတိယပုဂ္ဂိုလ်ဖြစ်ပါသည်။ ဤအမှန်တရားကို လူအများက ငြင်းပယ်ကြသည်၊ အထူးသဖြင့် သူသည် လူအဖြစ်မှ ဘုရားဖြစ်သွားသည်ဟု ယုံကြည်ကြသူများက ဖြစ်သည်။

ဤအပိုင်းသည် ခရစ်တော်၏အကြောင်းတွင် နားလည်ရအခက်ခဲဆုံးအပိုင်းဖြစ်သည်။ ဆိုလိုသည်မှာ တပါးတည်းသာမွေးဖွားထားသောသားတော်သည် ပုဂ္ဂိုလ်ဖြစ်ခြင်းမှနေ၍ ဝေဒနာများကိုခံစားလျှက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူသည်ဟုဖြစ်သည်။ "အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူပါသနည်း"ဟု ပြောနေသူသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်နေပါသည်။ မည်မျှခန်းနားလှသော အမှန်တရားဖြစ်ပါသနည်း?

ထိုအရာများအားလုံးကို ခရစ်တော်သည် မိမိ၏လူသားဇာတိမှနေ၍ပြုလုပ်ပါသည်ဟုပြောလျှင်၊ နက်နဲမှု မဟုတ်တော့ပါ။ နက်နဲရသည့်အကြောင်းမှာ ထိုအရာအားလုံးကို ဘုရားသခင်၏တပါးတည်းမွေးထားသောထာဝရ သားတော်က ပြုတော်မူခြင်း ဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ပြုမူခြင်းများသည် မည်မျှပင်ရှာဖွေနားလည်၍ မကုန်နိုင် ဖြစ်ပါသနည်း?

ခရစ်တော်သည် ပုဂ္ဂိုလ်အရ သုံးပါးတဆူဘုရား၏ ဒုတိယပုဂ္ဂိုလ်ဟု ယုံကြည်ခြင်းသည် အရေးကြီးလှပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသို့သောပုဂ္ဂိုလ်ကသာ အပြစ်အတွက် ကြေအေးခြင်းကို ပြုလုပ်ပေးနိုင်ပါမည်၊ ကျွန်တော်တို့အတွက် ထာဝရဖြောင့်မတ်ခြင်းကို ယူဆောင်လာနိုင်ပါမည်။ ဘုရားသခင်၏သားတော်တပါးတည်းကသာ သူ့လူများ၏ အပြစ်အားလုံးတွက် လက်ဝါးကပ်တိုင်ပေါ်အသေခံပေးခြင်းဖြင့် ပေးဆပ်ပေးနိုင်ပါမည်။ ဘုရားသခင်၏သားတော်ကသာ အပြစ်ကိုဆန့်ကျင်လျှက်ထားရှိသော ဘုရားသခင်၏ထာဝရအမျက်တော်ရှိသမျှကို တိုတောင်းလှသော ခြောက်နာရီမျှအတွင်း ကုန်စင်အောင် ခံစားပေးနိုင်ပါမည်။ ဘုရားသခင်၏သားတော်ကသာ ဘုရားသခင်ကိုယ်တိုင်၏ဖြောင့်မတ်ခြင်းဖြစ်သည့် ထာဝရဖြောင့်မတ်ခြင်းကို ကျွန်တော်တို့ထံ ယူဆောင်ပေးနိုင်ပါမည် (ရောမ ၃း၂၁၊ ၂၂)။ ထိုဖြောင့်မတ်ခြင်းသည် ဖျက်ဆီး၍မရပါ၊ ပျောက်လည်း မပျောက်နိုင်ပါ။

ခရစ်တော်သည် ပုဂ္ဂိုလ်အရ ဘုရားသခင်၏သားတော်ဖြစ်သောကြောင့်သာ၊ သူ၏အလုပ်များ၊ ကယ်တင်ရန် အသေခံပေးခြင်း စသည်တို့သည် ကျွန်တော်တို့အတွက် တန်ဖိုးရှိနိုင်ခြင်း ဖြစ်ပါသည်။ လူ မလုပ်နိုင်သောအရာကို ဘုရားသခင်သည် သူ၏သားတော်၏ပုဂ္ဂိုလ်မှနေ၍ လုပ်ပေးတော်မူပါသည်။

အပျိုစစ်စစ်မာရိထံမှ လူ့ဇာတိခံယူလာသူအဖြစ်၊ ခရစ်တော်သည် ပုဂ္ဂိုလ်အရ သုံးပါးတဆူမှ ဒုတိယပုဂ္ဂိုလ် ဖြစ်ခြင်းသည် အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်က ကျွန်တော်တို့၏ကယ်တင်ခြင်းသည် လူသားဘုရားဖြစ်လာကာ လုပ်ပေးခြင်းမဟုတ်၊ ဘုရားသခင် လူသားဖြစ်လာကာ ပြုလုပ်ပေးသည်ဆိုသည်ကို သတိရနေစေ၍ ဖြစ်ပါသည်။

၁ကော ၈း၆ ၏စကားလုံးများက ယ္ခုပြောဆိုခဲ့သည်များအားလုံးကို လုပစ္စာအဆုံးသတ်ပေးပါသည်၊ "အကြင်ဘုရားသခင်အထဲက ခပ်သိမ်းသောအရာဖြစ်၍၊ အကြင်ဘုရားသခင်အဘို့အလိုငှါ ငါတို့သည် ဖြစ်ကြ၏၊ ထိုခမည်းတော်ဘုရားသခင် တပါးတည်းသာ ငါတို့၌ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသောအရာဖြစ်ကြ၏၊ ထိုသခင်ယေရှုခရစ်တပါးတည်းသာ ငါတို့၌ရှိတော်မူ၏။" ထိုခံယူယုံကြည်ချက်ကို မိမိတို့ပိုင်အဖြစ်ပြုနိုင်ကြရန် ဘုရားသခင် ကျေးဇူးတော်ကိုပေးတော်မူပါစေ။ အမြဲတမ်း မိမိတို့၏ယုံကြည်ချက်အဖြစ် ခံယူနိုင်ကြရန် မဆတော်မူပါစေ။

## ခရစ်တော်၏ဇာတိနှစ်ခုတို့ကြားခြားနားခြင်းအကြောင်း

(The Distinction between Christ's Two Natures)

ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်၊ လူသားဖြစ်သည်ဟု ပြောဆိုကြသောအခါ၊ သူ၏ဇာတိသဘာဝနှစ်ခုကို ရှုပ်ထွေးမသွားဖို့ အရေးကြီးပါသည်။ အသင်းတော်သမိုင်းတလျှောက်ထိုသို့ရှုပ်ထွေးခဲ့ကြသည်ကို တွေ့ရပါသည်။ ဥပမာ - အချို့တို့က သူ့ကို ဘုရား-လူသားဟုခေါ်ကြသည်၊ ထိုသို့ခေါ်ခြင်းဖြင့်သူသည် ဘုရားအစစ်မဟုတ်တော့သလို၊ လူသားအစစ်လည်း မဟုတ်တော့ပါ၊ ထိုနှစ်ခုရောစပ်သောအရောအနှောတမျိုးဖြစ်လာပါသည်။ တူညီသောဥပမာပြရမည်ဆိုလျှင် ဆိုဒီယံသတ္တုကို အဆိပ်ဓါတ်ငွေ့တမျိုးဖြစ်သော ကလိုရင်းဓါတ်ငွေ့နှင့်ရောသောအခါ ဆိုဒီယမ်ကလိုရိုဒ်ဓါတ်(အိမ်သုံးဆား) ထွက်လာသမျိုးဖြစ်ပါမည်။ သတ္တုလည်းမဟုတ်တော့သလို၊ ဓါတ်ငွေ့လည်းမဟုတ်တော့ပါ။

ထိုအိုဟောင်းနေပြီဖြစ်သည့် မှားယွင်းသောအယူဝါဒ၏ပြဿနာမှာ လူသားနှင့်ဘုရားဇာတိအကြား ခြားနားမှုကို ထည့်မတွက်ခြင်းဖြစ်ပါသည်။ ထိုသို့သောယူဆခြင်းအများ ယနေ့လည်းရှိနေပါသေးသည်။ ထိုသူတို့က ဘုရားဇာတိနှင့်လူသားဇာတိတို့၏ခြားနားချက်ကို မှုန်ဝါးဝါးပြောဆိုလျှက်၊ ကောင်းမြတ်သောလူတယောက် ဘုရားဖြစ်လာပုံစံ ပြောချင်ကြသည်။ ထိုသူတို့က ခရစ်တော်သည် သူ၏လူသားဇာတိ၏ဖြစ်နိုင်စွမ်းအဆုံးအစွန်ကိုအသုံးပြုလျှက် ဘုရားအဖြစ်သို့ ရောက်ရှိသွားသည့်၊ အဆင့်အရမ်းမြင့်သွားသည်ဟု ပြောကြသည်။ ထိုအထဲတွင် ခရစ်ယာန်သံပုံသီချင်း အမြောက်အများရေးသူ အိုင်းဇက်စ်ဝပ်စ်(Issac Watts)ပါသည်။

ထိုသို့ ဘုရားနှင့်လူသားဇာတိကြားခြားနားချက်ကို မှုန်ဝါးဝါးလုပ်ကြသူများထဲတွင် "အပြုသဘောတွေးခေါ်ခြင်း" (Positive thinking)ဧဝံဂေလိအုပ်စုများ၊ "မောဒန်အုပ်စုများ"(modernism) ပါဝင်ကြပါသည်။ ထိုသူတို့က လူတို့သည် မိမိတို့အတွေးများတွင် အပြစ်၊ အကုသိုလ်စသည်တို့ကို ဖယ်ရှားပစ်ကာ၊ အပြုသဘောနှင့်မိမိကိုယ်ကို မြင်ကြရမည်၊ ထိုသို့ဖြင့် ခရစ်တော်လုပ်ခဲ့သလို၊ လူဖြစ်ခြင်း၏စွမ်းဆောင်နိုင်မှုများကို အဆုံးစွန်ထုတ်လုပ်လာနိုင်ကြမည်ဟု သင်နေကြပါ

သည်။ ထို့ကြောင့် ကယ်တင်ခြင်းဆိုသည်မှာ ယောက်ကျားမိန်းမတို့ ပြည့်စုံသောလူသားသဘာဝသို့ တိုးတက်ရောက်ရှိခြင်းတွင်သာရှိပါသည်။ ထိုသို့ရောက်ရှိခြင်းသည် ဘုရားဖြစ်ခြင်းနှင့်အတူတူဖြစ်ပါသည်ဟု ပြောကြသည်။

ခရစ်တော်၌ရှိသော ဇာတိသဘာဝနှစ်ခုတို့၏ခြားနားခြင်းအမှန်တရားကို ထိန်းသိမ်းရန် ကျွန်တော်တို့သည် ကျမ်းစာကသုံးသောစကားလုံးထက်ပို၍မသုံးမိရန် သတိပြုရပါမည်။ ဥပမာ၊ ခရစ်တော်သည် မိမိ၏လူသားဇာတိဖြင့် လက်ဝါးကပ်တိုင်၌အသေခံသည် (သို့) ဝေဒနာများကိုခံစားလျှက် သေသည်ဟု ပြောကြပါသည်၊ သို့သော် လက်ဝါးကပ်တိုင်ပေါ်တွင် ဘုရားသခင်သေသည်ဟု မပြောကြပါ။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ဘုရားသခင်၏ စွန့်ပစ်ခြင်းကို ခံရသည်ဟုပြောကြပါသည်၊ ဘုရားသခင်သည် ဘုရားသခင်၏စွန့်ပစ်ခြင်းကို ခံရသည်ဟု မပြောကြပါ။

ထိုသို့ပြောဆိုခြင်းဥပမာများကို ကျမ်းစာထဲတွင်တွေ့ရပါသည်၊ ရောမ ၉း၅ ကဲ့သို့သောကျမ်းပိုဒ်၊ ထိုနေရာ၌ အသွေးအသားအရ ခရစ်တော်သည် ဂျူးလူမျိုးအဖြစ် လာခဲ့သည်ဟုပြောပါသည်။

ထို့ကြောင့် ကျွန်တော်တို့၏သခင်ခရစ်တော်သည် ပုဂ္ဂိုလ်တဦးထဲတွင် ထာဝရ၊ အရာခပ်သိမ်းကိုသိ၊ အရာခပ်သိမ်းကိုလုပ်နိုင်သောတန်းခိုးပိုင်ရှင်၊ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသူ ဖြစ်သလို၊ တချိန်တည်းတွင် သူသည် လူဖြစ်ခြင်း၏ အကန့်အသတ်များအားလုံးနှင့် လူသားစစ်စစ်ဖြစ်သူလည်း ဖြစ်တော်မူပါသည်။ ၄င်းသည် လူ့ဇာတိခံယူခြင်း၏အံ့သြစရာဖြစ်ပါသည်။ ဘုရားဖြစ်ခြင်း၏ ကြီးမားသောနက်နဲမှုဖြစ်ပါသည်။ ကျွန်တော်တို့ကယ်တင်ခြင်းအတွက် မျှော်လင့်ခြင်းလည်းဖြစ်ပါသည် (ဧဖက် ၄း၉၊၁၀)။

အရာနှစ်မျိုးရောစပ်သဖြင့် နောက်တမျိုးဖြစ်လာခြင်းကို နားလည်ရလွယ်ပါသည်။ သို့သော် ခရစ်တော်ထဲ၌ ဇာတိနှစ်ခုသည် ထာဝရအမြဲတမ်း မည်ကဲ့သို့ ညီညွတ်နေကြလျှက်၊ မည်ကဲ့သို့ ခြားနားနေကြကြောင်းကို နားလည်ဖို့ရန်မူ အတော်ခက်ပါသည်၊ ကျွန်တော်တို့နားလည်နိုင်စွမ်း၏ ဟိုမှာဖက်တွင်ဖြစ်နေပါသည်။ ထိုအချက်က ခရစ်တော်၏လူ့ဇာတိခံယူတော်မူခြင်းသည် ဘုရားသခင်ပြုသော အံ့သြစရာအလုပ်ဖြစ်ကြောင်း ပြောပြနေပါသည်။

### ခရစ်တော်၌ပြုသောဘုရားသခင့်ပဋိညာဉ်အကြောင်း (God's Covenant in Christ)

ကျမ်းစာကပေးသော တန်ဖိုးအကြီးဆုံးကတိတော်များနှင့်ပတ်သက်၍ ခရစ်တော်၏ဇာတိသဘာဝနှစ်ခုတို့ညီညွတ်နေခြင်းအကြောင်းသည် အရေးကြီးလှပါသည်။ သူသည် ထိုကတိတော်များ ပြည့်စုံခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သူသည် ဧမာနွေလ "ဘုရားသခင်ငါတို့နှင့်ရှိသည်" ဖြစ်ပါသည်။

ထိုကတိတော်များနှင့်ပတ်သက်၍ ဤကျမ်းပိုဒ်များကို ရည်ညွှန်းပါသည်၊ ၂ပေ ၁း၄ "အကြောင်းမူကား၊ ထိုဂတိတော်များကိုအမှီပြု၍ သင်တို့သည် ဘုရားပကတိကိုဆက်ဆံရသောသူဖြစ်ကြမည်အကြောင်းတည်း။" ၂ကော ၆း၁၆ "ငါ သူတို့ထဲတွင် နေမည်၊ သူတို့ကြားတွင် သွားလာမည်၊ ငါသည် သူတို့ဘုရားဖြစ်မည်၊ သူတို့သည် ငါ့လူ များဖြစ်ကြမည်" ဧဖက် ၃း၁၉ "ထိုသို့ဖြင့် သင်တို့သည် ဘုရားသခင်၏ ပြည့်စုံခြင်းအားလုံးနှင့် ပြည့်လျှက် ရှိနေကြပါစေ။" ဧဖက် ၅း၃၀ "အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သူ့ကိုယ်ခန္ဓာ၏အင်္ဂါများဖြစ်ကြသည်၊ သူ၏အသွေးအသား၊ သူ၏အရိုးများ ဖြစ်ကြပါသည်။" ဂလာတိ ၂း၂၀ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်တွင် အတင်ခံရသည်၊ သို့ပါလျှက် ငါ အသက်ရှင်ပါသည်၊ သို့သော် ငါမဟုတ်ပါ၊ ခရစ်တော် ငါ့အထဲ၌ရှင်နေခြင်းဖြစ်သည်၊ ထို့အပြင် အသွေးအသားထဲ၌ ယခုအချိန် ငါ ရှင်နေသော အသက်သည် ငါ့ကိုချစ်၍၊ ငါ့အတွက် မိမိကိုယ်ကိုပေးအပ်သော ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းဖြင့် ရှင်နေခြင်း ဖြစ်ပါသည်။"

ထိုကတိတော်များအားလုံးက ဂျွန်ကဲလ်ဗင်းပြောသလို၊ ဘုရားသခင်၏ခရစ်တော်အားဖြင့် သူ့လူများနှင့်နက်နဲဆန်းကြယ်သောညီညွတ်ဆက်နွယ်နေမှုသည် ရှိနေသည်ဟု ပြောပြနေကြပါသည်။ ၄င်းတို့သည် ပုံဆောင်ချက်သက်သက်မဲ့ကိုသာ ပြောနေကြခြင်းမဟုတ်ပါ၊ ယုံကြည်ခြင်းကို ပုံဆောင်ချက်ဖြင့် ဖေါ်ပြသောကျမ်းပိုဒ်များနှင့်လည်း မတူကြပါ။ တကယ်ရှိနေသော ဆက်သွယ်မှု ဆက်နွယ်မှုဖြစ်ပါသည်။ ယုံကြည်ခြင်းကို အရှိအတိုင်းဖေါ်ပြရလျှင် ခရစ်တော်ထဲသို့ ယုံကြည်ခြင်းဖြစ်ပါသည်။ ခရစ်တော်အထဲသို့ ဝင်ရောက်သွားခြင်းဖြစ်ပါသည်။

ထို့ကြောင့် အထက်ကဖေါ်ပြခဲ့သော်ကျမ်းပိုဒ်များက၊ ဘုရားသခင်နှင့်သူ့လူတို့အကြား ဖြစ်နိုင်သမျှ အနီးကပ်ဆုံးဆက်ဆံရေး မိဿဟာယဖွဲ့မှုကို ပြောနေခြင်းဖြစ်ပါသည်။ ထိုမိဿဟာယတွင် ဘုရားသခင်၏လူတို့သည် အမှန်တကယ်ပင် သူ၏ကိုယ်ပိုင်ကောင်းချီးမင်္ဂလာပြည့်သောအသက်တာကို ဝင်ရောက်ခွင့်ရကြပါသည်။ သူနှင့်ညီညွတ်စွာ နေထိုင်ခွင့်ရကြပါသည်။ သူတို့သည် ကျေးဇူးတော်ကြောင့် သူ၏မိသားစုဝင်များ ဖြစ်လာကြသည်၊ ဘုရားဖြစ်တော်မူခြင်းကို ပါဝင်ဆက်ဆံကြရသူများဖြစ်လာကြပါသည်။ အံ့သြစရာကောင်းလှသည်မဟုတ်ပါလား?

ထိုညီညွတ်စွာနေထိုင်ရခြင်းသည် ခရစ်တော်ကြောင့် အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။ သူသည် တဖက်တွင် ကျွန်တော်တို့၏ အသွေးအသား ဖြစ်တော်မူသည်၊ နောက်တဖက်တွင် သူသည်စစ်မှန်သော ပြည့်ဝသော ဘုရားသခင်ဖြစ်တော်မူပါသည်။ သူ့ထဲတွင် ဘုရားခင်နှင့်လူသားသည် တွေ့ဆုံပါသည်၊ ညီညွတ်စွာရှိပါသည်၊ ကျွန်တော်တို့သည် ယုံကြည်ခြင်းဖြင့် သူ့ထဲတွင် ရှိနေကြသည်၊ သူ့ထဲတွင် ဘုရားသခင်၏အဖြစ်တော်ရှိရှိသမျှသည် တကယ့်ကို တည်ရှိနေသဖြင့် ကျွန်တော်တို့လည်း ထိုအထဲတွင် ပါဝင်နေကြပါသည် (ကော ၂း၉-၁၀)။

ခရစ်တော်သည် သူ၏လူသားဇာတိခံယူခြင်းဖြင့် ကျွန်တော်တို့၌ဇမာန္ွေလ(ဘုရားသခင်ငါတို့နှင့်အတူရှိသည်) ဖြစ်လာပါသည်။ သူ့အားဖြင့် ဘုရားသခင်သည် ကျွန်တော်တို့ထံလာရောက်သောကြောင့်သာမဟုတ်ပါ၊ သူ့အားဖြင့် ဘုရားသခင်သည် ကျွန်တော်တို့ထံလာရောက်နေထိုင်တော်မူပါသည်၊ အနီးနိုင်သမျှအနီးကပ်ဆုံးအဖြစ်နှင့်လာနေတော်မူပါသည်။

ခရစ်ယာန်တို့၏လက်ထပ်ထိမ်းမြားခြင်းက ထိုအမှန်တရားကို ရုပ်ပုံကားချပ်အဖြစ် ထင်ဟပ်စေပါသည်၊ အဘယ် ကြောင့်ဆိုသော် ထိမ်းမြားလက်ထပ်ခြင်းတွင် ယောကျ်ားနှင့်မိန်းမတို့သည် "တသားတည်း"(one flesh) ဖြစ်လာသောကြောင့်ဖြစ်သည်(မယုံကြည်သူတို့၏မင်္ဂလာဆောင်ခြင်း အကျုံးမဝင်ပါ)။ ဧဖက် ၅ တွင် ပေါလုက ယုံကြည်သူတို့၏ ထိန်းမြားလက်ထပ်ခြင်းနှင့်ပတ်သက်၍ ယောကျ်ားနှင့်မိန်းမတို့သည် တသားတည်းဖြစ်လာသည်ဟုပြောချိန်တွင်၊ ဤသို့ ဆက်ပြောထားသည်၊ "ဤအရာသည် ကြီးသောနက်နဲခြင်းဖြစ်သည်၊ သို့သော် ငါသည် ခရစ်တော်နှင့် အသင်းတော်တို့၏ သက်ဆိုင်မှုကို ပြောခြင်းဖြစ်သည်။" (၃၂)

ခရစ်တော်၌ ဘုရားသခင်နှင့်သူ၏လူတို့၏လက်ထပ်ထိမ်းမြားခြင်းဖြင့် သူတို့သည် တသားတည်းဖြစ်လာသည် ဆိုသည့်အချက်က ကျေးဇူးတော်ပဋိညာဉ်ကို အကောင်အထည်ပေါ်လာစေပါသည်။ ဘုရားသခင်၏ပဋိညာဉ်သည် မိတ်ဆွေသူငယ်ချင်းဖြစ်မှုပဋိညာဉ် ဖြစ်ပါသည်၊ ထိုပဋိညာဉ်ဖြင့် ဘုရားသခင်က သူသည် ကျွန်တော်တို့ဘုရား ဖြစ်မည်၊ ကျွန်တော်တို့သည် သူ၏လူများဖြစ်လာကြမည်ဟု ကတိပေးပါသည်။ ထိုကတိတော်သည် ကျွန်တော်တို့ ခရစ်တော်အားဖြင့် ဘုရားသခင်နှင့်တသားတည်းဖြစ်ကြချိန်တွင် အကောင်အထည်ပေါ်လာပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် သိုးသငယ်၏မင်္ဂလာဆောင်ပွဲကို မျှော်လင့်ကြပါသည်၊ ကောင်းကင်နိုင်ငံတော်၏ ဝမ်းမြောက်မှု ရုပ်ပုံကားချပ်အဖြစ်သာ မျှော်လင့်ကြသည်မဟုတ်ပါ၊ ခရစ်တော်၌ကျွန်တော်တို့၏ ဘုရားသခင်နှင့်တညီတညွတ်တည်းဖြစ်ခြင်း အဆုံးသပ်အကောင်ထည်ဖေါ်ခြင်းအဖြစ် မျှော်လင့်ကြပါသည်၊ ထိုအချိန်သည် ကျွန်တော်တို့၏ မျှော်လင့်ခြင်းအားလုံး တကယ်ဖြစ်လာချိန်၊ ကျွန်တော်တို့ဝမ်းမြောက်မှုအားလုံး စတင်ချိန်ဖြစ်ပါမည်။

## ခရစ်တော်၏ဌာနသုံးမျိုးအကြောင်း (The Three Offices of Christ)

ခရစ်တော်၏ဌာနများဟုပြောကြသည့်အခါ၊ ခရစ်တော်သည် ကျွန်တော်တို့၏ ကြီးမြတ်သောပရောဖက်(တမန် ၃း၂၂-၂၆)၊ ကျွန်တော်တို့၏ တဦးတည်းသောယဇ်ပုရောဟိတ်မင်း(ဟေဗြဲ ၇း၂၄-၂၈)၊ ကျွန်တော်တို့၏ ထာဝရရှင်ဘုရင် (ဗျာ ၁၇း၁၄)ဖြစ်ကြောင်း ပြောကြခြင်းဖြစ်သည်။

ထိုဌာနသုံးမျိုးဖြင့် ကျမ်းစာထဲတွင် ခရစ်တော်သည် ထူးခြားလှသူဖြစ်သည်။ မေလခိဇေဒက်မှလွဲ၍ မည်သူမျှ ထိုဌာနသုံးမျိုးကို တချိန်ထဲတွင် ယူဆောင်သူမရှိပါ (ဟေဗြဲ ၇)။ ဓမ္မဟောင်းရှင်ဘုရင်များခေတ်တွင် အစ္စရေးနှင့် ယုဒဘုရင်များအား ဘုရင်၊ တချိန်ထဲတွင် ယဇ်ပုရောဟိတ် နှစ်မျိုးတွဲတာဝန်ယူခြင်းကို တားမြစ်ပါသည်။ ယုဒဘုရင် ဩဇိသည် ထိုသို့ဖြစ်ရန် ကြိုးစားခြင်းကြောင့် နူသွားခဲ့ပါသည် (၆ရာ ၂၆း၁၆-၂၁ကို ၁ရာ ၁၃း၈-၁၄ နှင့်နှိုင်းယှဉ် ဖတ်ကြည့်ပါ)။

တစုံတဦးသည် ယဇ်ပုရောဟိတ် တချိန်ထဲတွင် ပရောဖက် ဖြစ်နိုင်ပါသည်၊ ဥပမာ ရှမွေလ၊ (သို့) ရှင်ဘုရင် တချိန်ထဲတွင် ပရောဖက် ဒါဝိတ်ကဲ့သို့။ သို့သော် ဘယ်တော့မှ ဘုရင် တချိန်ထဲတွင် ယဇ်ပုရောဟိတ်မင်း မဖြစ်ရ။ မေလခိဇေဒက်သာ တချိန်ထဲတွင် နှစ်မျိုးစလုံးဖြစ်ခဲ့သည်။ သူသည် ခရစ်တော်ကို ထူးခြားစွာပုံဆောင်သူဖြစ်သည်။ ခရစ်တော်နှင့်တူသူ တယောက်မှ မရှိပါ။

ခရစ်တော်နှင့်တူသူ တဦးမှမရှိ၍၊ ကျွန်တော်တို့ထံတွင် သူမှလွဲ၍ မည်သူ့ကိုမှ မရှိစေရပါ။ ခရစ်တော်မှလွဲ၍ ဤလောကနှင့်ဆိုင်သော မည်သည့်ယဇ်ပုရောဟိတ်၊ ပရောဖက်၊ ရှင်ဘုရင်မျှ မရှိပါ။ ထို့ကြောင့် ယနေ့ခေတ်တွင် မိမိတို့ကိုယ်ကို သူတို့သည် ပရောဖက်များ (သို့) ယဇ်ပုရောဟိတ်များ(ခရစ်ယာန်ဘုန်းကြီးများ) (သို့) သခင်ယေရှုခရစ်တော်၏ အသင်းတော်၌ ကြီးမြင့်သောပုဂ္ဂိုလ်ကြီးများဖြစ်သည်ဟု ကြွေးကြော်နေကြသူများသည် ရှက်စရာအလွန် ကောင်းနေပါသည်။ အသင်းတော်၏ဦးခေါင်းသည် ခရစ်တော်သာဖြစ်သည်၊ အခြားမရှိပါ။ ပရောဖက်မရှိ အသက်ရှင်သော နုတ်က

ပတ်တော်သာရှိပါသည်၊ ယဇ်ပုရောဟိတ်(ခရစ်ယာန်ဘုန်းကြီး)မရှိပါ သို့သော် မိမိလူတို့၏အပြစ်များအတွက် မိမိကိုယ်ကို ယဇ်အဖြစ်ပူဇော်သူ ဂရုဏာရှင် ဘုရားသခင်၏သားတော်သာရှိပါသည်။

ခရစ်တော်၏ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင် စသောဌာနများအကြောင်းမလေ့လာခင်၊ "ဌာန" ဆိုသောစကားလုံးက ဘာကိုဆိုလိုကြောင်း နားလည်ဖို့လိုပါမည်။ ပထမအနေနှင့် ဌာန ဆိုသည်မှာ အမှုဆောင်ခြင်းနေရာတခုကို ဆိုလိုပါသည်။ သူ၏ဌာနများအားဖြင့် ခရစ်တော်ကို ကျမ်းစာက ယေဟောဝါ၏အစေခံဟု သတ်မှတ်ပါသည်၊ အထူးသဖြင့် ဟေရှာယအနာဂတ္တိကျမ်းတွင်ဖြစ်သည် (ဟေရှာ ၅၂း၁၃၊ ၅၃း၁၁)။ ယေဟောဝါ၏အစေခံအဖြစ် သူသည် ဘုရားသခင်၏အလိုဆန္ဒနှင့်အလုပ်ကို လုပ်ကိုင်ရန် လာခဲ့ပါသည် (လုကာ ၂း၄၉၊ ယော ၄း၃၅)။

ဒုတိယအနေနှင့် ဌာန ဆိုသည်မှာ ဩဇာအာဏာရှိသောနေရာတခုဖြစ်ပါသည်။ သူ၏ဌာနသုံးခုဖြင့် ခရစ်တော်တွင် ကောင်းကင်နှင့်မြေကြီးအားလုံးကိုအုပ်စိုးသောအာဏာရှိပါသည်(မဿဲ ၂၈း၁၈)။ ပရောဖက်အနေနှင့်သူပြောသောစကားများသည် ဩဇာရှိလွန်းသဖြင့် နားမထောင်သူသည် ပျက်ဆီးခြင်းသို့ရောက်ရပါသည်။ ယဇ်ပုရောဟိတ်အနေနှင့် သူလုပ်ပေးသည်များသည်၊ ယဇ်ပူဇော်ပေးခြင်းနှင့်ကောင်းချီးပေးခြင်းနှစ်မျိုးလုံး၊ ကယ်တင်ခြင်းအတွက် လုပ်ပေးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က ထိုသို့ပြုရန် အာဏာကို သူ့ထံ ပေးအပ်ထားသဖြင့် သူ့အား ဘုရားသခင်ကပေးသမျှသော သူအားလုံး၏ အပြစ်များကို ကြေအေးစေရန်အတွက် တကြိမ်ယဇ်ပူဇော်ခြင်းကိုပြုလျှက်၊ ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများအားလုံးနှင့်ကောင်းချီးပေးတော်မူသည်။

နောက်ဆုံးအနေနှင့် ဌာန ဆိုသည်မှာ ကြားဝင်ဖြန်ဖြေပေးသောနေရာတခုဖြစ်ပါသည်။ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင်အနေနှင့် ခရစ်တော်သည် ကျွန်တော်တို့၏ ကြားဝင်ဖြန်ဖြေပေးသူဖြစ်ပါသည်။ သူသည် ဘုရားသခင်နှင့် ကျွန်တော်တို့အကြားတွင် ရပ်ပေးပါသည်။ ဘုရားသခင့်ဖြောင့်မတ်ခြင်းက တောင်းဆိုသည်ကို ကျေနပ်ရန် အပြစ်အတွက် ယဇ်ပူဇော်ပေးဖို့သာမကပါ၊ ပရောဖက်အနေနှင့် ဘုရားသခင်၏စကားကို ကျွန်တော်တို့ထံယူဆောင်လာသူအဖြစ်၊ ဘုရားသခင့်နာမတော်အတွက် အစိုးရသောဘုရင်အဖြစ် ကျွန်တော်တို့ကို အုပ်စိုးရန်လည်း ရပ်ပေးတော်မူပါသည်။

သူ၏ ခရစ်တော်ဆိုသော၊ ဓမ္မဟောင်းကာလအခေါ် မေရှိယဆိုသည့်အမည်က ထိုအရာများအားလုံးကို ဖေါ်ပြနေပါသည်။ ထိုအမည်၏အဓိပ္ပါယ်မှာ ဘိသိတ်ပေးခြင်းခံရသူဖြစ်သည်၊ ခရစ်တော်ကို ကျွန်တော်တို့၏ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင်အဖြစ် ခမည်းတော်ဘုရားက သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘိသိတ်ပေးသည်၊ ခန့်အပ်ထားသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အမှန်ပင် သူနှင့်တူသူ မရှိပါ။ ထို့ကြောင့် ကျွန်တော်တို့သည် မည်သူ့ကိုမှ နားမထောင်ပါ၊ မည်သူ့ထံမှ ဦးမညွတ်ပါ၊ သူလုပ်ပေးသောယဇ်ပူဇော်ခြင်းမှလွဲ၍ မည်သူ့ကိုမှအားမကိုးပါ။ ထို့ကြောင့် သူသည် ကျွန်တော်တို့အတွက် အသက်ရှင်တော်မူသောဘုရားသခင့်သားတော် ခရစ်တော်အမှန်ပင်ဖြစ်သည်ဟု ပြောနိုင်ကြပါသည်။

### ခရစ်တော်၊ ကျွန်ုပ်တို့၏အကြီးမြတ်ဆုံးပရောဖက် (Christ our Chief Prophet)

ခရစ်တော်သည် အပြစ်အတွက် တခုသောယဇ်ပူဇော်ခြင်းကို ပြုလုပ်ပေးသူ မြင့်မြတ်သောယဇ်ပုရောဟိတ် ဖြစ်သည်သာမက၊ သူသည် ကျွန်တော်တို့၏ ပရောဖက်နှင့်ရှင်ဘုရင်လည်း ဖြစ်သည်ကို အများစုက မေ့နေကြပါသည်။ ထိုဌာနများသည်လည်း၊ ယဇ်ပုရောဟိတ်ဌာနကဲ့သို့ အရေးကြီးကြပါသည်။

ကျွန်တော်တို့၏ ပရောဖက်အနေနှင့် သူသည် ဘုရားသခင်၏စကား(နှုတ်ကပတ်တော်)ကို ကျွန်တော်တို့ထံ ယူလာပေးသူဖြစ်ပါသည်။ ထိုအလုပ်ကို ပထမအနေနှင့် သူကိုယ်တိုင် ဘုရားသခင်၏စကားတော်ဖြစ်ခြင်းဖြင့် ပြုလုပ်ပါသည် (ယော ၁း၁)။ အသက်ရှင်သောစကားအဖြစ် သူသည် ကျွန်တော်တို့ထံ ဘုရားသခင်၏ အားလုံးသောကျေးဇူးတော်၊ ဂရုဏာ၊ ချစ်ခြင်း တို့ကိုသာမက၊ ဘုရားသခင်၏ သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းနှင့် အမျက်ဒေါသတို့ကိုလည်း ဖွင့်ပြပေးပါသည်။

ခရစ်တော်သည် ကျွန်တော်တို့၏ပရောဖက်အနေနှင့် ကျွန်တော်တို့ထံ ဘုရားသခင်၏စကားကိုလည်း ပြောပြပါသည်။ ထိုအချက်ကို သူသည် ဧဝံဂေလိတရားဟောခြင်းဖြင့် ပြုလုပ်ပေးပါသည်။ သစ္စာရှိသောတရားဟောဆရာများကိုစေလွှတ်လျှက် မိမိလူများက သူ၏အသံကို ကြားနိုင်ရန် ပြုလုပ်ပါသည်(ယော ၅း၂၅၊ ၁၀း၂၇)။ ထိုသို့ဖြင့် သူ့ လူများက သူ့ကို မမြင်ဘူးကြသော်လည်း၊ သူ့ကို ချစ်ကြပါသည်၊ နာခံကြပါသည် (ယော ၂၀း၁၉)။ ဤအချက်သည် တရားဟောခြင်းနှင့်ပတ်သက်၍ ကျမ်းစာကပြောပြသည့် အရေးကြီးသောအမှန်တရားတခုဖြစ်ပါသည်။ ၎င်းမှာ တရားဟောခြင်းထဲမှနေ၍ ဘုရားသခင်၏လူများသည် သခင်ခရစ်တော်၏အသံကို သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ကိုင်ပေးခြင်းမှတဆင့်ကြားကြပါသည်။ ထိုအချက်က တရားဟောခြင်းကို ကယ်တင်ခြင်းရစေနိုင်သည့် ဘုရားသခင်၏တန်ခိုး ဖြစ်လာစေပါ

သည်(ရောမ ၁း၁၆)။ ထို့အတွက်ကြောင့် ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်သည်ဟု ပြောခြင်းဖြစ်ပါသည်(ရောမ ၁၀း၁၇)။

ခရစ်တော်သည် ထိုမျှတန်ခိုးကြီးစွာ ပြောပြနေသဖြင့်၊ ကျွန်တော်တို့ အခြားပရောဖက်ကို မလိုအပ်ပါ၊ ရှာစရာလည်း မလိုအပ်သလို၊ လိုက်စရာလည်း မလိုအပ်ပါ။ ယနေ့ခေတ် မိမိတို့ကိုယ်ကို ပရောဖက်ဖြစ်သည်ဟု ပြောနေကြသူများ၊ လုံးဝအမှားမပါသောစကားကိုပြောနိုင်သည်ဟု ပြောနေသူများ၊ (သို့) ဘုရားသခင့်အလိုတော်ကို ဖွင့်ပြနိုင်ပါသည်ဟု ပြောနေကြသူများသည် ခရစ်တော်ရှေ့မှောက်တွင် အရှက်ကွဲကြရပါမည်၊ သူတို့သည် ခရစ်တော်၏ ထူးခြားလှသောပရောဖက်ဖြစ်ခြင်းဌာနကို ငြင်းပယ်ကြသူများဖြစ်ကြသည်။ ခရစ်တော်မလာခင်ကတော့ အခြားသောပရောဖက်များကို လိုအပ်ခဲ့ပါသည်။ သို့သော် ဘုရားသခင်၏အသက်ရှင်သော၊ အမြဲတည်သော စကားအဖြစ် ခရစ်တော်လာပြီးနောက်ပိုင်း အခြားသူများကို မလိုအပ်တော့ပါ။

ခရစ်တော်၏ ပရောဖက်အဖြစ်လုပ်ကိုင်ပေးခြင်းသည် အလွန်အရေးကြီးလှသဖြင့် မောရှေက သူမမွေးခင် နှစ်ပေါင်းများစွာကပင် သူ့အကြောင်းကို ကြိုတင်ပြောခဲ့ပါသည်(တရား ၁၈း၁၅၊ တမန် ၃း၂၂)။ မောရှေက ခရစ်တော်၏ ပရောဖက်အလုပ်နှင့်ပတ်သက်၍ “သင်တို့၏ဘုရားသခင်ထာဝရဘုရားသည်၊ သင်တို့အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသောပရောဖက်တပါးကို သင်တို့အဘို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပရောဖက်ဟောပြောသမျှသော အရာတို့ကို သင်တို့သည် နားထောင်ရကြမည်” ဟု ပြောခဲ့သည် (တမန် ၃း၂၂)။

လူအများသည် မောရှေပြောသမျှကို နားမထောင်ကြပါ၊ ဂရုမစိုက်ကြပါ၊ ထို့ကြောင့် မောရှေက ပို၍ကောင်းသောပရောဖက် လာဦးမည်ဟု ပြောခဲ့ခြင်းဖြစ်ပါသည်။ နောက်လာမည့်ပရောဖက်က သူ့စကားကို နားထောင်အောင် လုပ်ပေးနိုင်သူဖြစ်မည်။ ဘုရားသခင့်သားတော်အနေဖြင့် ထိုမျှအစွမ်းတန်ခိုးရှိလျှက်ခေါ်သောအခါ၊ အပြစ်သားတို့သည် မနာခံဘဲ မနေနိုင်ကြတော့ပါ။ နောင်တရလျှက် ယုံကြည်ပါဟု ခေါ်သောအခါ၊ သူ၏တန်ခိုးကြီးလှသောအသံက သူ့လူများ၏နှလုံးသားများတွင် ယုံကြည်ခြင်းနှင့်နောင်တတရားကို ဖြစ်လာစေပါသည်။ သူစကားပြောသောအခါ၊ သေသောသူသည် ဘုရားသခင့်သားတော်၏အသံကိုကြားသဖြင့် အသက်ပြန်ရှင်လာပါတော့သည် (ယော ၅း၂၅)။ ထို့ကြောင့် မောရှေက “သူပြောသမျှ သင်တို့နားထောင်ကြမည်”ဟု ပြောခဲ့ခြင်းဖြစ်သည်။

အပြစ်သားတို့သည် (ဝိညာဉ်)သေနေကြသဖြင့် ခရစ်တော်၏အသံကိုမကြားနိုင်ကြပါ၊ ခရစ်တော်က ထိုသို့ တန်ခိုးကြီးစွာပြောသည့်အခါမှသာ ကြားနိုင်လာကြပါသည်။ ထိုသို့ပြောသဖြင့် မိမိတို့အပြစ်များ၌နောင်တမရဘဲ သေကြသူများတွင် တာဝန်မရှိပါဟု ပြောနေခြင်းမဟုတ်ပါ။ “အကြင်သူသည် ထိုပရောဖက်၏ စကားကိုနားမထောင်ဘဲနေအံ့၊ ထိုသူသည် မိမိအမျိုးထဲက ပယ်ရှင်းခြင်းကိုခံရမည်”(တမန် ၃း၂၃)။

ခရစ်တော်က ကျွန်တော်တို့နှလုံးသားများထဲတွင် သူ၏တန်ခိုးကြီးလှသော၊ ဖန်ဆင်းနိုင်သော စကားကို ပြောသည့်အခါမှသာ သူ့အသံကို ကြားနိုင်ကြပါသည်။ ကျွန်တော်တို့ ကြားမှလဲဖြစ်ပါမည်၊ မဟုတ်ပါက ပျက်ဆီးကြမည် ဖြစ်ပါသည်။ ပရောဖက်အနေနှင့် သူက နားထောင်ပါဟု တောင်းဆိုနေပါသည်။ “ထို့ကြောင့် ငါတို့သည် ကြားခဲ့ရပြီးသောအကြောင်းအရာကို ပို၍အလေးအနက်ထား၍ ဂရုစိုက်ရမည်၊ ထိုသို့မဟုတ်ပါက ၎င်းတို့သည် ငါတို့ထံမှ လျှောထွက်သွားမည်ဖြစ်သည်” (ဟေဗြဲ ၂း၁)။

### ခရစ်တော်၊ ကျွန်ုပ်တို့၏တဦးတည်းသောယဇ်ပုရောဟိတ်မင်း (Christ, Our Only High Priest)

ကျွန်တော်တို့၏တဦးတည်းသာရှိသော ယဇ်ပုရောဟိတ်မင်းအနေနှင့် ခရစ်တော်လုပ်ပေးသောအလုပ်မှာ အပြစ်အတွက် ပူဇော်သောယဇ်အဖြစ် မိမိကိုယ်မိမိ ပူဇော်ခြင်းဖြစ်ပါသည်။ သူသည် တချိန်တည်းတွင် ယဇ်ပုရောဟိတ်မင်းဖြစ်သလို၊ ပူဇော်သောယဇ်လည်း ဖြစ်နေပါသည်။

ခရစ်တော် ကျွန်တော်တို့ယဇ်ပုရောဟိတ်မင်းအဖြစ်ပြုလုပ်ပေးသောအလုပ်သည် အပြစ်အတွက် ယဇ်ပူဇော်ပေးခြင်း တခုတည်း မဟုတ်ပါ။ ထိုသို့သာမှန်လျှင် ယဇ်ပုရောဟိတ်မင်းဖြစ်ရမှုသည် ပြီးဆုံးသွားခဲ့မည်ဖြစ်သည်။ သို့သော် ဟေဗြဲ ၇း၂၈ က သူ့ကို ထာဝရယဇ်ပုရောဟိတ်အဖြစ် ခန့်အပ်ထားသည်ဟုပြောပါသည်။ ဓမ္မဟောင်းခေတ်က ယဇ်ပုရောဟိတ်မှာ ဗိမ္မာန်တော်ထဲရှင်ယဇ်ပလ္လင်ကြီးပေါ်တွင် အပြစ်အတွက်ယဇ်ကို ပူဇော်ပြီးသော် တာဝန်ကုန်ဆုံးပါသည်။ သို့သော် ခရစ်တော်မှာမူ အပြစ်ဖြေဖို့တခုတည်းသောယဇ်ကို ပူဇော်ပြီးသော်လည်း ပြီးဆုံးမသွားခဲ့ပါ။ ထိုသို့ ဗျာဒိတ်ကျမ်း(၁)တွင် ဖေါ်ပြထားပါသည်၊ ချီးမြောက်ခြင်းခံရပြီးသူ၊ မြင့်မားခြင်း သို့ရောက်ပြီးသူ၊ သို့သော် ယဇ်ပုရောဟိတ် အမှု

ကို ဆက်လက်ဆောင် ရွက်နေသူအနေနှင့်ဖြစ်သည်။ သူ၏ဝတ်ရုံကို ရွှေခါးစည်းကြိုးဖြင့် ပတ်ထားသည်၊ ၎င်းသည် ယဇ်ပုရောဟိတ်မင်း၏ ဝတ်စုံပင်ဖြစ်သည်။

ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် ခရစ်တော်၏ဆက်လက်အမှုဆောင်နေခြင်းသည် အထူးသဖြင့် နေရာနှစ်ခု၌ဖြစ်သည်။ ပထမအနေနှင့် သူသည် သူ့လူများအတွက် ဘုရားသခင်၏ရှေ့တွင် ဆက်လက်၍ကြားဝင်ဖြန်ဖြေပေးသည်။ ထိုအလုပ်ကို ဓမ္မဟောင်းကာလတွင် ယဇ်ပုရောဟိတ်က ကြီးမြတ်သောယဇ်ပလ္လင်ကြီးမှ မီးကိုယူဆောင်ကာ ဗိမ္မာန်တော်အတွင်း သို့ဝင်ရောက်လျှက်၊ အသန့်ရှင်းဆုံးအခန်း၏ ကုလားကာရှေ့တွင် တည်ရှိသော ရွှေယဇ်ပလ္လင်ပေါ်၌ အမွှေးနံ့သာကို မီးရှို့ပူဇော်ခြင်းက ပုံဆောင်ခဲ့ပါသည်။ ထိုနံ့သာမီးရှို့ခြင်း၏မွှေးရနံ့သည် ဘုရားသခင့် ရှေ့တော်မှောက်ရောက်သည်၊ ၎င်းက ကျွန်တော်တို့၏ဆုတောင်းခြင်းများနှင့် ရောနှောသွားသည့် ခရစ်တော်၏ ချိုမြိန်သောဆုတောင်းသံများ ဘုရားသခင့်ရှေ့တော်မှောက် ရောက်သွားခြင်းကိုပုံဆောင်ပါသည်။ ထိုဆုတောင်းများကို လက်ခံ၍ အဖြေပေးတော်မူပါသည်။

မီးရှို့ပူဇော်ရသောအမွှေးနံ့သာက ခရစ်တော်၏ ကြားဝင်ဖြန်ဖြေပေးမှုကို ပုံဆောင်သဖြင့်၊ ယဇ်ပုရောဟိတ်မင်းသည် ထိုအမွှေးနံ့သာကို အပြစ်ဖြေရာယဇ်ပူဇော်ပြီးစ ကြီးမြတ်သောယဇ်ပလ္လင်မှမီးဖြင့် ရှို့ရပါသည်။ ထိုအမွှေးနံ့သာက လက်ခံထိုက်သော ဘုရားသခင့်လူများ၏ဆုတောင်းခြင်းကို ပုံဆောင်ပါသည်။ ထိုဆုတောင်းများသည် ခရစ်တော်၏ကြားဝင် လုပ်ဆောင်ပေးမှုဖြင့် ဘုရားသခင့်ရှေ့တော်သို့ ရောက်လာကြခြင်းဖြစ်သည်။ မီးရှို့ရာယဇ် ပူဇော်သောယဇ်ပလ္လင်မှ မီးခဲများက ကျွန်တော်တို့ဆုတောင်းများကို ဘုရားသခင်က လက်ခံတော်မူရသည့် တခုတည်းသော အကြောင်းအရင်းမှာ ခရစ်တော်၏ယဇ်ပူဇော်ပေးခြင်းကြောင့်ဖြစ်သည်ကို ပုံဆောင်နေပါသည်။

ခရစ်တော်၏ ယဇ်ပုရောဟိတ်မင်းအနေနှင့်အမှုတော်ဆောင်ခြင်းသည် သူ့လူများအပေါ် သွန်းလောင်းပေးသော ကောင်းချီးမင်္ဂလာအားဖြင့်လည်း ဆက်လက်နေပါသည်။ ဝိညာဉ်တော်ကိုသွန်းလောင်းပေးခြင်းနှင့် ဝိညာဉ်တော်၏ ကောင်းချီးမင်္ဂလာများအားလုံးသည် ကျွန်တော်တို့၏ ယဇ်ပုရောဟိတ်မင်းကြီးအနေနှင့် ခရစ်တော်ပြုလုပ်ပေးခြင်းများ ဖြစ်ကြပါသည်။

ထိုအချက်ကို ဓမ္မဟောင်းကာလတွင် ယဇ်ပုရောဟိတ်မင်း ယဇ်ပူဇော်ခြင်း၊ ကြားဝင်ဖြန်ဖြေဆုတောင်းပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးပြီးသည့်အခါ ဝတ်ပြုသူများထံ ရရှိသွားပြီဖြစ်သော ဘုရားသခင်၏ ကောင်းချီး မင်္ဂလာများကို ပြန်လည်ယူဆောင်လာပေးခြင်းဖြင့် ပုံဆောင်ပါသည် (တော ၆း၂၂-၂၇ "ထာဝရဘုရားသည်၊ သင့်ကို ကောင်းကြီးပေး၍ စောင့်မတော်မူပါစေသော။ ထာဝရဘုရားသည် သင်၌ မျက်နှာတော်အလင်းကိုလွှတ်၍ ကရုဏာကျေးဇူးပြု တော်မူပါစေသော။ ထာဝရဘုရားသည် သင့်ကိုမြော်ကြည့်၍ ချမ်းသာပေးတော်မူပါစေသော")။ ထိုအမှုအား ခရစ်တော်သည် ဘုရားသခင့်နာမတော်ဖြင့် ကျွန်တော်တို့ကို ကောင်းချီးပေးချိန်တွင် ကောင်းကင်ဘုံဗိမ္မာန်တော်မှ ပြုလုပ်ပေးပါသည်။

ထိုအမှုကိုပြုလုပ်ရန် ခရစ်တော်သည် ပထမအနေနှင့် ကောင်းကင်ဘုံသို့ ဝင်ရောက်ရပါမည်။ ထိုအချက်ကိုလည်း ဓမ္မဟောင်းကျမ်းတွင် ပုံဆောင်ချက်ဖြင့် ဖော်ပြပါသည်၊ ယဇ်ပုရောဟိတ်မင်းအကြီးဆုံးသည် တနှစ်လျှင်တကြိမ် အသန့်ရှင်းဆုံးအခန်းရှိ ကရုဏာခုံတော်ပေါ်သို့ အပြစ်ဖြေအသွေးကိုဆက်သရန် ဝင်ရောက်ရခြင်းကို ဆိုလိုသည်။ ဘုရားသခင့်ရှေ့တော်သို့ ကျွန်တော်တို့အတွက် ခရစ်တော်ရောက်ရှိသောအခါ သူ၏အသွေးကို ယူဆောင်လျှက် သွားရောက်သည် (ဟေဗြဲ ၉း၂၄)။ ထိုအချက်သည် ခရစ်တော် ဆက်လက်ပြုလုပ်ပေးနေသော ကြားဝင်ဖြန်ဖြေပေးခြင်း၊ မိမိလူတို့အတွက် ဆက်လက်၍ ကောင်းချီးမင်္ဂလာကိုရယူပေးနေခြင်းတို့၏ အခြေခံဖြစ်ပါသည်။

ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် ပြည့်စုံသောယဇ်ကိုပူဇော်ပေးသည်၊ ပြည့်စုံသောကြားဝင် ဖြန်ဖြေပေးမှုကို ပြုလုပ်ပေးသူဖြစ်သည်ဟု ယုံကြည်သူတိုင်း ဘုရားသခင့်ထံမှ ကောင်းချီးမင်္ဂလာများကို ရရှိကြမည်ဖြစ်သည်။ အခြား မည်သည့်ဘုန်းတော်ကြီးတယောက်ကိုမှ အားကိုးစရာမလိုတော့ပါ။

### ခရစ်တော်၊ ကျွန်ုပ်တို့၏ထာဝရရှင်ဘုရင် (Christ, Our Eternal King)

ခရစ်တော်၏ တတိယဌာနမှာ သူ၏ရှင်ဘုရင်ဖြစ်ခြင်းဌာနဖြစ်ပါသည်။ သူ၏ဘုရင်ဖြစ်ခြင်းဌာနနှင့် လုပ်ကိုင်ခြင်း တို့ကိုနားလည်ရန် အချက်အတော်များများကို လေ့လာရပါမည်။

ခရစ်တော်၏ဘုရင်ဖြစ်ခြင်းဌာန၌ အပိုင်းနှစ်ပိုင်ရှိသည်ကို သိရပါမည်၊- ဆိုးညစ်သောကမ္ဘာကြီးကို အုပ်စိုးခြင်းနှင့် မိမိလူတို့အပေါ် အုပ်စိုးခြင်းတို့ဖြစ်သည်။ ပထမအုပ်စိုးခြင်းကို တန်ခိုးတော်အားဖြင့်အုပ်စိုးခြင်း(the rule of His power)ဟု ခေါ်၍၊ ဒုတိယအုပ်စိုးခြင်းကို ကျေးဇူးတော်အားဖြင့်အုပ်စိုးခြင်း(the rule of His grace)ဟု ခေါ်ပါသည်။

သူ၏တန်ခိုးတော်နှင့်အုပ်စိုးခြင်းဖြင့် ခရစ်တော်သည် ဆိုးညစ်သူများ၏ ပြုမူခြင်းအားလုံး၊ နှလုံးသားများ၊ အတွေးများအားလုံးကို အစိုးရတော်မူစွာ ထိန်းချုပ်ပါသည်၊ သူ၏ရည်ရွယ်ချက်အတွက်၊ နိုင်ငံတော်အတွက် အသုံးပြုချင်သ

လို အသုံးပြုပါသည်။ ယုဒကို "မင်းလုပ်စရာရှိတာ အမြန်လုပ်ပါ"ဟုပြောသည့်အခါတွင် သူ၏ဘုရင်ဖြစ်ခြင်း ဩဇာအာဏာနှင့် ပြောခဲ့ခြင်းဖြစ်သည် (ယော ၁၃း၂၇)။ ခရစ်တော်က ယုဒကို အမှောင်ကမ္ဘာ၏အလုပ်ကို လုပ်ရန် စေလွှတ်ခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သူသည် မိမိလူတို့၏ကယ်တင်ခြင်းအတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံနိုင်မည်၊ အသွေးသွန်းပေးနိုင်မည် ဖြစ်သည်။ ထိုသို့သောတူညီသည့်ဩဇာအာဏာကို မိမိအားလာဖမ်းသူများအား နောက်ပြန်လဲကျစေခြင်းဖြင့် ထပ်မံဖေါ်ပြပါသည်(ယော ၁၈း၆)။ ထိုသို့ပြရခြင်းမှာ လက်ဝါးကပ်တိုင်ပေါ်သို့ သူသည် လိုချင်စွာသွားခြင်းဖြစ်သည်ကို ဖေါ်ပြရန်ဖြစ်သည်။ (မသွားချင်ဘဲ အတင်းသွားရခြင်းမဟုတ်၊ သူများဖမ်း၍သတ်ပစ် ခံရခြင်းမဟုတ်၊ ဒစ်စပင်ဆေးရှင်းများပြောသလို၊ နှစ်ပေါင်းတထောင်နိုင်ငံတော် တည်ထောင်ရန်လာသော်လည်း သူ့ လူမျိုးဂျူးများက လက်မခံ၍ လက်ဝါးကပ်တိုင်ပေါ်တက်သေသည် မဟုတ်ပါ။ ဘာသာပြန်သူ)

သူသည် ရှင်ဘုရင်ဩဇာအာဏာကို ခရစ်တော်အားဆန့်ကျင်ပုန်ကန်ကြသူများ၏ အလိုဆန္ဒကို ဆန့်ကျင်လျှက်၊ ၄င်းတို့၏အလိုဆန္ဒကို ဂရုထားခြင်းမရှိ ကျင့်သုံးပါသည်။ ၄င်းတို့သည် ထကြကာ၊ စုဝေးကြလျှက် ခရစ်တော်ကို အတူတကွ ဆန့်ကျင်ကြသည် (ဆာလံ ၂)၊ သို့သော် သူသည် သူတို့ကို အရေးမစိုက်စွာ လှောင်ရီ ရယ်ပါသည်၊ သူတို့၏ ပုန်ကန်ခြင်းကိုပင် မိမိကြိုက်၍ချမှတ်သောလိုချင်ဆန္ဒပြည့်ဝရန် သုံးပါသည်။

သူသည် ကျေးဇူးတော်ဖြင့်လည်း အုပ်စိုးပါသည်။ မိမိကျေးဇူးတော်အုပ်စိုးမှုအားဖြင့် သူသည် အသင်းတော်ထဲတွင် အုပ်စိုးပါသည်။ သူ့လူတို့ကို ထိုသို့အုပ်စိုးခြင်းဖြစ်သည်။ ထိုအုပ်စိုးခြင်းကို ခရစ်တော်သည် သူ့လူများ၏အလို ဆန္ဒမှနေ၍၄င်း၊ သူတို့၏အလိုဆန္ဒအထဲ၌၄င်း ကျင့်သုံးပါသည်။ သူ၏ကျေးဇူးတော်အားဖြင့် သူတို့၏အလိုဆန္ဒများကို ပြောင်းလဲစေသည်၊ သူ့ကိုချစ်မြတ်နိုးနိုင်ရန်၊ သူ၏အလိုဆန္ဒကို လိုချင်စွာလိုက်နာ၍သူ့အတွက် လိုချင်စွာ အသက်ရှင်ကြရန် ပြုလုပ်ပေးပါသည်။ ထိုသို့အုပ်စိုးခြင်းကို လှပစွာ ဆာလံ ၁၁၀း၃ က ပြန်ပြောပါသည်၊ "ကိုယ်တော့် တန်ခိုးအာဏာနေရက်တွင် ကိုယ်တော့်လူတို့သည် လိုချင်ဆန္ဒရှိကြပါမည်။"

ခရစ်တော်၏အုပ်စိုးတော်မူခြင်း ရှုထောင့်နှစ်ခုကို ဆာလံကျမ်းနှစ်ပိုဒ်ဖြင့် ရှင်းစွာနားလည်နိုင်ပါသည်။ ခရစ်တော်သည် မယုံကြည်သူ(လူဆိုးများ)အားလုံးကို သံမဏိတောင်ဝှေးတော်ဖြင့် အုပ်စိုးသည်၊ အစိတ်စိတ်အမွှာမွှာဖြစ်အောင် ရိုက်ခဲ့သည် (ဆာလံ ၂း၉)။ တချိန်ထဲတွင် သူသည် မိမိလူများကို သိုးထိန်းတို့သုံးသောတောင်ဝှေးတော်ဖြင့် အုပ်စိုးသည်၊ ငြိမ်းချမ်း ခြင်းသို့ ပို့ဆောင်သည် (ဆာလံ ၂၃း၄)။

ကျွန်တော်တို့ ထပ်၍သိရဦးမည်မှာ ခရစ်တော်သည် ရှင်ဘုရင်အနေနှင့် သူ့လူများအပေါ် အုပ်ချုပ်ယုံသာမကပါ၊ သူ့လူများအတွက်လည်း အုပ်ချုပ်ပါသည်၊ သူတို့အတွက် တိုက်ခိုက်တော်မူပါသည်၊ တိုက်ပွဲအတွင်းတွင် သူတို့ကို ဦးဆောင်ပါသည်။ ရှင်ဘုရင်အနေနှင့် သူသည် သူ့ရန်သူများအားလုံးကို ခြေမှုန်းသူ၊ အောင်နိုင်သူဖြစ်သည်၊ အမှောင်ကမ္ဘာ၏တန်ခိုးနှင့် နိုင်ငံတခုလုံးကို လုံးဝအောင်နိုင်တော်မူသောသူအားဖြင့်၊ ကျွန်တော်တို့သည် အောင်နိုင်သူများထက် ပို၍အောင်နိုင်ကြ သူများဖြစ်ကြပါသည် (ရောမ ၈း၃၇)။

ထိုအောင်ပွဲကို သူသည် ရပြီးဖြစ်ပါသည်။ တိုက်ပွဲမပြီးသေး၊ အောင်ပွဲမရသေး မဟုတ်ပါ၊ လက်ဝါးကပ်တိုင်အားဖြင့် ပြည့်ဝစွာအောင်ပွဲရပြီးဖြစ်သည် (ယော ၁၉း၃၀၊ ကော ၂း၁၄၊ ၁၅)။ "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံ ဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော်နိုင်ငံဖြစ်လေပြီဟု ပြောဆိုကြ၏။" (ဗျာ ၁၁း၁၅)။ "အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏" (မဿဲ ၆း၁၃)။

ကျွန်တော်တို့ ခရစ်တော်သည် ဘုရင်ဖြစ်ကြောင်း အသိအမှတ်ပြုကြရမည်၊ ထိုသို့ဖြင့် သူ၏အောင်မြင်ခြင်းသည် ကျွန်တော်တို့၏အောင်နိုင်ခြင်းဖြစ်လာပါမည်။ ကျွန်တော်တို့နှလုံးသားများမှ သူ၏ကျေးဇူးတော်ဖြင့် အုပ်စိုးခြင်းကို ရိုသေလေးစားလျှက် အသိအမှတ် ပြုကြပါမည်။ ထို့ကြောင့် ဘုရားသခင်က ရှင်ဘုရင်အဖြစ် ခန့်အပ်ထားသော သားတော်ကို နမ်းကြပါမည်၊ မဟုတ်ပါက သူအမျက်ထွက်လျှင် ကျွန်တော်တို့အားလုံးဆုံးရှုံးခြင်းသို့ ရောက်ကြမည်ဖြစ်သည် (ဆာလံ ၂း ၁၂)။

## ခရစ်တော်၏အခြေအနေများ – သူ၏နှိမ့်ချခြင်းနှင့် မြင့်မားခြင်း

(The States of Christ: Humiliation and Exaltation)

ကောင်းမွန်သောရီဖေါ(မ့်)သီဩလော်ဂျီတိုင်းက ပုံမှန်အားဖြင့် ကြားဝင်ဖြန်ဖြေပေးသူသခင်ယေရှုခရစ်တော်၏ အခြေအနေများအားဆွေးနွေးခြင်းကို ပါဝင်စေလေ့ရှိပါသည်။ ဥပမာ - ဝဲ့စ်မင်စတာတိုတောင်းသောအမေးအ ဖြေများ (မးခွန်း ၂၃)က ဤသို့ပြောပါသည်၊ "ခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်အနေနှင့် ပရောဖက်၊ ယဇ်ပု ရောဟိတ်၊

ရှင်ဘုရင် စသည့်ဌာနများကို ဆောင်ရွက်ခဲ့ပါသည်၊ မိမိ၏ နိမ့်ချခြင်းနှင့်မြင့်မားခြင်း အခြေအနေနှစ်မျိုး လုံးတွင် ဆောင်ရွက်ခြင်းဖြစ်သည်။" နိမ့်ချခြင်း၊ မြင့်မားခြင်းအခြေအနေများက ဘာကိုဆိုလိုပါသနည်း?

အခြေအနေ ဆိုသောစကားလုံးက ကျွန်တော်တို့၏ ဥပဒေအရ အနေအထားကို ရည်ညွှန်းပါသည်၊ တရား ဥပဒေရှေ့တွင် အပြစ်ရှိသလား? အပြစ်ကင်းသလား? စသည်မျိုးဖြစ်သည်။ ယျှတွင် ထိုစကားလုံးကို သခင်ယေရှု၏ အလုပ်နှင့်ဆက်နွယ်၍သုံးခြင်းဖြစ်သည်။ နိမ့်ချခြင်းအခြေအနေဟုခေါ်သည့် သူ၏အမှုတော်ဆောင်ခြင်း ပထမပိုင်း တွင်၊ ဘုရားသခင်၏ရှေ့ သူ၏ဥပဒေအရအခြေအနေမှာ အပြစ်သားဖြစ်သည်။ ဒုတိယပိုင်း၊ မြင့်မားခြင်းအခြေအနေ ၌မူ၊ သူ၏ဥပဒေအရအခြေအနေမှာ ဘုရားသခင့်ရှေ့တွင် ဖြောင့်မတ်သူ ဖြစ်ပါသည်။

နိမ့်ချခြင်းအခြေအနေသည်၊ မွေးဖွားစမှ အသေခံချိန်ထိဖြစ်သည်။ ထိုကာလအတွင်းတွင် သခင်ယေရှုကို ဘုရားသခင့်ရှေ့တွင် အပြစ်ရှိသူအဖြစ်သတ်မှတ်သည်။ မြင့်မားသောအခြေအနေတွင် သေခြင်းမှထမြောက်ခြင်း၊ ကောင်းကင်သို့တက်ခြင်း၊ ဘုရားသခင်၏ညာဖက်တွင် ခန်းနားစွာထိုင်တော်မူခြင်း၊ တရားစီရင်ရန်ပြန်လာခြင်းတို့ပါ ဝင်သည်။ ထိုကာလတွင် သူ့ကို ဖြောင့်မတ်သူ၊ အပြစ်ကင်းသူအဖြစ် သတ်မှတ်ပါသည်။

သခင်ခရစ်တော်သည် မည်သည့်အပြစ်ကိုမျှ ပြုခဲ့ခြင်းမရှိပါ။ မည်သည့် ကိုယ်ပိုင်အပြစ်အတွက်မျှလည်း ဖြောင့်မတ်ဖို့ မလိုအပ်ပါ။ သို့သော် သူသည် အပြစ်များကို ထမ်းရွက်ပေးသူဖြစ်သည်။ သူ့အပေါ်တွင် ဘုရားသခင် က ကျွန်တော်တို့၏အပြစ်များအားလုံးကို တင်တော်မူပါသည်(ဟေရှာ ၅၃း၆)။ ထို့ကြောင့် သူသည် အပြစ်ရှိသူ အ ပြစ်သားအဖြစ် သတ်မှတ်ခြင်း၊ ဆက်ဆံခြင်းကို ခံရခြင်းဖြစ်သည်။ အပြစ်အတွက် ဒဏ်ခတ်ခြင်းအားလုံးကိုပြည့်ဝစွာ ခံရခြင်းဖြစ်သည်။ ထို့နောက် ကျွန်တော်တို့အတွက် သူသည် ဖြောင့်မတ်သူ၊ အပြစ်မဲ့သူအဖြစ် ဆက်ဆံခြင်းကို ခံရ ပြန်ပါသည်။

ဟေရှ ၅၃ က "ထိုသို့ မိမိအသက်ကိုသေခြင်း၌သွန်း၍၊ မတရားသောသူတို့နှင့်ရေတွက်ဝင်ခြင်းသို့ရောက်သဖြင့်၊ လူများ တို့၏အပြစ်ကိုဆောင်ရွက်၍"(၁၂)ဟု ခရစ်တော်ကို ရည်ညွှန်း၍ပြောခဲ့ခြင်းဖြစ်သည်။ သခင်ခရစ်တော်ကိုယ်တိုင်က မိ မိထံ၌ ကိုယ်ပိုင်အပြစ်တခုမှနရှိကြောင်း၊ သို့သော် ကျွန်တော်တို့တို့၏အပြစ်လွန်ကျူးခြင်းအားလုံးကို ထမ်းရွက်ရသူ ဖြစ်ကြောင်းကို ဆာလံ ၆၉း၅ ၌ ဤသို့ပြောခဲ့ပါသည် "အိုဘုရားသခင်၊ အကျွန်ုပ်မိုက်ခြင်းအမှုကို ကိုယ်တော်သိတော်မူ၏။ အကျွန်ုပ်၏အပြစ်တို့ကို ရှေ့တော်၌ဝှက်၍ မထားရပါ။"

ခရစ်တော်သည် အပြစ်ရှိသောသူတို့နှင့်အတူ တဖွဲ့တည်းအဖြစ် သတ်မှတ်ခံတော်မူသဖြင့်၊ သူသည် ဘုရား သခင်၏ ရိုက်တော်မူခြင်း၊ အပြစ်ပေးတော်မူခြင်းတို့ကိုလည်း ခံခဲ့ရပါသည်(ဟေရှာ ၅၃း၄)။ သူ၏ဝေဒနာခံစားတော် မူခြင်း၊ စုံးစမ်းနှောက်ယှက်ခြင်းများ၊ လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်း စသည်တို့၌ သူသည် မိမိခမည်းတော်ကိုယ် တိုင်၏ အပြစ်သားတယောက်ကဲ့သို့ သတ်မှတ်ဆက်ဆံခြင်းကို ခံတော်မူရပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် "အ ကျွန်ုပ်၏အဘ၊ အကျွန်ုပ်၏အဘ၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တောမမူရသနည်း"ဟု အော်ဟစ်ခဲ့ခြင်းဖြစ်ပါ သည်။

အပြစ်များကို ထမ်းရွက်ပေးရသူအနေနှင့် ခရစ်တော်သည် မိမိအတွက်မဟုတ် ကျွန်တော်တို့အပြစ်များအ တွက် ဖြောင့်မတ်ခြင်းရရန် ပြန်လိုပါသည်။ ထို့ကြောင့် ဟေရှာ ၅၃း၁၁ က သူ့ကို ဘုရားသခင်၏ဖြောင့်မတ်သောအ စေခံဟု ခေါ်ခြင်းဖြစ်သည်။ ၁ကော ၁း၃၀ က သူသည် ကျွန်တော်တို့အတါက် ဖြောင့်မတ်ခြင်းကိုပြုပေးသည်ဟု ပြောပါသည်။

ထိုအချက်သည် ဧဝံဂေလိသတင်းကောင်း၏ဗဟိုဖြစ်သည်၊ ကျမ်းစာ၏ အံ့သြစရာအကောင်းဆုံးအချက်ဖြစ် သည်။ ဘုရားသခင်၏သားတော်သည် ကျွန်တော်တို့အတွက် သူ့ကိုယ်သူအပြစ်ဒုစရိုက်များနှင့် နိမ့်ချမှုကို ခံယူချင် သည်(ဟေရှာ ၅၃း၁၂)။ ကျွန်တော်တို့ကယ်တင်ခံရရန် သူ၏ခမည်းတော်ကလည်း သားတော်ကို ထိုသို့ဆက်ဆံရန် အလိုတော်ရှိခြင်းသည် အတော် အံ့သြစရာကောင်းပါသည်။ အံ့သြစရာကယ်တင်ရှင် အမှန်ဖြစ်သည်။ သူ့အားစေ လွှတ်သောချစ်ခြင်းသည်လည်း အံ့သြစရာဖြစ်ပါသည်။

### ခရစ်တော်၏နိမ့်ကျစွာမွေးဖွားခြင်း (Christ's Lowly Birth)

ခရစ်တော်၏ဖွားမြင်ခြင်းအကြောင်း၊ သူငယ်စဉ်ဘဝဖြစ်ပျက်သမျှ ကျွန်တော်တို့သိရသမျှကို လေ့လာကြည့် သော်၊ ထိုအဖြစ်အပျက်အားလုံးက အထူးပြုလျှက် ဖေါ်ပြချင်သည်မှာ သူသည် ဆင်းရဲခြင်း၊ ငြင်းပယ်ခံရခြင်း၊ ဒုက္ခခံရ ခြင်း၊ ညှဉ်းဆဲနှိပ်ဆက်ခံရခြင်းတို့သို့ ဖွားမြင်လာခဲ့သည် ဆိုသည့်အကြောင်းဖြစ်ပါသည်။ ဗက်လင်မြို့ငယ်ကလေး၊ နွား တင်းကုပ်၊ နွားစာခွက်၊ အနီးစများ၊ ဆင်းရဲလှသောသိုးကျောင်းသားများ၊ အီဂျစ်ပြည်သို့ ပြေးရခြင်း - စသည်တို့ကလည်း အထက်ကပြောသည်ကို ထောက်ခံနေကြပါသည်။

အဘယ်ကြောင့် မွေးဖွားခြင်းအကြောင်းကို ထိုမျှအသေးစိတ်ပြောပြပါသနည်း? အဘယ်ကြောင့် သူ၏နိမ့်ကျစွာဖွားမြင်ခြင်းကို ထိုမျှအထူးပြုရပါသနည်း? အဘယ်ကြောင့်ဆိုသော် သူ၏နိမ့်ချခြင်းအခြေအနေတွင် နိမ့်ကျစွာဖွားမြင်ခြင်းသည် ပထမခြေလှမ်းဖြစ်သောကြောင့်ဖြစ်ပါသည်။ မွေးဖွားစကပင် ဘုရားသခင်သည် သူ့ကို ကျွန်တော်တို့ကိုယ်စား အပြစ်သားအဖြစ် စတင်ကိုင်တွယ်သောကြောင့် ဖြစ်ပါသည်။

သို့သော် ထိုအကြောင်းကို ကျွန်တော်တို့သနားရန်၊ မည်သူကမျှ သူ့လောက်ဆင်းရဲစွာ အပြစ်ပယ်ခံရလျှက် ခံစားရဘူးသူ မရှိပါဟု သဘာပေါက်ရန် ပြောပြနေခြင်းမဟုတ်ပါ။ လူမှုရေးသင်ခန်းစာအကြောင်း မဟုတ်ပါ၊ လူမှုဘဝ ပြုပြင်ပြောင်းလဲကြစို့ဆိုသည့် ခေါ်နေသံလဲ မဟုတ်ပါ။ ဆင်းရဲခြင်းနှင့်ဝေဒနာခံစားခြင်းများကို ရပ်တန့်ကြပါစို့ဟု ကြွေးကြော်နေခြင်းလည်းမဟုတ်ပါ။ ထိုအကြောင်းအရာသည် သတင်းကောင်း၏အစိတ်အပိုင်းတခုဖြစ်ပါသည်။ ထိုသို့ နိမ့်ကျစွာ မွေးဖွားခြင်းကို ကျမ်းစာက မှတ်တမ်းတင်ခြင်းမှာ ယေရှုသည် ကျွန်တော်တို့၏ကယ်တင်ရှင် အမှန်ဖြစ်သည်ဟု ပြောပြရန်ဖြစ်ပါသည်။

ကျမ်းစာက သူ၏နိမ့်ကျစွာမွေးဖွားရခြင်းအကြောင်းကို ယ္ခုလိုပြောပြပါသည်၊ "သူ့ကို ငါတို့အတွက် အပြစ်သားဖြစ်လာစေသည်၊ အပြစ်တခုကိုမျှမပြုသူဖြစ်သည်၊ သူ့အားဖြင့် ငါတို့သည် ဘုရားသခင့်ရှေ့တွင် ဖြောင့်မတ်နိုင်ကြရန်ဖြစ်သည်၊" (၂ကော ၅း၂၁)။ သူ၏နိမ့်ကျစွာဖွားမြင်ခြင်း၊ အရှက်ခွဲခံရခြင်း၊ ဆင်းရဲနွမ်းပါးလှခြင်းတို့သည် သူ့လူများကို ကယ်တင်ရန် ပြုလုပ်ပေးခြင်းများ၏အစိတ်အပိုင်းတခုဖြစ်ပါသည်။

ထိုအချက်ကို ၂ကော ၈း၉ တွင် ရှင်းလင်းစွာပြောပါသည်၊ "အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည်စည်းစိမ်ရှိစေခြင်းငှါ၊ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသော ကျေးဇူးတော်ကို သင်တို့သိကြ၏။" "ဆင်းရဲခြင်းကိုခံတော်မူသည်"ဟုပြောခြင်းသည် သူ၏လူ့ဇာတိကိုခံတော်မူခြင်း၊ ထိုအဖြစ်အပျက်နှင့် ဆက်စပ်နေသည့်အကြောင်းအရာများ စသည်တို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာ သူ၏ဆင်းရခြင်းဖြင့် ကျွန်တော်တို့သည် ချမ်းသာလာကြရန်ဖြစ်သည်၊ လောကစည်းစိမ်ငွေကြေးများဖြင့် ချမ်းသားခြင်းကို မဆိုလိုပါ၊ သူ့အထဲ၌ရှိနေတော်မူသော ကယ်တင်ခြင်း၏ကြွယ်ဝမှုများဖြင့် ချမ်းသားခြင်းကို ဆိုလိုပါသည် (ဧ ဖက် ၁း၃)။

သူ၏ဝေဒနာခံစားခြင်းများအားလုံးသည် ကျွန်တော်တို့၏ကယ်တင်ခြင်းဖြစ်ပါသည်။ သူ၏အရှက်ခွဲခံရခြင်းသည်၊ ကျွန်တော်တို့၏မြှင့်တင်ခံရခြင်းဖြစ်ပါသည်။ သူ၏နိမ့်ကျခြင်းသည် ကျွန်တော်တို့၏ခန်းနားရခြင်းဖြစ်ပါသည်။ တကယ့်ကယ်တင်ရှင်ဖြစ်ပါသည်တကား!

သူသည် မွေးစကပင် ကျွန်တော်တို့၏ကယ်တင်ရှင်ဖြစ်ဖို့ လိုအပ်ပါသည်။ ကျွန်တော်တို့သည် အပြစ်သားများအဖြစ်၊ ပျက်ဆီးယိုယွင်းလျှက် မွေးဖွားလာခဲ့ကြသလို၊ သူသည်လည်း အပြစ်၏ဒဏ်ခတ်ခံရခြင်းများကို ခံစားလျှက် မွေးဖွားလာရပါသည် (ဆာလံ ၅၁း၅)။ ကျွန်တော်တို့၏တဘဝလုံး(မွေးစမှသေချိန်ထိ)သည် အပြစ်၏အုပ်စိုးမှုအောက်တွင် ဖြစ်နေသဖြင့်၊ ကျွန်တော်တို့၏တဘဝလုံးကို သူ၏ဝေဒနာခံစားခြင်းအသက်တာဖြင့် မဖြစ်မနေကယ်တင်ရန် လိုအပ်ပါသည်။ ထိုဝေဒနာခံစားရခြင်းများသည် လက်ဝါးကပ်တိုင်ပေါ်အသေခံလျှက် အသွေးသွန်းခြင်း၊ အရှက်ကွဲခြင်း၊ ဝမ်းနည်းပက်လက် ဖြစ်ရခြင်းများ၌ အထွဋ်အထိပ်ရောက်ပါသည်။

ထို့ကြောင့် သူ၏ဖွားမြင်ခြင်းအကြောင်းသည် စိတ်ထိခိုက်စရာကောင်းသောပုံပြင်တပုဒ်မဟုတ်ပါ၊ ဘာသာတရား ကိုင်းရှိုင်းခြင်း စိတ်ခံစားမှုတရပ် ဖြစ်စေယုံမဟုတ်ပါ၊ သတင်းကောင်းဖြစ်ပါသည်။ သူ၏မွေးဖွားခြင်းအကြောင်းကို ကြားကြရသည့်အခါ၊ တခါက အိုမင်းမစွမ်းဖြစ်နေပြီဖြစ်သော အဖိုးကြီးဆိုင်မွန် ခရစ်တော်ကို ဖွားစအရွယ်၌ တွေ့ရစဉ် ပြောခဲ့သောစကားကို ထက်ပြောမိနေစေပါသည်၊ "အစိုးရတော်မူသောအရှင်၊ ဗျာဒိတ်တော်အတိုင်း ကိုယ်တော်၏ကျွန်သည် ငြိမ်ဝပ်စွာ စုတေ့ရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော်မူ၏။ ကိုယ်တော်၏လူ ဣသရေလအမျိုးကို ချီးမြှောက်စေခြင်းငှါလည်း၊ တပါးအမျိုးသားတို့ကို လင်းစေခြင်းငှါလည်း၊ လူအမျိုးမျိုးတို့ရှေ့မှောက်၌ ပြင်ဆင်တော်မူသောအလင်းတည်းဟူသော ကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိနှင့်မြင်ရပါ၏" (လုကာ ၂း၂၉-၃၂)။

## ခရစ်တော်၏ဝေဒနာခံစားရသောဘဝ (Christ's Life of Suffering)

ခရစ်တော်၏ဝေဒနာခံစားရသောဘဝသည် သူ၏နိမ့်ကျခြင်းအခြေအနေတွင် ဒုတိယခြေလှမ်းဖြစ်ပါသည်။ ကျွန်တော်တို့၏သခင်ယေရှုခရစ်တော်သည် သူ၏လူသားဇာတိခံယူစဉ်ဘဝတလျှောက်တွင် မျိုးစုံသောဒုက္ခများကို ခံစားတော်မူခဲ့ပါသည်။ ထို့ကြောင့် သူ့ဘဝကို ဝေဒနာခံစားရခြင်းမှလွဲ၍ ဘာမှမရှိသောဘဝဟုပင် ခေါ်၍ရနိုင်ပါမည်။ သူ့ဘဝကို "သူသည် ဝေဒနာများကိုခံစားတော်မူသည်"ဟုပြောယုံမှတပါး၊ အခြားသင့်တော်သောစကားလုံး ရှိမည်မထင်ပါ။

သူသည် အလွန်ဆင်းရဲလှသဖြင့်၊ သူ့နောက်လိုက်ချင်ပါသည်ဆိုသော လူငယ်တဦးကို "မြေခွေးတို့တွင် အောင်းစရာ တွင်းများရှိသည်၊ ငှက်များတွင် အသိုက်များရှိကြသည်။ သို့သော် လူသားတော်တွင် မည်သည့်နေရာ ခေါင်းချရမည် မသိပါ"ဟု ပြောခဲ့ပါသည် (မဿဲ ၈း၂၀)။ ဘဝနောက်ဆုံးချိန်တွင်လည်း လူဆိုးတို့က သူ့၌ရှိသော အနည်းငယ် ပိုင်ဆိုင်ရသည်ကလေးကိုပင် ချွတ်ယူကြပြန်ပါသည်၊ သူ့ဝတ်ရုံများကို ကြွေအံပစ်လျှက် ခွဲဝေလုယူကြပါသည်။

သူသည် "အထင်သေးခံရသူ၊ အပယ်ခံဖြစ်ပါသည်" (ဟေရှာ ၅၃း၃)။ "အကြောင်းမရှိ အမုန်းခံရသူလည်းဖြစ်ပါသည်" (ယော ၁၅း၂၅)၊ သူညီအကိုမောင်နှမများရှေ့တွင် သူစိမ်းဖြစ်ရပါသည် (ဆာလံ ၆၉း၈)။ အပြစ်သားများ၏ ဆန့်ကျင်ခံရသူဖြစ်သည် (ဟေဗြဲ ၁၂း၃)။ မိမိလူများ၏ အနှင်ထုတ်ခံ ဖြစ်သည် (ယော ၁း၁၁)။ သူ့တပည့်များ၏ အစွန့်ပစ်ခံ၊ အငြင်းပယ်ခံ ဖြစ်ပါသည် (မဿဲ ၂၆း၅၆၊ ၇၄)။ ရာဇဝတ်သားများနှင့်အတူ ဒဏ်ပေးခံရသူဖြစ်ပါသည် (ဟေရှာ ၅၃း၁၂)။

အပြစ်သားများနှင့်အကျင့်ပျက်သူများ၏ သူငယ်ချင်းဟု အစွပ်စွဲခံရသည်၊ ဘုရားကိုစော်ကားသူဟု စွပ်စွဲခံရသည်၊ စာတန်နှင့်တဂိုဏ်းတည်းဟု အပြောခံရပါသည်၊ ထို့အပြင် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်သူဟု ပုဒ်မ အတပ်ခံရပါသည် (ယော ၁၁း၄၇-၅၀)။ သူသည်ဘုရင်ဖြစ်သည်ဟု ကြေညာခြင်းကို အထင်သေးကြလျှက်၊ သူ့အစား စီဇာဧကရာဇ်သာဘုရင်ဟု ရွေးချယ်ကြသည်။ လူထုကြီးက ဆိုးညစ်လှသော ရာဇဝတ်သား ဗာရဗ ဆိုသူကို သူ့ထက် ပို၍သဘောကျကြပါသည်။ အကြိမ်အမြောက်အများ သူ၏လူမျိုးဖြစ်သော ဂျူးတို့က သူ့ကိုသတ်ရန် ကြံစည်ကြသည်။

အဆုံးသတ်ချိန်တွင် သူ့မျက်နှာကို တံတွေးနှင့်ထွေးကြသည်၊ မျက်နှာကိုဖြတ်ရိုက်သည်၊ လှောင်ကြသည်၊ ပြောင်ကြသည်၊ ကြာပွတ်နှင့်ရိုက်ကြသည်၊ ထို့နောက် လက်ဝါးကပ်တိုင်ပေါ်ရိုက်ထားကြသည်။ သူမည်မျှခံစားရပါသနည်း!

ထိုသို့ခံစားရခြင်းအားလုံးတို့တွင် အရှက်ရခြင်း၊ အနှိမ်ခံရခြင်း၊ ငြင်းပယ်ခံရခြင်း၊ နာကျင်နေခြင်းတို့သည် အခံရဆုံးအရာများ မဟုတ်ကြသေးပါ၊ အမှန်ပြောရလျှင် ကျွန်တော်တို့၏အပြစ်များအတွက် ဘုရားသခင့်အမျက်ဒေါသကို ခံရခြင်းသည် အဆိုးဆုံးခံရခြင်းဖြစ်ပါသည်။ ထိုအချက်ကို ဘုရားသခင့်နှုတ်ကပတ်တော်က ဟေရှာ ၅၃း၃-၆ တွင် ပြောပြပါသည်။

ခရစ်တော် အထင်သေးခံရချိန်၊ အပြစ်ပယ်ခံရချိန်၊ ပူဆွေးသောကရောက်ခြင်းနှင့် အင်မတန်ရင်းနှီးနေရချိန်တွင်၊ ကျွန်တော်တို့ လူသားများကသာ သူ့ကို အထင်းမကြီးကြသည်မဟုတ်ပါ၊ ဘုရားသခင်ကိုယ်တိုင်က သူ့ကို ရိုက်နှက်နေခြင်း၊ နှိပ်စက်နေခြင်းဖြစ်ပါသည် (၄)။ ထို့ကြောင့် သူ၏ဝေဒနာခံစားရခြင်းအားလုံးတွင် သူသည် ကျွန်တော်တို့၏ ဖေါက်ဖျက်လွန်ကျူးခြင်းများအတွက် နာကျင်နေရခြင်းဖြစ်သည်၊ ကျွန်တော်တို့၏ အပြစ်ဒုစရိုက်များအတွက် ကြေမွအောင် ရိုက်နှက်ခံနေရခြင်းဖြစ်သည်။ သူ၏ဝေဒနာခံစားခြင်းများအားလုံးတွင် ဘုရားသခင်သည် ကျွန်တော်တို့၏ အပြစ်ဒုစရိုက်အားလုံးကို ထားတော်မူပါသည်။ ထိုရှုထောင့်မှနေ၍ကြည့်လျှင် သူခံရသောဝေဒနာများနှင့်တူညီစွာ ခံစားရသူ တဦးမှမရှိပါဟု တွေ့ရမည်ဖြစ်သည် (ယေမြည် ၁း၁၂)။

ထိုသို့ခံစားခြင်းသည် ကျွန်တော်တို့ကယ်တင်ခြင်းခံရရန် မရှိမဖြစ်လိုအပ်ပါသည်။ ကျွန်တော်တို့အပြစ်များအတွက် ခံရမည့်ပြစ်ဒဏ်များအတွက် သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်အသေခံပေးဖို့လိုအပ်ပါသည်၊ သို့သော် ကျွန်တော်တို့၏ဘဝများကိုယ်၌က အပြစ်ထဲတွင် တသက်လုံးနေကြသည်ဖြစ်သဖြင့်၊ သခင်ခရစ်တော်သည် သူ့ဘဝ တခုလုံး ကျွန်တော်တို့အတွက် ဝေဒနာများကို ခံတော်မူရခြင်းဖြစ်ပါသည်။ ထိုသို့ဝေဒနာခံစားရခြင်းအားလုံးတွင် အပြစ်ကင်းမဲ့စွာ နာခံခဲ့သဖြင့်၊ သူသည် အစားထိုးပေးခြင်းကို ဖြစ်စေတော်မူပါသည်၊ ဘုရားသခင်၏ ခန်းနားကြီးကျယ်ခြင်းကို ကျွန်တော်တို့က ပေးဆပ်ရမည့် ကြီးမားများပြားလှသောအပြစ်ကြွေးများကို သူက ပေးပေးပါသည်။ ထိုအကြောင်းကို သခင်ခရစ်တော်ကိုယ်တိုင်က ဆာလံ ၆၉း၄ တွင် ပြောခဲ့ပါသည် "ထိုအခါ အကျွန်ုပ်သည် မယူသောဥစ္စာကိုပင် ပြန်ပေးရပါ၏။"

ဟေဗြဲ ၅း၇-၉ က ခြုံငုံ၍ ဤသို့ပြောပါသည် "အသွေးအသားနှင့် ရှိခဲ့စဉ်နေရက်များ၌၊ သူသည် မိမိအား သေခြင်းမှ ကယ်တင်နိုင်သူထံ၊ ပြင်းထန်သောအော်ဟစ်ခြင်း၊ မျက်ရည်ကျခြင်းတို့ဖြင့် ဆုတောင်းခြင်းများ၊ အသနားခံခြင်းများကို ပြုသောအခါ၊ ကြောက်ရွံ့နေရချိန်အတွင်းတွင် နားညောင်းတော်မူပါသည်။ သူသည် သားဖြစ်သော်လည်း၊ မိမိ၏ဝေဒနာခံစားခြင်းများမှနေ၍ နာခံခြင်းကို သင်ယူခဲ့ပါသည်။ ထိုသို့ပြည့်စုံခြင်းအဖြစ်သို့ရောက်သဖြင့်၊ သူသည် သူ့အားနာခံသူတိုင်း၏ ထာဝရကယ်တင်ခြင်းကို ပြုလုပ်ပေးသူ ဖြစ်လာပါသည်။"

### ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်း (Christ's Death on the Cross)

ခရစ်တော်၏နိမ့်ကျခြင်းအခြေအနေတွင် တတိယခြေလှမ်းသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်း ဖြစ်ပါသည်။ သခင်ယေရှု၏လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်း၊ အသွေးတော် သွန်းလောင်းခြင်းတို့သည် သတင်းကောင်း၏ နှ

လုံးသားနှင့်သမိုင်း၏ အဓိကအကျဆုံးအပိုင်းဖြစ်သည်။ ထိုအကြောင်းကို ပေါလုက ၁ကော ၂း၂ တွင် ညွှန်ပြပါသည်၊ "အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသောသခင်မှတပါး၊ အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ် ပြဋ္ဌာန်းခြင်းရှိ၏။" ဂလာတိ ၆း၁၄ တွင်လည်း ထပ်ပြောပါသည်၊ "ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်မှတပါး အဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါ့အဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။"

လက်ဝါးကပ်တိုင်၌ အကြောင်းအရာအတော်များများရှိနေပါသည်။ ၄င်းသည် ဤကမ္ဘာလောကကြီး အပြစ်စီရင်ခံရခြင်းဖြစ်သည်၊ သခင်ယေရှုကိုယ်တိုင်က ယော ၁၂း၃၁ တွင်ပြောထားသည်။ လက်ဝါးကပ်တိုင်ပေါ်ခံရချိန်၊ တလောကလုံးအမှောင်ထုကျရောက်ခြင်း၊ ငလျှင်လှုပ်ခြင်း၊ ဗိမ္မာန်တော်ကုလားကာ နှစ်ခြမ်းကွဲခြင်း စသည်တို့ကလည်း ပြောနေပါသည်။ လက်ဝါးကပ်တိုင်တွင် ဘုရားသခင်၏တရားစီရင်ခြင်းသည် ရှင်းလွန်းစွာဖေါ်ပြနေသဖြင့် ထိုနေရာမှ အိမ်ပြန်ကြသူအားလုံး သူတို့ရင်ပတ်များကို ဖိလျှက် ဘုရားတကာ ပြန်ကြရပါသည် (လုကာ ၂၃း၄၈)။

လက်ဝါးကပ်တိုင်သည် ယနေ့တိုင်အောင် မယုံကြည်သောသူတို့အတွက် ခလုတ်တိုက်လဲစရာကျောက်တုံး၊ စိတ်အနှောင့်အယှက်ပေးသောကျောက် ဖြစ်နေဆဲဖြစ်ပါသည်။ လက်ဝါးကပ်တိုင်တွင် သခင်ခရစ်တော်ကို အရေးကြီးဆုံးသော အခြေခံအုတ်မြစ်အဖြစ်နှင့်သာ ချမှတ်ခြင်းမဟုတ်ပါ၊ ခလုတ်တိုက်လဲစရာကျောက်တုံးအဖြစ်လဲ ချမှတ်ထားပါသည် (၁ပေ ၂း၆-၈)။

ထို့ကြောင့် မယုံကြည်ခြင်းနှင့်ယုံကြည်ခြင်းကို၊ ရွေးကောက်ခြင်းနှင့်ငြင်းပယ်ခြင်းကို ခြားနားစေသောအရာသည် လက်ဝါးကပ်တိုင်ဖြစ်ပါသည်။ လူတယောက်ကယုံကြည်သည်၊ သို့သော် နောက်တယောက်ကမယုံကြည် ထိုသို့ ဖြစ်ရခြင်းအကြောင်းသည် လူသားထံ၌ မတည်ပါ၊ သို့သော် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်၌သာ တည်ပါသည်၊ သခင်ခရစ်တော်အားဖြင့် ဖွင့်ပြနေသော ဘုရားသခင်၏ရည်ရွယ်ချက်အပေါ်၌သာတည်ပါသည်ဟု လက်ဝါးကပ်တိုင်က ရှင်းလင်းစွာ ပြသနေပါသည်။

လက်ဝါးကပ်တိုင်၏အသွေးတော်သည် ကောင်းကင်၌ရှိသည်များနှင့် မြေကြီး၌ရှိသည်များကို ပြန်လည်သင့်မြတ်စေခြင်းဖြစ်ပါသည် (ကော ၁း၂၀)၊ အဓိကအားဖြင့် လက်ဝါးကပ်တိုင်သည် ဘုရားသခင်နှင့် ကျွန်တော်တို့ကို ပြန်လည်သင့်မြတ်စေခြင်းဖြစ်ပါသည်၊ ကျွန်တော်တို့အပြစ်များအတွက် ပေးဆပ်ခြင်း၊ အပြစ်ဖြေခြင်း၊ ကယ်လွှတ်ခြင်းတို့ဖြစ်ပါသည် (ကော ၁း၂၁-၂၂)။ လက်ဝါးကပ်တိုင်တွင် ခရစ်တော်၏ ဝေဒနာခံစားခြင်းများနှင့် အနိမ့်ခံရခြင်းတို့သည် အထွဋ်အထိပ်သို့ ရောက်ရှိပါသည်။ အထူးသဖြင့် အမှောင်ထုကြီးကျရောက်ချိန် သုံးနာရီအတွင်းဖြစ်သည်။ ထိုအချိန်အတောအတွင်း သူသည် ကျွန်တော်တို့၏အပြစ်များကို ထမ်းလျှက် ဘုရားသခင်ကို တရာသူကြီး/တရားစီ ရင်မည့်သူအဖြစ် သွားတွေ့ပါသည်။ ထိုတိုတောင်းလှသောအချိန်အတွင်း ဖြစ်ပျက်သွားသောအရာများသည် ကျွန်တော်တို့၏ နားလည်သဘောပေါက်နိုင်စွမ်းကို အတော်ကြီးကျော်လွန်သွားပါသည်။

ထိုအမှောင်ထုကြီးအလယ်မှနေ၍ စကားစုအနည်းငယ်သာ ကျွန်တော်တို့ထံ တက်လာပါသည်၊ "အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း?" ထိုအချိန်အတောအတွင်းတွင် ခရစ်တော်သည် ခမည်းတော်၏စွန့်ပစ်ခြင်းကို ခံရပါသည်၊ ထိုသို့ ကျွန်တော်တို့အပြစ်ကြောင့် ခံရရန်ထိုက်တန်သော ဒဏ်ကို ခံတော်မူပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏လက်ခံခြင်းကို ပြန်ရနိုင်ကြရန် သူသည် စွန့်ပစ်ခြင်းကို ခံတော်မူပါသည်။ ကျွန်တော်တို့အပြစ်ကြောင့် ထွက်သမျှသော ဘုရားသခင်၏အမျက်ဒေါသများအားလုံးကို ထိုသို့ ခံပေးပါသည်။ သူသည် ကျွန်တော်တို့ကို ထိုအမျက်ဒေါသမှနေ၍ ကယ်လွှတ်သဖြင့် ကျွန်တော်တို့သည် ထိုမှောင်မိုက်နေသော သုံးနာရီအချိန်အတွင်း ဖြစ်ပျက်သည်များကို ဘယ်တော့မှမခံစားကြရတော့ပါ၊ ထို့ကြောင့် သူသည် ကျွန်တော်တို့ကိုယ်စား ဘုရားသခင်ကို ဒေါသထွက်နေသော၊ မည်သို့မျှမကျေချမ်းနိုင်သော တရားသူကြီးအဖြစ် မျက်နှာချင်းဆိုင် တွေ့ပေးခြင်း ဖြစ်ပါသည်။

နောက်ဆုံးအနေနှင့်၊ လက်ဝါးကပ်တိုင်ပေါ် အသေခံသော သခင်ယေရှုခရစ်တော်၏ သေခြင်းသည် ကျွန်တော်တို့သန့်ရှင်းစင်ကြယ်ရခြင်း၏ဇစ်မြစ်ဖြစ်ပါသည်။ ရှင်ပေါလုက ဂလာ ၆း၁၄ တွင်ပြောသလိုဖြစ်သည် "ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါ့အဘို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။" ထို့အတွက်ကြောင့် ကျွန်တော်တို့သည် နှိပ်စက်မှုများကို ခံကြခြင်းဖြစ်သည် (ဂလာ ၆း၁၂)၊ လက်ဝါးကပ်တိုင်သည် ခရစ်တော်အတွက် မိမိအလိုကိုငြင်းပယ်ခြင်း၏ သင်္ကေတဖြစ်ပါသည် (မဿဲ ၁၀း၃၈)။ ၄င်းသည် ကျွန်တော်တို့ ယခုဘဝ၌၄င်း၊ လာမည့်ဘဝ၌၄င်း ခံစားကြရသည့် ကောင်းချီးမင်္ဂလာအားလုံးတို့၏ ဇစ်မြစ်လည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ခရစ်တော်နှင့်လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းအကြောင်းကိုသာ သိကြရန် ပြင်ဆင်ကြပါမည်။

**အကန့်အသတ်ရှိသောအပြစ်ဖြေခြင်းအကြောင်း** (Limited Atonement)

ကဲလ်ဗင်းဝါဒီများအားလုံးက အကန့်အသတ်ရှိသော အပြစ်ဖြေခြင်းအကြောင်းကို ယုံကြည်ကြပါသည်၊ ဆိုလိုသည်မှာ ခရစ်တော်သည် လူသားတယောက်မကျန်အတွက် အသေမခံပါ၊ ရွေးကောက်ခြင်းခံရသူတို့အတွက်သာ အသေခံပါသည်ဟူ၍ဖြစ်သည်။ အကန့်အသတ်ရှိသောအပြစ်ဖြေခြင်းဟုပြောသောကြောင့် ခရစ်တော်၏အသေခံခြင်း၏တန်ခိုး (သို့) တန်ခိုး၊ ခရစ်တော်၏အသွေးတော်၏ တန်ဖိုး(သို့)တန်ခိုးသည် အကန့်အသတ်ရှိသည်ဟုပြောနေခြင်း မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သူသည် အရေအတွက်အကန့်အသတ်နှင့်ဖြစ်သော လူတစုအတွက်သာ အသေခံသည်ဟု ပြောခြင်းဖြစ်ပါသည်။

ထို့ကြောင့် အကန့်အသတ်ရှိသောအပြစ်ဖြေခြင်း ဆိုသည်ထက် သီးသန့်ကျသောအပြစ်ဖြေခြင်းဟု ပြောလျှင် ပိုမှန်မည် ထင်ပါသည်။ သီးသန့် ဆိုသည့်စကားလုံးက ခရစ်တော်သည် သီးသန့်လူတစုအတွက်သာ အသေခံပါသည်၊ တယောက်မကျန်အတွက် အသေမခံပါဆိုသော ကျမ်းစာ၏အမှန်တရားကို အထူးပြုစေပါသည်။

ကျွန်တော်တို့ ထိုသို့ယုံကြည်ရသည်မှာ ကျမ်းပိုဒ်အတော်များများက ခရစ်တော်သည် အားလုံးအတွက် အသေမခံပါ၊ လူအများအတွက်သာ အသေခံပါသည်ဟု သင်ပေးသောကြောင့်ဖြစ်ပါသည်(ဟေရှာ ၅၃း၁၁၊ မဿဲ ၂၀း ၂၈၊ ၂၆း ၂၈၊ ဟေဗြဲ ၉း၂၈)။ ဆိုလိုသည်မှာ သူသည်သူ့လူများအတွက်အသေခံပါသည် (ဟေရှာ ၅၃း၁၁၊ မဿဲ ၁း၂၁)၊ သူ့ သိုးများအတွက် အသေခံပါသည်(ယော ၁၀း၁၄၊ ၁၅၊ ၂၆-၂၈)၊ သူ့အသင်းတော်အတွက် အသေခံပါသည် (တမန် ၂၀း၂၈)။

"အားလုံးအတွက်၊" "ကမ္ဘာကြီးအတွက်"ဟု ပြောသောကျမ်းပိုဒ်များက ထို အကန့်အသတ်ရှိသောလူတစုအတွက်သာဟုပြောသော ကျမ်းပိုးများကို မည်သည့်နည်းနှင့်မျှ ကန့်ကွက်ခြင်းမရှိပါဟုလည်း ကျွန်တော်တို့ ယုံကြည်ကြ ပါသည်။ ဘုရားသခင်၏နုတ်ကပတ်တော်သည် အချင်းအချင်း ဆန့်ကျင်မနေနိုင်ပါ။ ထို "အားလုံး"ဟု ပြောနေသည့် ကျမ်းပိုဒ်များက ဆိုလိုချင်သည်မှာ ခရစ်တော်သည် လူမျိုးခွဲခြားခြင်းမရှိ လူမျိုးအားလုံးအတွက် အသေခံပါသည်ဟု ပြောနေကြခြင်းဖြစ်ပါသည်။ ခရစ်တော်သည် လူမျိုးစုံအတွက် အသေခံပါသည် (၁တိ ၂း၁-၆)၊ သူ့ထံတွင် ရှိနေသူအားလုံးတို့အတွက် အသေခံပါသည် (၁ကော ၁၅း၂၂)၊ (သို့) သူပိုင်သောလူများရှိနေသည့် ကမ္ဘာကြီးအတွက်အသေခံပါသည်၊ အဘယ်ကြောင့်ဆိုသော် သူရွေးကောက်ထားသူများ သည့် ကမ္ဘာ့တိုင်းနိုင်ငံတိုင်း၌ရှိနေကြသည် (ယော ၃း၁၆ ကို ၁၇း၉ နှင့်နှိုင်းယှဉ်ဖတ်ကြည့်ပါ)။

အကန့်အသတ်ရှိသောအပြစ်ဖြေခြင်းဩဝါဒကသာ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် မြှင့်တင်ပါသည်။ ခရစ်တော်သည် အားလုံးအတွက်သေသည် သို့သော် အများသည် ကယ်တင်ခြင်းမရကြပါဆိုသော် အိုင်ဒီယာက ခရစ်တော်၏ ကယ်တင်သောအလုပ်ကို အဆင့်နိမ့်ကျစေပါသည်။ ထိုသွန်သင်ခြင်းက ခရစ်တော်သည် သူ၏အသေခံပေးခြင်း၊ ဒုက္ခဝေဒနာများခံစားပေးခြင်းဖြင့် ကျွန်တော်တို့၏ ကယ်တင်ခြင်းအတွက် လိုအပ်သည်များကို ပြည့်စုံအောင် လုပ်မပေးပါ၊ တစုံတခုလုပ်ရန်ကျန်နေသေးပါသည်ဟု ဆိုလိုနေပါသည် (အများအားဖြင့် လူ၏လွတ်လပ်စွာရွေးချယ် ပိုင်ပိုင်ခွင့်ဟု အကြောင်းပြလေ့ရှိတတ်ကြသည်)။ ခရစ်တော်သည် လူသားအားလုံး တယောက်မကျန်အတွက် သေသည်၊ သို့သော် တချို့ကတော့ ငရဲသွားနေကြပါသေးသည်ဟု ပြောနေပါသည်။ ထိုသို့သာမှန်သည်ဆိုလျှင် ခရစ်တော်၏အသွေးတော်သည် လူအချို့တို့အတွက် အလကားအချည်းနှီးမဲ့ သွန်းလောင်းခြင်းဖြစ်သည်ဟု နိဂုံးချုပ်ရပါတော့မည်။ သူတို့အတွက်တော့ ခရစ်တော်၏အသေခံခြင်းသည် ဘာမှသုံးစား၍မရပါဟု ပြောရတော့မည်။ ထိုအခါ သူ၏သေခြင်းသည် အပြစ်ကြွေး ဆပ်ပေးခြင်း မဟုတ်တော့ပါ၊ အပြစ်ဖြေပေးခြင်းမဟုတ်တော့ပါ၊ အပြစ်အတွက် ကျေနပ်မှုလုပ်ပေးခြင်း မဟုတ်တော့ပါ၊ ထို့အတူ ကျွန်တော်တို့ကို ဘုရားသခင်ထံတော်သို့ ပြန်လည်ရန်ငြိမ်းမိဆွေပြန် ဖြစ်စေခြင်း မဟုတ်နိုင်တော့ပါ။

ခရစ်တော်က အားလုံးအတွက် သေပေးသည်၊ သို့သော် အချို့တို့မှာ ကယ်တင်ခြင်းမရ၊ အကယ်၍သာ ထိုသို့ ခြားနားရခြင်းသည် သူတို့၏လွတ်လပ်စွာရွေးချယ်နိုင်ခွင့်ကြောင့် ဖြစ်သည်ဆိုခဲ့လျှင်၊ ကျွန်တော်တို့ ကယ်တင်ခံရခြင်း၌ တကယ်အရေးအကြီးဆုံးသောအရာမှာ ခရစ်တော်၏အသေခံခြင်း မဟုတ်တော့ပါ၊ ကျွန်တော်တို့၏ရွေးချယ်မှု ဖြစ်လာပါမည်။ ထိုသို့တွေးခြင်းကို ဘုရားသခင်တားမြစ်ပါစေသတည်း၊ ခရစ်တော်၏အသေခံပေးခြင်းကို ထိုသို့မကြည့်ရပါ၊ ကျွန်တော်တို့ကိုယ်ကိုလည်း ထိုသို့အထင်မကြီးရပါ။

ခရစ်တော်သည် သူရွေးကောက်သောသူတို့အတွက်သာအသေခံသည်၊ ခမည်းတော်က သူ့အားပေးသမျှအတွက် အသေခံသည်ဟု ဆိုခြင်းသည် ထိုရွေးကောက်ခြင်းခံရသူတို့၏ကယ်တင်ခြင်းအတွက် မိမိ၏အသေခံပေးခြင်း၊ ဝေဒနာခံစားပေးခြင်းများဖြင့် လိုအပ်သောအရာရှိသမျှကို ပြည့်စုံအောင်ပြုလုပ်ပေးသည်၊ ထို့ကြောင့် ဘာမှမလိုအပ်တော့ပါဟု ပြောနေခြင်းဖြစ်ပါသည်။ ထိုအခါ သူ၏အသေခံပေးခြင်းသည် တကယ့်အပြစ်ဖြေပေးခြင်း၊ ရန်ငြိမ်းစေခြင်း၊ အပြစ်အ

တွက်ပြည့်ဝစွာ ဆပ်ပေးခြင်း၊ ကယ်လွှတ်ခြင်း၊ ကျေနပ်မှုကိုပြုပေးခြင်း ဖြစ်လာပါသည်။ သူသည် သူကိုယ်စားအသေခံပေးသူတို့အား တကယ့်ကိုကယ်တင်ပါသည်၊ အပြည့်အဝ ကယ်တင်ခြင်းဖြစ်သည်။

အကန့်အသတ်နှင့်ဖြစ်သောအပြစ်ဖြေခြင်းဩဝါဒက ခရစ်တော်သည် ကယ်တင်ခြင်းကို ရနိုင်စရာအဆင့်လောက်သာလုပ်ပေးသည်မဟုတ်ပါဟု ပြောနေပါသည်။ သူသည် ဘုရင်ဖြစ်သည်၊ ကယ်တင်ရှင်ဖြစ်သည်။ ထို့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရပါသည်။

## ခရစ်တော်၏ငရဲထဲသို့သွားရောက်ခြင်းအကြောင်း (Christ's Descent into Hell)

ခရစ်တော်၏နိမ့်ကျတော်မူခြင်းနောက်တဆင့်မှာ သူ၏ငရဲသို့သွားရောက်ခြင်းဖြစ်သည်။ တမန်တော်တို့၏ ယုံကြည်ချက်တွင် အစပထမအသင်းတော်များက "ခရစ်တော် ငရဲသို့ ဆင်းသက်သည်"ဟု ဝန်ခံချက်ပြုခဲ့ကြသည်။ ထိုစကားစုအတွက် မပြတ်တမ်းအငြင်းအခုံဖြစ်နေပါသည်၊ အထူးသဖြင့် "ငရဲသို့ဆင်းသက်သည်" ဆိုသောစကားစုကို "သူသည် လက်ဝါးကပ်တိုင်ပေါ် တင်ထားခံရသည်၊ သေသည်၊ မြှုပ်နှံခံသည်"ဆိုသောစကားစုနောက်၌ ထည့်ထားသောကြောင့်ဖြစ်သည်။

လူအများက ခရစ်တော်သည် တကယ့်ငရဲသို့ သွားရောက်ခဲ့သည်၊ သွားရောက်ချိန်မှာ အသေခံပြီး၊ ပြန်လည် မထမြောက်ခင်ဖြစ်သည်ဟု ပြောကြပါသည်။ ထိုအချက်ကို သက်သေပြရန် ၁ပေ ၃း၁၈ ကို ကိုးကားကြသည်။ သို့သော် ထိုကျမ်းပိုဒ်များကပြောသည်မှာ သေခြင်းမှထမြောက်ပြီး၊ "ဝိညာဉ်အားဖြင့်"သွားရောက်ခြင်းကို ပြောခြင်းဖြစ်ပါသည်။ ထို့အပြင် ခရစ်တော်သေပြီးနောက် ငရဲထဲသို့သွားသည်ဆိုသည့်အိုင်ဒီယာက (လက်ဝါးကပ်တိုင်ပေါ်မှ)ရာဇဝတ်သားကို ပြောခဲ့သည့်စကားနှင့်လည်း ဆန့်ကျင်နေပါသည်၊ "ယနေ့တွင် သင်သည် ငါနှင့်အတူ ပါရာဒိုက်စ်၌ရှိမည်" (လုကာ ၂၃း၄၃)။

တခြားသူများက အကယ်၍ သူ၏ငရဲသို့သွားခြင်းက အဓိပ္ပါယ်တခုခုရှိခဲ့ပါလျှင်၊ သူသင်္ချိုင်းထဲရှိနေစဉ် သွားခြင်းဖြစ်မည်ဟု ပြောကြပါသည်။ ဆာလံ ၁၆း၁၀ မှစကားလုံးများနှင့်ဆက်နွှယ်၍ရှင်းပြကြခြင်းဖြစ်သည်၊ ခရစ်တော်သည် ငရဲထဲတွင်ရှိနေဟန်ပြောသည့် တခုတည်းသောကျမ်းပိုဒ်ဖြစ်သည်၊ "အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ။ ကိုယ်တော်၏သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကိုရှိ စေတော်မမူဘဲလျက်၊-"ဟု ပြောထားသည်။ ဤကျမ်းပိုဒ်၏ ဒုတိယပိုင်းက ပုတ်စပ်ယိုယွင်းခြင်းကို ရည်ညွှန်း၍၊ အပိုဒ်ငယ်(၉)က ခရစ်တော်၏ အသွေးအသားကို ရည်ညွှန်းဟန်ရှိပါသည်၊ ထို့ကြောင့် ဆာလံ ၁၆း၁၀ က ခရစ်တော်၏မြှုပ်နှံခံတော်မူခြင်းကို ရည်ညွှန်းနေသယောင် တွေ့ရပါသည်။

(ပရက်စ်ဘီတေးရီးယန်းအသင်းတော်တို့၏ ဝန်ခံချက်တခုဖြစ်သော) ဝဲစ်မင်စတာ ပို၍ရှည်လျားသော အမေးအဖြေများက "ခရစ်တော်အသေခံပြီးနောက်၊ သူ၏နိမ့်ကျတော်မူခြင်းတွင် သူ၏မြှုပ်နှံခံရခြင်း၊ သေသည့်အခြေအနေ၌ ဆက်နေခြင်း၊ သုံးရက်တိုင်တိုင် သေခြင်း၏တန်ခိုးအောက်တွင်နေခြင်း တို့ပါဝင်သည်၊ ၎င်းတို့ကို တနည်းအားဖြင့် သူသည် ငရဲသို့ ဆင်းသက်ခဲ့သည်ဟု ထုတ်ဖေါ်ပြောဆိုနိုင်ပါမည်"ဟု ဝန်ခံချက်ပြုထားသည်။

မည်သို့ပင်ဖြစ်စေ၊ တမန် ၂း၃၁၌သုံးထားသော ငရဲ ဆိုသည့်စကားလုံးကို၊ ဆာလံ ၁၆း၁၀ မှကိုးကားခြင်း၊ အခြားသောဓမ္မသစ်ကျမ်းပိုဒ်များတွင် ထာဝရအပြစ်ဒါဏ်ခံရမည့်နေရာဟု သုံးထားပါသည်။ ထို့ကြောင့် ခရစ်တော်သည် သင်္ချိုင်းအတွင်း၌သာ ရှိနေခဲ့သည်မဟုတ်ပါ၊ ငရဲ၌လည်း ပုံစံတမျိုးဖြင့် ရှိနေခဲ့သည်ဟု ဆိုနိုင်ပါသည်၊ ငရဲ၏ တကယ့် နေရာအထဲတွင်ရှိနေခြင်းတော့ ဟုတ်ချင်မှဟုတ်ပါမည်။

မည်သည့်အချိန်တွင် မည်ကဲ့သို့ဖြစ်ပျက်ခဲ့ပါသနည်း? ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်ခံနေရချိန်တွင် ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေများကပြောသလို "ငရဲ၏ဒုက္ခဝေဒနာနှင့်ညှင်းပန်းနှိပ်စက်မှုများ"ကို ကျွန်တော်တို့ကိုယ်စား ခံစားတော်မူခဲ့သည်၊ ၎င်းကို ခရစ်တော် ငရဲသို့ဆင်းသက်သည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။

ထိုအမှန်တရားကို လက်ဝါးကပ်တိုင်ပေါ်မှ သူ၏အော်ဟစ်ခဲ့ခြင်းကလည်း ပြောပြပါသည်၊ "အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်သနည်း" (မာကု ၁၅း၃၄)။ ဘုရားသခင့်ရှေ့တော်မှောက်မှ မောင်းထုတ်ခံရခြင်း၊ သူ၏စွန့်ပစ်ခံရခြင်းသည် ငရဲခံရခြင်းသာဖြစ်ပါသည်။ ထိုအရာကို ခရစ်တော်ခံတော်မူခြင်း ဖြစ်သည်။

သို့သော် ခရစ်တော် ငရဲသို့ဆင်းသက်ခဲ့သည်ဆိုခြင်းက သူ၏မြှုပ်နှံခံရခြင်းကိုဆိုလိုပါသလား (သို့) လက်ဝါးကပ်တိုင်ပေါ်တွင် ခံစားခဲ့ရသည့်ဝေဒနာများကို ဆိုလိုပါသလား၊ (သို့) နှစ်ခုစလုံးကိုဆိုလိုပါသလား၊ (မည်သူမျှတိတိ ကျကျ ပြောနိုင်မည်မထင်ပါ) မည်သို့ပင်ဖြစ်ပါစေ၊ ထိုအချက်က ကျွန်တော်တို့ထံ သူ၏ပြော၍ပင်မထွက်နိုင်သော ဝေဒနာခံ

စားခဲ့ရခြင်းကို သတိရနေစေပါသည်၊ သူသည် မိမိ၏ဝေဒနာခံစားခြင်းနှင့်အသေခံပေးခြင်းဖြင့် ကျွန်တော်တို့၏ ဝိညာဉ်များကို အနိမ့်ဆုံးနေရာငရဲမှနေ၍ ကယ်လွှတ်ပါသည်။ ထိုဝေဒနာခံစားခြင်းများဖြင့် သူသည် သူ၏လူတို့အတွက် ဘုရားသခင့်ရှေ့တော်မှောက်တွင်၊ သန့်ရှင်းသောကောင်းကင်တမန်များ၏ရှေ့တွင် ထာဝရဂုဏ်ကျက်သရေ ခံစားရမည့် နေရာတခုကို ရယူပေးပါသည်။ ထိုနေရာတွင် သူရှိနေမည်၊ ကျွန်တော်တို့လည်း သူနှင့်အတူရှိကြမည်၊ ထာဝရဂုဏ်ကျက်သရေနှင့် ကောင်းချီးခံရခြင်းကို ပျော်ရွှင်စွာ စံစားကြမည်ဖြစ်ပါသည်။

**ခရစ်တော်မြှုပ်နှံခြင်းအကြောင်း** (Christ's Burial)

ခရစ်တော်၏မြှုပ်နှံခံခြင်းကို ယေဘုယျအားဖြင့် သူ၏နိမ့်ကျတော်မူခြင်း၏အစိတ်အပိုင်းတခုအဖြစ် မှတ်ယူလေ့ရှိကြပါသည်။ ဘာကြောင့်ထိုသို့မှတ်ယူရသနည်းဆိုသည်ကို တမန် ၂း၂၄ က ပြောပြပါသည်။ အဘယ်ကြောင့်ဆိုသော် သူရှင်ပြန်ထမြောက်ပြီးမှသာ "သေခြင်း၏ဝေဒနာများ"ကို လွှတ်ပေးလိုက်ခြင်းဖြစ်ပါသည်။ ထိုအချိန်ထိ သူသည် "သေခြင်း၏အခြေအနေနှင့်သေခြင်း၏တန်ခိုးအောက်တွင်" ဆက်လက်၍ရှိနေခဲ့၍ဖြစ်ပါသည်။

သူမြှုပ်နှံခံရခြင်းသည် သူလုပ်ကိုင်သောအလုပ်အတွက် မရှိမဖြစ်သောအပိုင်းမှပါဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြှုပ်နှံခံရခြင်းဖြင့် သူသည် ကျွန်တော်တို့၏သေခြင်းနှင့်ဆိုင်သည်များအားလုံးကို အောင်မြင်ခဲ့ပြီဖြစ်ကြောင်း ပြသနေ၍ဖြစ်သည်။ သူသည် မြှုပ်နှံခြင်းကိုခံလျှက်၊ သင်္ချိုင်းအတွင်း၌ရှိနေခဲ့သဖြင့်သာ ကျွန်တော်တို့က "အိုသင်္ချိုင်း၊ သင်၏အောင်နိုင်ခြင်းကား အဘယ်မှနည်း?"ဟု ပြောနိုင်ကြခြင်းဖြစ်သည် (၁ကော ၁၅း၅၅)။ ကျွန်တော်တို့သည် သင်္ချိုင်းတွင်း၌ ပစ်ထားခြင်းခံကြရမည်မဟုတ်ဟု ယုံကြည်နိုင်ကြရခြင်းဖြစ်ပါသည် (ဆာလံ ၃၁း၁၂)။

ထို့အပြင် ခရစ်တော်၏မြှုပ်နှံခံရခြင်းမှ သူ၏ အပြစ်နှင့်သေခြင်းအပေါ် အောင်နိုင်ခြင်းကို စတင်ပြသခြင်းလည်းဖြစ်ပါသည်။ တမန်တော် ၂း၃၁ က ထိုအချက်ကို ဤသို့ပြောလျှက် ပြဋ္ဌန်းပါသည်၊ "သူ၏အသွေးအသားသည်လည်း ပျက်စီးယိုယွင်းခြင်းကို မတွေ့ရပါ။"

ထိုစကားလုံးများက ပြောနေသောအရာမှာ ခရစ်တော်၏ကိုယ်ခန္ဓာသည် သင်္ချိုင်းအတွင်း၌ ကျွန်တော်တို့၏ကိုယ်ခန္ဓာများ ပျက်စီးယိုယွင်းကြသလို ယိုယွင်းခြင်းမရှိပါဟု ပြောနေခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို တမန် ၁၃း ၃၆၊ ၃၇ က ခရစ်တော်နှင့်ဒါဝိတ်တို့၏ကွာခြားချက်ကို နှိုင်းယှဉ်လျှက် ပြောပြသွားပါသည်၊ (ဒါဝိတ်နှင့်သာမကပါ၊ လူတိုင်းနှင့်လည်း ခရစ်တော်သည် ကွာခြားလှပါသည်) "ဒါဝိဒ်သည် မိမိကာလ၌ ဘုရားသခင်၏ အလိုတော်ကို ဆောင်ရွက်ပြီးလျှင်၊ ကျိန်းစက်၍ မိမိဘိုးဘေးစုထဲသို့ဝင်သဖြင့် ပုပ်စပ်ခြင်းသို့ရောက်လေ၏။ ဘုရားသခင် ထမြောက်စေတော်မူသော သူမူကား၊ ပုပ်စပ်ခြင်းသို့ မရောက်။"

ထိုအမြင်ရှုထောင့်မှနေ၍ကြည့်လျှင် ခရစ်တော်၏ သင်္ချိုင်းအတွင်း သုံးရက်နေခြင်းက သူသည် လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းဖြင့် သေခြင်း၏တန်ခိုးအားလုံးကို အောင်နိုင်ပြီဖြစ်ကြောင်း ပြနေပါသည်။ အပြစ်အတွက် ပေးဆပ်ခြင်းဖြင့် ထိုသို့ပြုခဲ့ပါသည်။ ထိုအပြစ်ကို "သေခြင်း၏အဆိပ်"ဟုခေါ်ပါသည် (၁ကော ၁၅း၅၆)။ အပြစ်သာမပါလျှင် သေခြင်းနှင့်သင်္ချိုင်းတွင် ဘာတန်ခိုးမှ ရှိမည်မဟုတ်ပါ။ သေခြင်းက ခရစ်တော်ကို ထိန်းချုပ်မထားနိုင်ရခြင်းတွင် ထိုအချက်သည်လည်း တခုဖြစ်ပါသည် (တမန် ၂း၂၄)။ သူက သေခြင်းကို အလွန့်အလွန်အနိုင်ယူခဲ့သဖြင့် သေခြင်းက သူ၏သာမန်ယိုယွင်းစေခြင်းဖြင့်ပင် သူ့အပေါ် အကျိုးမသက်ရောက်နိုင်ခဲ့ပါ။

တမန် ၁၃း၃၇၊ ၃၈ တွင် ပေါလုက ခရစ်တော်သည် ပုပ်ပျက်ယိုယွင်းသွားခြင်းမရှိသောကြောင့် ကျွန်တော်တို့က အပြစ်မှခွင့်လွှတ်ခြင်းသည် သူ့အားဖြင့်ရှိနေကြောင်းကို သိနိုင်ကြပါသည်ဟု ပြောခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် သူ၏အလုပ်ပြီးဆုံးခဲ့ပြီ၊ ကျွန်တော်တို့အတွက်အပြစ်ဖြေခြင်းကို အပြည့်အဝပေးခဲ့ပြီဆိုသည်ကိုသဘောပေါက်ရန် သေခြင်းမှပြန်လည်ထမြောက်ချိန်အထိ စောင့်စရာမလိုတော့ပါ။ သူ၏မြှုပ်နှံခံခြင်းက ကြေညာနေပြီဖြစ်သည်။

ခရစ်တော်သည် မြှုပ်နှံခံသည်၊ သို့သော် ပုပ်ပျက်ယိုယွင်းမသွားခဲ့၊ ထို့ကြောင့် ကျွန်တော်တို့လည်း တနေ့သောအခါ မပုပ်ပျက်သောအဖြစ်သို့ရောက်မည်ဟု သေချာနိုင်ကြပါသည်၊ "ပုပ်ပျက်နိုင်သောအရာသည် မပုပ်ပျက်နိုင်ခြင်းကို ဝတ်ဆင်မည်ဖြစ်သည်။" ထိုအချိန်ရောက်သော် "သေခြင်းသည် အောင်နိုင်ခြင်း၌ ဝါးမြိုခြင်းကိုခံရပြီ"ဆိုသည့်ပြောစကား လက်တွေ့ဖြစ်လာပါမည် (၁ကော ၁၅း၅၃-၅၄)။

သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံသည်၊ ထို့နောက် သုံးရက်မြောက်နေ့တွင် သေခြင်းမှပြန်ထမြောက်သည်ဆိုခြင်းကို ကျွန်တော်တို့ မည်သည့်အခါတွင်မျှ မမေ့ရပါ။ ထို့အတူ သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် တင်ထားခံရသည်၊ သေသည်၊ ထို့နောက် မြှုပ်နှံခြင်းကိုခံသည်ဆိုခြင်းကိုလည်း ဘယ်တော့မှ မမေ့ရပါ။ ထို

နေရာတွင်လည်း ခရစ်တော်က မိမိသည် ကယ်တင်ရှင်ဖြစ်ကြောင်း ပြနေပါသည်။ အံ့ဩစရာကောင်းလှသော ကယ်တင်ရှင်ဖြစ်သဖြင့် သချိုင်း၏ယိုယွင်းစေသောတန်ခိုးဖြစ်သည့် ပုပ်ပျက်လာခြင်း၊ နံစော်ခြင်း၊ ရုပ်ပျက်ဆင်းပျက်ဖြစ်လာခြင်း စသည်တို့နှင့်ဆိုင်သည့် အောဂလီဆန်စရာကောင်းခြင်းတို့ကိုလည်း အောင်နိုင်ခဲ့ပါသည်။ သူသည် ကျွန်တော်တို့အတွက် အပြစ်၏ဝိညာဉ်ရေးရာပျက်စီးယိုယွင်းစေခြင်းများကို အဆုံးသတ်အပြည့်အဝ ခြေမှုန်းပေးပါ သည်၊ ထို့ကြောင့် သေသည့်အခါတွင်လည်း ကျွန်တော်တို့၏ခန္ဓာများသည်"ခရစ်တော်၌အိပ်ပျော်ခြင်း" သာဖြစ်သွား ပါမည်။

## ခရစ်တော်၏ထမြောက်ခြင်းအကြောင်း (Christ's Resurrection)

ခရစ်တော်၏သေခြင်းမှပြန်လည်ထမြောက်ခြင်းသည် သူ၏ချီးမြှောက်ခံရသောအခြေအနေ၏ပထမခြေလှမ်းဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် ကျွန်တော်တို့အားပြန်လည်ရွေးနုတ်ခြင်း၏ ကြီးမြတ်သောအလုပ်များ၏တခုသော လုပ်ကိုင်မှုလည်းဖြစ်ပါသည်။ ထမြောက်ခြင်းမပါလျှင် လက်ဝါးကပ်တိုင်ပင် မပြည့်စုံနိုင်ပါ။ ဘုရားသခင်၏နှုတ်က ပတ်တော်က ထိုအချက်ကို ၁ကော ၁၅း၁၇ တွင် သတိပေးထားပါသည်၊ "ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်း အကျိုးမရှိ၊ ဒုစရိုက်အပြစ်အောက်၌ရှိကြသေး၏။"

ထမြောက်ခြင်းသာမရှိလျှင် ကျွန်တော်တို့သည် မိမိတို့အပြစ်များထဲ၌သာ နည်းလမ်းနှစ်ခု၊ အကြောင်းအရာနှစ်ခုဖြင့် ဆက်ရှိနေကြဦးမည်ဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့အပြစ်များထဲတွင် ဥပဒေအရနှင့်တကယ့်အရှိတရားအရ ဆက်ရှိနေကြပါမည်။

ပထမ၊ ကျွန်တော်တို့သည် အပြစ်ထဲတွင် ဥပဒေအရ ဆက်ရှိနေဦးမည်ဆိုသည်မှာ ထမြောက်ခြင်းမရှိလျှင် ကျွန်တော်တို့ ဖြောင့်မတ်ခြင်းမရနိုင်ပါ၊ အပြစ်မှခွင့်လွှတ်ခံရခြင်းလည်း မရှိနိုင်ပါ။

အဘယ့်ကြောင့်နည်း? အဘယ်ကြောင့်ဆိုသော် ဖြောင့်မတ်ခြင်းဆိုသည်မှာ ဘုရားသခင်ကိုယ်တိုင်က တရားသူကြီးအနေနှင့် ဆောင်ရွက်ပေးသောအလုပ်ဖြစ်သည်။ သူက ကျွန်တော်တို့သည်ဖြောင့်မတ်သည်ဟု စီရင်ချက်ချမှတ်ရမည်ဖြစ်သည်။ ခရစ်တော်ကို သေခြင်းမှထမြောက်စေခြင်းဖြင့် ပြုလုပ်ပေးသည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် ခရစ်တော်က ကျွန်တော်တို့ကိုယ်စားပြုလုပ်ပြီးစီးစေသည့်အလုပ်ကို လက်ခံသည်၊ ဟုတ်မှန်သည်ဟု ဆုံးဖြတ်တော်မူသည်။ ထို့ကြောင့် ခရစ်တော်၏ထမြောက်ခြင်းဆိုသည်မှာ ထာဝရဖြစ်သော၊ မပြောင်းလဲသော ကောင်းကင်နှင့်မြေကြီးကို စီရင်သည့်တရားသူကြီးက ကျွန်တော်တို့၏ဖြောင့်မတ်ခြင်းကို တံဆိပ်ခတ်အတည်ပြုပေးခြင်းဖြစ်ပါသည်။

ယှုလိုတွေးကြည့်ပါ၊ လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်က "လုပ်စရာအားလုံးပြီးပြီ"ဟုပြောသည်၊ ဘုရားသခင်ကလည်း ခရစ်တော်ကို သေခြင်းမှထမြောက်စေခြင်းဖြင့် "လုပ်စရာအားလုံးပြီးပြီ"ဟု ထပ်ပြောလိုက်သည်။ ထိုသို့ဖြင့် ဘုရားသခင်က ကျွန်တော်တို့ကို သူ့ရှေ့တော်မှောက်တွင် ဖြောင့်မတ်သူများဟု ဥပဒေအရ သတ်မှတ်ပေးသည်။

ရောမ ၄း၅ ကပြောနေသည်မှာထိုအကြောင်းကိုပင်ဖြစ်သည်၊ ". . . . ငါတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း ထမြောက်တော်မူ၏။" ဤအကြောင်းကြောင့် ကျမ်းပိုဒ်အမြောက်အများက ဘုရားသခင်သည် ခရစ်တော်ကိုသေခြင်းမှ ထမြောက်စေတော်မူသည်ဟု ပြောပြနေခြင်းဖြစ်ပါသည်။

ဒုတိယ၊ ထမြောက်တော်မူခြင်းမရှိလျှင် ကျွန်တော်တို့သည် မိမိတို့အပြစ်များထဲ၌ တကယ့်ကိုပင် ရှိနေကြဦးမည်ဖြစ်သည်။ ခရစ်တော်သာ သေခြင်းမှပြန်မထမြောက်ခဲ့လျှင် ကျွန်တော်တို့ကို ယုံကြည်ခြင်းလက်ဆောင်ပေးမည့်သူ ရှိမည်မဟုတ်ပါ၊ ထိုယုံကြည်ခြင်းဖြင့် ရလာမည်ဖြစ်သော အပြစ်များမှခွင့်လွှတ်ခံရခြင်း၊ အပြစ်များမှကယ်လွှတ်ခံရခြင်းတို့ကို ပေးမည်သူ ရှိတော့မည်မဟုတ်ပါ။ ယခင်အတိုင်းသာ အပြစ်များထဲ၌ ဆက်လက်နေကြမည်ဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်တော်တို့၏အသက်ရှင်နေတော်မူသောသခင်အဖြစ် အပြစ်များမှခွင့်လွှတ်ခံရခြင်းနှင့် အပြစ်မှကယ်လွှတ်ခံရခြင်း နှစ်မျိုးစလုံးကို ပေးတော်မူပါသည်။ သူက ကျွန်တော်တို့ကို ငြိမ်းချမ်းခြင်းနှင့်သန့်ရှင်းခြင်း နှစ်မျိုးစလုံးကို ပေးတော်မူပါသည်။

သို့သော် ထိုအချက်များသည် ခရစ်တော်သေခြင်းမှထမြောက်ခြင်းကြောင့်ရလာသော ကောင်းချီးမင်္ဂလာအားလုံး မဟုတ်သေးပါ။ ထမြောက်ခြင်းဆိုသည်မှာ ကျွန်တော်တို့ ဘုရားသခင်ထံ ချည်းကပ်နိုင်ရသောအခွင့်လည်း ဖြစ်ပါသည်။ သေခြင်းမှ ပထမဆုံးမွေးဖွားလာသူအနေနှင့်(ဗျာ ၁း၅)၊ ခရစ်တော်သည် ဘုရားသခင့်ရှေ့တော်မှောက်သို့ ဝင်ရောက်ရာလမ်းကို၊ ဘုရားသခင်၏မျက်နှာသာပေးခြင်းသို့ ဝင်ရောက်ရာလမ်းကို ဖွင့်လှစ်ပေးသူဖြစ်လာပါသည်။ ၎င်းသည် သားဦးတိုင်း၊ ပထမဆုံးမွေးဖွားသူတိုင်း လုပ်ပေးသောအလုပ်ဖြစ်သည်၊ အခြားသောညီ၊ ညီမများ ထွက်လာရန် လမ်းဖွင့်ပေးခြင်းဖြစ်သည် (ထွက် ၁၃း၂၊ ယေဇ ၂၀း၂၆)။ ခရစ်တော်သည် ကျွန်တော်တို့အတွက် သေခြင်းမှ အသက်ရှင်ခြင်းသို့ သွားရာလမ်း၊ ဘုရားသခင့်ရှေ့တော်မှောက်သို့သွားရာလမ်းကို ဖွင့်ပေးပါသည်။

ထို့အပြင် ခရစ်တော်၏ထမြောက်ခြင်းက ကျွန်တော်တို့လည်း တနေ့တွင်ထမြောက်ဦးမည် ဆိုသည့်အမှန်တရားကို အာမခံချက်ပေးပါသည်။ သူ၏ထမြောက်ခြင်းနှင့် ကျွန်တော်တို့၏ထမြောက်ခြင်းသည် ခွဲမရအောင် တွဲနေပါသည်။ ပေါလုက ၁ကော ၁၅း၁၆၌ ထိုသို့ပြောထားသည်။ သူ အသက်ရှင်သောကြောင့်၊ ကျွန်တော်တို့လည်း ရှင်ကြပါမည်။

ထို့ကြောင့် ခရစ်တော်၏ထမြောက်ခြင်းသည် ကယ်တင်ခြင်းလုပ်ငန်းစဉ်တခုလုံး၏ နှလုံးသားနေရာတွင်ရှိနေပါသည်။ ကျွန်တော်တို့ ယုံကြည်သည်များအားလုံးကို လွှင့်မပစ်ဘဲ ထမြောက်ခြင်းကို ငြင်းပယ်၍ရမည်မဟုတ်ပါ။ ယုံကြည်လိုက်ပါ၊ ထိုအခါ ထာဝရအသက်ရှင်တော်မူသူကို ခံစားပျော်ရွှင်နိုင်မည်ဖြစ်သည်။ ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည်၊ သေခြင်းမှပြန်လည်ထမြောက်သည်ဟု ယုံကြည်သူသည် မည်သည့်အခါတွင်မျှ သေမည် မဟုတ်ပါ။

## ခရစ်တော်၏ကောင်းကင်သို့ထက်ခြင်းအကြောင်း (Christ's Ascension into Heaven)

ခရစ်တော်၏ကောင်းကင်သို့ထက်ခြင်းသည် သူ၏ချီးမြှောက်ခံရသော အခြေအနေ၏ ဒုတိယခြေလှမ်းဖြစ်သည်။ ကောင်းကင်သို့တက်ခြင်းသည် သူ၏ကယ်တင်ခြင်းလုပ်ငန်းစဉ်၏အရေးကြီးသောအစိတ်အပိုင်းဖြစ်ကြောင်း ထိုအကြောင်းအရာကို ကြိုတင်၍ အရိပ်သင်္ကေတန်ဖြင့်ဖေါ်ပြနေသော ဓမ္မဟောင်းကျမ်းစာကိုကြည့်ခြင်းဖြင့် သိနိုင်ပါသည်။ ၎င်းကို ဒါဝိတ်၏ ပဋိညာဉ်သေတ္တာအား ယေရုရှလင်မြို့သို့ ပြန်ယူလာခြင်းအဖြစ်အပျက်တွင် တွေ့ရပါသည်။

အနည်းဆုံး ဆာလံကျမ်း လေးနေရာ၌ ထိုအစ္စရေးတို့၏အရေးကြီးလှသောသမိုင်းအဖြစ်အပျက်ကို သီကုံးထားပါသည်။ ထိုသို့ဖြင့် ၎င်းအဖြစ်အပျက်က ခရစ်တော်၏ကောင်းကင်သို့ထက်ကြွခြင်းကို ကြိုတင်ဖေါ်ပြခြင်းဖြစ်ကြောင်း ရှင်းလင်းနေစေပါသည်။ အထူးသဖြင့် စိတ်ဝင်စားစရာကောင်းသည်မှာ ဆာလံကျမ်းက ခရစ်တော်၏သေခြင်းမှ ထမြောက်ခြင်းကို တိုတောင်းလှစွာသာ ဖေါ်ပြခြင်းဖြစ်သည်၊ ကျွန်တော်တို့အတွက်တော့ ထမြောက်ခြင်းသည် ကောင်းကင်သို့ တက်ကြွခြင်းထက် ပိုအရေးကြီးမည်ဟု ထင်မည်ဖြစ်သော်လည်း ဆာလံကတော့ ထိုသို့မထင်ပါ။

ပဋိညာဉ်သေတ္တာပြန်သယ်လာခြင်းအဖြစ်အပျက်ကို ဆာလံကျမ်းပိုဒ်များက ချီးမွမ်းထားခြင်းက၊ ခရစ်တော်၏ ကောင်းကင်သို့တက်ကြွခြင်းကို မည်သို့ ကြိုတင်အရိပ်သင်္ကေတန်နှင့်ဖေါ်ပြပါသနည်း? ပုံစံလေးမျိုးဖြင့်ဖြစ်သည်။

ပထမ၊ ပဋိညာဉ်သေတ္တာကို ယေရုရှလင်သို့ တောင်တက်ကာယူလာကြခြင်းဖြစ်သည် (သတိပြုရမည်မှာ ယေရုရှလင်မြို့သည် တောင်ပေါ်မြို့ဖြစ်သည်၊ ထိုမြို့သို့ တခုခုယူဆောင်သွားလျှင် တက်သွားရပါသည်)။ ထို့ကြောင့် ခရစ်တော် ကောင်းကင်သို့တက်သည်နှင့်သင်္ကေတန်တူပါသည် (၂ရာ ၆း၁၂၊ ဆာလံ ၆၈း၁၈၊ ၁၃၂း၈၊ ဧဖက် ၄း၈)။

ဒုတိယ၊ ဒါဝိတ်ခေတ်တွင် ပဋိညာဉ်သေတ္တာတော်သည် အချိန်အတော်ကြာ လှည့်လည်သွားလာရာမှ ၎င်း၏ အမြဲတမ်းနားနေရာအရပ်သို့ ဝင်ရောက်ခြင်းဖြစ်သည်။ (ပဋိညာဉ်သေတ္တာကိုယ်၌က ခရစ်တော်ကို ပုံဆောင် နေပါသည်၊ ပဋိညာဉ်သေတ္တာတော်အားဖြင့် ဘုရားသခင်သည် သူ့လူများနှင့်အတူနေတော်မူသည်၊ မိမိကိုယ်ကို သူ့လူများထံ ဖွင့်ပြတော်မူသည်၊ ထို့ကြောင့် ခရစ်တော်ကိုပုံဆောင်သည်)။ ထိုသို့ပင် ခရစ်တော်သည်လည်း သူ၏မြေကမ္ဘာပေါ် လုပ်ဆောင်ရမည့်တာဝန်များအပြီး၊ ကောင်းကင်သို့ တက်ခြင်းဖြင့် အနားယူတော်မူပါသည်။(ဆာလံ ၁၃၂း ၈၊ ၁၃၊ ၁၄၊ ဟေဗြဲ ၄း ၁၀)။

တတိယ၊ ပဋိညာဉ်သေတ္တာတော်ကို ယေရုရှလင်မြို့တော်သို့ သယ်ဆောင်လာခြင်းဖြင့်၊ ဒါဝိတ်သည်အစ္စရေးတို့၏ ရန်သူအားလုံးကို အောင်နိုင်ခဲ့ပြီဖြစ်ကြောင်း မိမိ၏ဘုရင်ဖြစ်ခြင်းကို အတည်ဖြစ်စေပါသည်။ ထိုသို့ပင် ခရစ်တော်သည်လည်း ကောင်းကင်သို့တက်ကြွခြင်းဖြင့် ဂုဏ်ကျက်သရေ ဂုဏ်ပြုခံရခြင်းတို့ဖြင့် ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်ဖြစ်ကြောင်း မိမိကိုယ်ကို ဖွင့်ပြတော်မူသည်၊ သူ၏ရန်သူများအားလုံး၊ ကျွန်တော်တို့၏ရန်သူများအားလုံးကို အောင်မြင်တော်မူပြီးဖြစ်သည်ဟု ပြောပြပါသည်။ (ဖိ ၂း၉-၁၁၊ ဆာလံ ၂၄း၇-၁၀၊ ၆၈း၁၊ ၁၈၊ ၂၃)။

စတုတ္ထ၊ ဒါဝိတ်၏အောင်မြင်ခြင်းများအားဖြင့်၎င်း၊ နောက်ဆက်တွဲလိုက်လာသည့် ရှောလမုန်၏ငြိမ်းချမ်းသော အုပ်စိုးမှုဖြင့်၎င်း ဘုရားသခင်သည် ဓမ္မဟောင်းကာလဂျူးတို့ထံ ခါနန်ပြည်နှင့်ပတ်သက်သည့် သူပြုခဲ့သောကတိတော်များကို ပြည့်မြောက်စေပါသည် (၃ရာ ၈း၅၆)။ ထို့အတူ ခရစ်တော်၏ ကောင်းကင်သို့တက်ခြင်းဖြင့် ဘုရားသခင်သည် ကျွန်တော်တို့ထံပေးသော ကတိတော်များကို ပြည့်စုံစေပါသည်၊ ခရစ်တော်သည် ကောင်းကင်ဘုံမှနေ၍ဝိညာဉ်တော်အားဖြင့် သူပြီးစီးစေခဲ့ပြီးသောအလုပ်၏အကျိုးအမြတ်များကို ကျွန်တော်တို့ထံ ပေးတော်မူပါသည် (ဆာလံ၆၈း ၁၉၊ ၁၃၂း၁၅၊ ၁၆)။

ထို့ကြောင့် ကောင်းကင်သို့တက်ခြင်းက ထမြောက်ခြင်းကို ပြည့်စုံစေသည်။ သူ၏တက်ကြွခြင်းတွင် ခရစ်တော်သည် သူပြီးစီးအောင်လုပ်ခဲ့သောအလုပ်၏အကျိုးအမြတ်များ၊ ဆုလဒ်များကို လက်ခံရရှိတော်မူလျှက်၊ ထမြောက်ပြီးသောအရှင်အဖြစ် ထိုအကျိုးရလဒ်များကို ကျွန်တော်တို့ထံ စတင်၍သွန်းလောင်းပေးသနားတော်မူပါသည်၊ ဒါဝိတ်က

ပင်ရှိညာဉ်သေတ္တာကို ယေရုရှလင်မြို့တော်သို့ရောက်စေပြီးသောအခါ၊ အစ္စရေးအနွယ်အားလုံးတို့ထံ လက်ဆောင်များကို ပို့ခဲ့သလိုဖြစ်ပါသည် (၂ရာ ၆း၁၆၊ ဆာလံ ၆၈း၁၈၊ ဧဖက် ၄း၈-၁၃)။

ထိုသို့ဖြင့် ခရစ်တော်၏ကောင်းကင်သို့တက်ခြင်းသည် ကျွန်တော်တို့လည်း ကောင်းကင်ဘုံတွင် သူနှင့်အတူရှိကြမည်ဆိုသည့် ဘုရားသခင်၏ကတိတော်ဖြစ်လာပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် ကျွန်တော်တို့ကိုယ်စား ကောင်းကင်သို့ တက်သွားသည်ဖြစ်၍၊ ကျွန်တော်တို့သည် ယခုကထဲကပင် သူနှင့်အတူ ကောင်းကင်နှင့်ဆိုင်သောနေရာများ၌ ထိုင်ရမည့်သူများအဖြစ် ပြင်ဆင်ခံရကြပြီးဖြစ်ပါသည် (ဧဖက် ၂း၆)။

ကျွန်တော်တို့သခင်၏ ကောင်းကင်သို့တက်ခြင်းသည် ကယ်တင်တော်မူခြင်းလုပ်ငန်းစဉ်၏ ပေါ့သေးသေးကိစ္စမဟုတ်ပါ၊ ထိုလုပ်ငန်းစဉ်၏ မရှိမဖြစ်အရေးကြီးလှသောအပိုင်းဖြစ်ပါသည်။ ၎င်းက ကျွန်တော်တို့ကို ဝမ်းမြောက်စွာဖြင့် ဤသို့ပြောဆိုစေပါသည်၊ "ဘုရားသခင်ကိုချီးမွမ်း၍ သီချင်းဆိုကြလော့။ သီချင်းဆိုကြလော့။ ငါတို့၏ရှင်ဘုရင်ကိုချီးမွမ်း၍ သီချင်းဆိုကြလော့။ သီချင်းဆိုကြလော့။- အကြောင်းမူကား၊ ဘုရားသခင်သည် မြေကြီးတပြင်လုံးကို အစိုးရသောမင်းဖြစ်တော်မူ၏။ ချီးမွမ်းခြင်းထောမနာသီချင်းကို ဆိုကြလော့။- ဘုရားသခင်သည် လူမျိုးတို့တွင်စိုးစံတော်မူ၏။ ဘုရားသခင်သည် သန့်ရှင်းသော ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူ၏။.....အကြောင်းမူကား၊ မြေကြီးတန်ခိုးများကို ဘုရားသခင်ပိုင်တော်မူ၏။ အထူးသဖြင့် ချီးမြှောက်ခြင်း ရှိတော်မူ၏။" (ဆာလံ ၄၇း၅၊၆၊၉)

## ခရစ်တော်၏ဘုရားသခင့်လက်ျာဖက်၌ထိုင်တော်မူခြင်းအကြောင်း (Christ Seated at God's Right Hand)

ခရစ်တော်၏ချီးမြှောက်ခံရတော်မူခြင်းအခြေအနေ၏ တတိယခြေလှမ်းမှာ ဘုရားသခင်၏ညာဖက်တွင် ထိုင်တော်မူခြင်းဖြစ်ပါသည်။ ကျမ်းစာက ထိုအရာသည် ကောင်းကင်သို့တက်သွားအပြီးတွင်ဖြစ်သည်ဟု ပြောပါသည် (ဧဖက် ၁း၂၀)။ ၎င်းသည်လည်း ခရစ်တော် ကျွန်တော်တို့၏ကယ်တင်ရှင်နှင့်ကြားဝင်ဖြန်ဖြေပေးသူအဖြစ် ကျွန်တော်တို့အတွက် လုပ်ပေးတော်မူသော ကယ်တင်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။ ခရစ်တော်သည် မိမိ၏ဇာတိသဘာဝအရ ဘုရားသခင်ဖြစ်တော်မူသဖြင့်၊ သူ၏ ဘုရားသခင့်ညာဖက်တွင် ထိုင်ခြင်းဆိုသည်မှာ လူသားဇာတိနှင့်ဆိုင်၍ ပြောဆိုခြင်းဖြစ်ပါသည်။ ကျွန်တော်တို့၏အသွေးအသားထဲ၌၊ လူသားအနေနှင့် သူသည် သေခြင်းမှထမြောက်သည်၊ ကောင်းကင်သို့ တက်သည်၊ ထို့နောက် ယခုချိန်တွင် ခမည်းတော်၏ညာဖက်၌ရှိနေတော်မူသည်။

ဘုရားသခင့်ထံတော်၌ "ကိုယ်ခန္ဓာ၊ အစိတ်အပိုင်းများ၊ တပ်မက်ခြင်းများ"မရှိကြောင်း ကျွန်တော်တို့ သိကြပါသည်။ ထို့ကြောင့် သူ့ထံတွင် ကိုယ်ခန္ဓာနှင့်ဆိုင်သော ညာဖက်အရပ်ဆိုသည်မျိုး မရှိနိုင်ပါ။ ကျမ်းစာအရ တန်ခိုးအာဏာကြီးမားသူတဦးဦး၏ ညာဖက်နေရာဆိုသည်မှာ ဂုဏ်ပြုခံရသောနေရာ၊ အာဏာရှိသောနေရာ၊ ကောင်းချီးခံရာနေရာ ဖြစ်သည်ဟု သိရပါသည် (ကမ္ဘာ ၄၈း၈-၂၂၊ ၃ရာ ၂း၁၉၊ မဿဲ ၂၅း၃၃-၃၄)။ ထို့ကြောင့် ခရစ်တော်သည် ဘုရားသခင်၏ညာဖက်တွင် ထိုင်နေသည်ဟုပြောသည့်အခါ၊ သူသည် အမြင့်ဆုံးသောဂုဏ်ပြုခံနေရာ၊ ဂုဏ်ကျက်သရေနှင့် တန်ခိုးအာဏာရှိခြင်းနေရာ၌ ချီးမြှောက်ခံရသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ညာဖက်တွင် သူသည် သခင်တို့၏သခင်၊ ဘုရင်တို့၏ဘုရင် ဖြစ်တော်မူသည်။

ထိုနေရာတွင် သူထိုင်နေသည်ဆိုသည်မှာ သူ၏ ဘုရင်ဖြစ်ခြင်း ဘုန်းအသရေနှင့် တန်ခိုးအာဏာကို ဖေါ်ပြခြင်းဖြစ်သည်။ ဘုရားသခင်၏ညာဖက်တွင် ထိုင်သည်ဆိုသည်မှာ သူ၏ကြီးကျယ်ခန်းနားခြင်းအခြေအနေတွင် စံမြန်းနေခြင်းကို ပြောနေခြင်းဖြစ်သည်။ သူကို ရှင်ဘုရင်အဖြစ် ဘုရားသခင်ကိုယ်တိုင်က ခန့်အပ်ခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏တန်ခိုးသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။ ကျမ်းစာတပိုဒ်တွင် ခရစ်တော်သည် ဘုရားသခင်၏ညာဖက်တွင် ရပ်နေသည်ဟု ဖေါ်ပြပါသည် (တမန် ၁၅း၅၅)။ အဓိပ္ပါယ်မှာ သူသည် မိမိလူများအတွက် ဂုဏ်ကျက်သရေအပြည့်နှင့် ပြန်လာဖို့ရန် အဆင်သင့်ရှိနေပြီ၊ သူတို့၏အသွေးများအတွက် လက်စားခြေပေးမည်။ ပုံမှန်အားဖြင့် ကျမ်းစာတွင် သူသည် ထိုနေရာတွင် ထိုင်နေသည်ဟုသာ ဖတ်ရပါသည်။ သူသည် ထိုနေရာတွင် ထိုင်မြဲထိုင်နေတော်မူပါမည်၊ နောက်တခါ သူ့လူများအတွက်ပြန်လာဖို့ မတ်တပ်ထချိန်၊ သူ့လူများကို သူ့ထံသို့ခေါ်ချိန်ထိ ထိုင်နေတော်မူပါမည်။

ထိုဂုဏ်ပြုခံရခြင်းနှင့်ဘုန်းကျက်သရေတို့သည် သူ၏ပြီးမြောက်ခဲ့သောအလုပ်အတွက် ရရှိသော ဆုလဒ်များ ဖြစ်ပါသည်။ ခမည်းတော်က ပေးမည်ဟု အစကထဲက ကတိပေးခဲ့သော ဆုလဒ်များဖြစ်ပါသည် (ဖိ ၂း၉၊ ဟေဗြဲ ၁း ၃)။ သို့သော် ထိုအရာများလုံးကို သူရရှိခြင်း၊ ချီးမြှောက်ခံရခြင်း၊ ဂုဏ်ပြုခံရခြင်း စသည်များအားလုံးသည် သူ၏လူသားဇာတိသဘာဝဖြင့် ခံတော်မူခြင်းဖြစ်သည်ကို သတိမမေ့ကြဖို့တော့လိုပါသည်။ ထိုအရာများကို ဘုရားသခင်၏ သားတော်အနေနှင့် သူမလိုအပ်ပါ၊ ချီးမြှောက်ဖို့လဲ မဖြစ်နိုင်ပါ(ချီးမြှောက်ခံရခြင်း၌ အမြဲနေသော သားတော်ဘုရားဖြစ်သည်)၊ သို့သော် လူသားအနေနှင့် သူသည် ကျွန်တော်တို့၏ကိုယ်စား ချီးမြှောက်ခံရခြင်းဖြစ်ပါသည်။

ရရှိသော ဂုဏ်ပြုခံရခြင်း၊ ဂုဏ်ကျက်သရေ၊ တန်ခိုးနှင့် ကောင်းချီးမင်္ဂလာများကို သူသည် သူ့လူများဖြစ်သော ကျွန်တော်တို့အတွက် ခံယူပေးခြင်းဖြစ်ပါသည်၊ သူ၏ဝိညာဉ်တော်သွန်းလောင်းခြင်းနှင့်အတူ ၄င်းတို့ကို ကျွန်တော်တို့ထံသို့ ပေးတော်မူနေပါသည်။ ထိုအချက်သည် ပင်တေကုတ္တေနေ့တွင် ပေတရုပြောနေသောအရာဖြစ်ပါသည်၊ "ထိုသို့ ဘုရားသခင်သည် လက်ျာလက်တော်နှင့်ချီးမြှင့်တော်မူသဖြင့်၊ ထိုသခင်သည် ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီဖြစ်၍ သင်တို့သိမြင်ကြားရသောအရာကို ညွှန်းလောင်းတော်မူ၏။"(တမန် ၂း၃၃)

သို့သော် ထိုတူညီသော ဘုန်းကျက်သရေ၊ တန်ခိုးအားဖြင့် သူသည် သူလက်ခံရသည်များကို ကျွန်တော်တို့ထံ ပေးယုံသာပေးသည်မဟုတ်ပါ၊ လက်ခံနိုင်ရန် ကျွန်တော်တို့၏နှလုံးသားများကိုလည်း ပြင်ဆင်ပေးပါသည်၊ ကျွန်တော်တို့ကို သူ၏အသင်းတော်သို့ စုစည်းပါသည်၊ အိပ်ခန်းကြီးများ များစွာရှိသည့် ခမည်းတော်၏အိမ်ကြီးရခိုင်၌ ကျွန်တော်တို့ နေထိုင်ဖို့ရန် နေရာများကို ပြင်ဆင်ပေးပါသည်၊ ကျွန်တော်တို့၏ရန်သူများအားလုံးကိုလည်း နှိမ်နှင်းပေးပါသည်။ ထို့အပြင် ခမည်းတော်၏ညာဖက်မှနေ၍ ခမည်းတော်ထံ ကျွန်တော်တို့အတွက် အမြဲ ဆုတောင်းပေးပါသည် (ကြားဝင်ပေးပါသည်)။ သူ၏ညာဖက်၌ထိုင်တော်မူသော သူ၏ချစ်လှစွာသော သားတော်ကြောင့်သာမဟုတ်လျှင် ခမည်းတော်သည် ကြားတော်မူမည်(အသိအမှတ်ပြုတော်မူမည်)မဟုတ်ပါ။

ခရစ်တော်၏တက်ကြွခြင်းကိုတွေးလျှက် ကျွန်တော်တို့ ယခုလိုပြောကြရပါမည်၊ "ထိုသူကို အစိုးရသောအရှင်အရာ၌၎င်း၊ ကယ်တင်သော သခင်အရာ၌၎င်း၊ ဘုရားသခင်ခန့်ထား၍ မိမိလက်ျာလက်တော်နှင့် ချီးမြှင့်တော်မူပြီ။" (တမန် ၅း၃၁)

## ခရစ်တော်၏ဒုတိယအကြိမ်ပြန်လာခြင်းအကြောင်း (Christ's Second Coming)

ခရစ်တော်၏ ချီးမြှောက်ခံရခြင်း၏ နောက်ဆုံးခြေလှမ်းမှာ သူ၏နောက်တကြိမ် ပြန်လာခြင်းဖြစ်ပါသည်။ ခရစ်တော် ပြန်လာမည့်အချိန်၊ ဖြစ်ပျက်မည့်အကြောင်းများသည် ခရစ်ယာန်တို့အကြား အတော်အငြင်းပွားရသောအချက်ဖြစ်သည်။ သို့သော် သူပြန်လာခြင်းသည် သူ့ကိုချစ်ရသူတိုင်းအတွက်၊ သူ့ထံမှကယ်တင်ခြင်းကို ရသူတိုင်းအတွက် မျှော်လင့်ချက်ဖြစ်သည်ကိုတော့ ဘာမှသံသယရှိစရာမလိုအပ်ပါ။

သူ၏ပြန်လာခြင်းသည် ကျွန်တော်တို့ချစ်ရသူကို မျက်နှာချင်းဆိုင်တွေ့ရခြင်းဟု အဓိပ္ပါယ်ရပါမည်။ နှစ်ပေါင်းနှစ်ထောင်မက သူသည် အဝေးတွင်ရှိနေပါသည်။ သူပြန်လာချိန်မှသာ ကျွန်တော်တို့ သူ့ကိုတွေ့ရပါမည်။

ခရစ်တော်ပြန်လာချိန်တွင် သူနှင့်ကျွန်တော်တို့၏ဆက်ဆံရေးသည် အဆုံးသတ်ပြည့်စုံခြင်းသို့ရောက်ပါမည်။ ထိုအခါ သိုးသငယ်နှင့်သူ၏သတို့သမီး၊ အသင်းတော်တို့၏ မင်္ဂလာဆောင်စားပွဲကြီး စတင်မည်ဖြစ်သည်။ သူသည် သူ့အသင်းတော်ကို သူ့ထံသို့ယူဆောင်မည် (ဗျာ ၁၉း၆-၉)။

ထိုအခါအသင်းတော်သည် ကွဲပြားမှုမရှိတော့ဘဲ ပေါင်းစည်းကြမည်ဖြစ်သည်၊ တဦးနှင့်တဦးကြား ခြားနားနေသောပင်လယ်များ ရှိတော့မည်မဟုတ်ပါ (ဗျာ ၂၁း၁)။ အရာခပ်သိမ်း တစ်ခုအဖြစ်သို့ သူ့ထံတွင် စုစည်းမည်ဖြစ်သည် (ဧဖက် ၁း၁၀)။

ထိုနေ့တွင် အရာအားလုံး အသစ်ဖြစ်လာမည်၊ ပြောင်းလဲသွားကြမည်။ ကောင်းကင်များအသစ်၊ မြေကြီးများလည်းအသစ်၊ ထိုနေရာတွင် ဖြောင့်မတ်သူများနေထိုင်ကြမည် (၂ပေ ၃း၁၃)။ အပြစ်၏အကျိုးသက်ရောက်မှုများ၊ ကျိန်ခြင်းများ အားလုံးပျောက်သွားမည်။ ပါရာဒိုက်စ်သည် ကျွန်တော်တို့အတွက်ပြန်ဖြစ်လာမည်။ အရင်ကရှိခဲ့ဘူးသည့် (အာဒံ၊ ဧဝတို့၏)ပါရာဒိုက်စ်တော့ မဟုတ်ပါ၊ ကောင်းကင်နှင့်ဆိုင်သော ပါရာဒိုက်စ်(အသစ်)ဖြစ်သည်။

ထို့နောက် မိမိလူများနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်သည်လည်း အဆုံးသတ်ပြည့်စုံမည်၊ ထာဝရပြည့်စုံသွားမည်။ ခရစ်တော်၌ "ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်။" (ဗျာ ၂၁း၃) ၄င်းသည် ပြည့်စုံသောပဋိညာဉ်အသက်ရှင်မှုဖြစ်သည်။

ခရစ်တော်ပြန်လာသောအခါ၊ ကျွန်တော်တို့မျက်မှောက်ဘဝတွင် ခံစားနေကြရသော ဝမ်းနည်းခြင်းများ၊ ဝမ်းနည်းခြင်းများ၊ ဝမ်းနည်းခြင်းများ၊ ဝင်္ဆင်းရဲများသည် ကုန်ဆုံးသွားကြမည်ဖြစ်သည်၊ "ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသော အရာတို့သည် ရွေ့သွားကြပြီ။"(၄)

ထို့ထက်အရေးကြီးသည်မှာ ခရစ်တော်ပြန်လာသောအခါ အပြစ်ရှိတော့မည်မဟုတ်ခြင်းဖြစ်သည်။ နတ်ဆိုးနှင့်သူ၏အမှုကို ဆောင်ရွက်ကြသူများအား ငရဲသို့ချလိုက်ပြီး၊ ကျွန်တော်တို့၏ မျက်မှောက်ဘဝ အပြစ်ပြုခြင်းများ အဆုံးသတ်သွားမည်ဖြစ်သည်။ မည်မျှကြီးမြတ်သောနေ့ဖြစ်မည်နည်း?

**အမှန်ပြောရလျှင် ဘုရားသခင်၏လူတို့အတွက် အပြစ်ပြုနိုင်စရာရှိသည် ဆိုသည့်အရာပင် ရှိတော့မည် မဟုတ်ခြင်းဖြစ်သည်။** “သို့သော်လည်း၊ ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတံ့”**(၁ယော ၃း၂)။ ကျွန်တော်တို့၏ ဆိုးယုတ်သောခန္ဓာကိုယ်များသည်ပင် ပြောင်းလဲသွားမည်၊ အလွန်ဂုဏ်ကျက်သရေရှိသော ခန္ဓာကိုယ်များအဖြစ် ပြောင်းသွားကြပါမည် (ဖိ ၃း၂၁)။**

**ထို့အပြင် ဘုရားသခင်၏ မိမိလက်ဖြင့်လုပ်သမျှအားလုံးတွင် မိမိကိုယ်ကိုချီးမြှောက်ခြင်း ရည်ရွယ်ချက်သည်လည်း ပြီးပြည့်စုံသွားမည်ဖြစ်သည်။ ခရစ်တော်ပြန်လာသောအခါ၊ ဘုရားသခင်ကိုချစ်သောသူအားလုံးသည် မိမိတို့အတွက်၊ မိမိတို့ဘုန်းအသရေအတွက်သာ တွေးကြတော့မည်မဟုတ်ပါ၊ ဘုရားသခင်၏ဘုန်းသရေအတွက်လည်း တွေးကြတော့မည်ဖြစ်သည်။ ခရစ်တော်ပြန်လာသောအခါ သူသည် သူ့နိုင်ငံကို ခမည်းတော်ထံ အပ်နှံမည်၊ ထိုအခါ ဘုရားသခင်သည် အရာခပ်သိမ်း၏အရာခပ်သိမ်းဖြစ်လာမည်ဖြစ်သည်။**

**မည်မျှခန်းနားသော မျှော်လင့်ခြင်း ဖြစ်ပါသနည်း? သင့်မျှော်လင့်ခြင်း ဟုတ်ပါသလော?**